www.burmeseclassic.com

မောင်လှမျိုး(ချင်းချောင်းခြံ)

# ခွေးကျင့်ခွေးကြံ

နှင့်

ရင်တွင်းဖွဲ့ရသဝေဒနာများ

www.burmeseclassic.com

www.burmeseclassic.com

စီစဉ်သူ- ကျော်လင်းလင်း(ငြိမ်းချမ်းရေးအလယ်လမ်း-စာပေ)

Ph- 09-5045401

ငြိမ်းချမ်းရေးအလယ်လမ်း-စာပေ အတွက်

UNION PUBLISHING HOUSE မှ

ဖြန့်ချိသည်။

Ph- 09-5158462

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ခြင်း - ၂၀၁၅-အောက်တိုဘာလ(ပထမအကြိမ်)
မျက်နှာဖုံးဒီဇိုင်း - နွယ်ဦးလှိုင်
အတွင်းဖလင် - A-7 Group
ကွန်ပျူတာစာစီ - Sun Top
ပုံနှိပ်သူ - ဒေါ်ကျင်ယုံ(၀၀၀၅၃)
ကောင်းစံပုံနှိပ်တိုက်
အမှတ်(၂၇၉/ခ)(၄၀)လမ်း၊
(၉)ရပ်ကွက်၊ကျောက်တံတားမြို့နယ်
ထုတ်ဝေသူ - ယဉ်မျိုး- စာအုပ်တိုက်(၀၁၁၇၆)
(၉)ရပ်ကွက်၊(၄၀)လမ်း၊
အမှတ်(၂၇၄/B)၊
ကျောက်တံတားမြို့နယ်
ဖြန့်ချိရေး - UNION PUBLISHING HOUSE
အုပ်ရေ - ၅၀၀
တန်ဖိုး - ၂၀၀၀ ကျပ်

မောင်လှမျိုး-ချင်းချောင်းခြံ
ခွေးကျင့်ခွေးကြံနှင့်ရင်တွင်းဖွဲ့ရသဝေဒနာများ
ယဉ်မျိုးစာအုပ်တိုက်
၂၂၄-စာ၊ ၁၃ ·၄· x၂၀ ·၉၆ စင်တီ၊


# ခွေးကျင့်ခွေးကြံ

(နှင့်)

[ရင်တွင်းဖွဲ့ ရသဝေဒနာများ]

မောင်လှမျိုး (ချင်းချောင်းခြံ)

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


- ခွေးဗိုလ်ကြီး
- ခွေးသူခိုး
- ခွေးဇာတ်
- ခွေးဝဲစား
- ခွေးတိုးပေါက်
- ခွေးမြီးကွေး
- ခွေးလည်ပတ်
- ခွေးစားခွက်
- ခွေးကျင့်ခွေးကြံ
- ခွေးကြောက်သူများ
- စစ်ခွေး
- ခွေးခြေထောက်က ....ဆူး
- ခွေးမျက်မှန်
- ခွေးအ
- မျောက်လက်ထဲက....သေနတ်


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# ခွေးဗိုလ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

(၁)

အဲဒီ ချွေးလေ ချွေးလွင့် အကုန်လုံးက၊ ချွေးဗိုလ်ကြီးရဲ့ စကားက, လွဲလို့၊ ဘယ်သူ့စကားမှ၊ နားမထောင်တတ်ကြဘူး။ ချွေးဗိုလ်ကြီး မရှိရင်ဘဲ၊ သူတို့ရဲ့ အုပ်ထိန်းသူ မရှိတော့သလို၊ တစ်ရွာလုံး ပတ်ပြီး၊ သောင်းကျန်းနေတော့တာပါပဲ။

မီးဖိုဆောင်ထဲဝင်မွှေလို .. မွှေ၊ ခရမ်းသီးလေး၊ မုန်လာဥလေးလှန်းထားတာကို၊ အသားငါးထင်ပြီး၊ ဝင်ဆွဲလို .. ဆွဲ၊ ဆွမ်းခံဘုန်းကြီးမှန်းမသိ,ကျောင်းဆရာမှန်းမသိ; တွေ့တဲ့သူ လိုက်ကိုက်လို့ .. ကိုက်။

www.burmeseclassic.com

www.burmeseclassic.com



အင်း . . ၊ ခင်းတို့ မကိုက်တာဆိုလို့၊ ထန်းရေသမား၊ အရက်သမား၊ အမူးသမားတွေပဲရှိတယ်။ အတော်တော့ ထူးဆန်းသား။ အမူးသမားဆို၊ ဘယ်လို အမူးသမားဖြစ်ဖြစ်၊ အဲဒီ ခွေးလေ ခွေးလွင့်တွေက၊ မကိုက်ဘူး။ မကိုက်တဲ့အပြင်၊ အမူးသမား နောက်က,နေ၊ အမြီးတွေနှံ့ပြီး၊ တကောက်ကောက်လိုက်သွားကြတော့တာပါပဲ။

အဲဒီလို၊ လိုက်သွားကြရင်းက၊ ရွာလမ်းပေါ်မှာ၊ ဘယ်သူ့ကို တွေ့တွေ့၊ ထိုးဟောင်တော့တာပဲ။ အဟောင်ခံရလို့၊ ကြောက်ပြီးပြေးတဲ့ သူက,တော့၊ အကိုက်ခံရပြီသာမှတ်။ ကျောင်းသားကျောင်းသူတွေကိုလည်း၊ ကိုက်လိုက်ကြတာပဲ၊ သူနာပြု ဆရာမ,လေးတွေကိုလည်း။ကိုက်လိုက်ကြတာပဲ၊ လက်ထဲ တုတ်ကိုင်ထားတဲ့ သူကိုတောင်၊ တော်တန်ရုံသူတို့ မမှုဘူး။ တခြား အမူးသမားက၊ ဟဲ့ကောင်တွေ . . လို့၊ ဘယ်လိုဟန့်တန့်၊ သူတို့ မလိုက်နာဘူး။

အဲ . . ၊ သူတို့ရဲ့ . . ခွေးဗိုလ်ကြီးက ဟန့်မှသာ၊ သူတို့ နာခံတတ်ကြတာတဲ့လား။ (သူတို့ရဲ့၊ ခွေးဗိုလ်ကြီးက၊ အရက်သမား . . ဆိုတော့၊ အရက်သမားတွေကိုတော့၊ မကိုက်ဘူးပေါ့။ ဒါပေမဲ့ . . အမိန့်နာခံတာက,တော့၊ သူတို့ ခွေးဗိုလ်ကြီးရဲ့ အမိန့်တို့မှ၊ နာခံတတ်



ကြတယ်)။

✪

ခွေးဗိုလ်ကြီးရဲ့ နာမည်အရင်းက၊ ဦးပေါ်မောင် . . တဲ့။ ဒါပေမဲ့ . . တစ်ရွာလုံးက(သူ့ရွယ်တူတွေက)ပေါ်ကြောင် . . လို့ ခေါ်ကြသတဲ့။ များသောအားဖြင့်တော့၊ ခွေးဗိုလ်ကြီး . . လို့ အခေါ်များကြတာပါပဲ။

တစ်ရွာလုံးက၊ ခွေးလေ ခွေးလွင့်မှန်သမျှကို၊ အဲဒီ ဦးပေါ်ကြောင်က၊ (အဲ့ . . လေ။ ဦးပေါ်မောင်က)၊ ကျွေးမွေးစောင့်ရှောက်ထားသတဲ့။ တခြားသူတွေလည်း . . ကြုံရင် ကြုံသလို၊ ကျွေးကြတာပါပဲ။ သို့သော် . . သူတို့ရဲ့၊ ခွေးဗိုလ်ကြီး၊ ဦးပေါ်မောင်ကိုပဲ၊ အမြီးတနံ့နံ့နဲ့ ခင်နေကြတယ်လေ။ ဘာကြောင့်လဲဆိုတော့၊ ခွေးဗိုလ်ကြီး ဦးပေါ်မောင်က၊ သူတို့ကို၊ အစားအစာ ကျွေးတဲ့အပြင်၊ အရက်ပါ တိုက်တိုက်ထားတာကိုး။

အရက်သမား ခွေးဗိုလ်ကြီးက၊ သူရဲ့ ခွေးလေခွေးလွင့်တွေကို၊ တန်းစီ . . လို့ ပြောလိုက်ရင်တောင်၊ တညီတညာတည်း တန်းစီတတ်ကြတာ။ ခွေးဗိုလ်ကြီးရဲ့ အမိန့်က လွဲပြီး၊ တခြား ဘယ်သူ့စကားကိုမှ၊ မလိုက်နာတတ်တဲ့၊ အဲဒီခွေးလေ ခွေးလွင့်

www.burmeseclassic.com

www.burmeseclassic.com



တွေရဲ့၊ ဒုက္ခပေးမှုကို၊ (သူတို့ရဲ့၊ ခွေးပိုလ်ကြီး မရှိချိန်မှာ) တစ်ရွာလုံး၊ ခံနေကြရတယ်လေ။

✪

(၂)

ကျုပ်တို့ ဓလေ့က၊ ရပ်ထဲ ရွာထဲ၊ ဘယ်သတ္တဝါကိုမှ၊ သတ်ဖြတ်ခွင့်မရှိတဲ့၊ ဓလေ့ဆိုတော့၊ အဲဒီခွေးလေ ခွေးလွင့်တွေကို၊ ရှင်းပစ်ဖို့ဆိုတာ၊ အခက်သားလား။

ရွာဦးကျောင်း ဆရာတော်က၊ ခွေးဗိုလ်ကြီး ဦးပေါ်မောင်၊ ခွေးတွေကို၊ အရက်တိုက်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး၊ "မလုပ်ကောင်းဘူးကွဲ့" . . ဆိုတဲ့၊ ဩဝါဒသာ ပေးခဲ့ဖူးသတဲ့။ ရွာသူကြီးက,လည်း၊ ရွာဦးကျောင်း ဆရာတော်ရဲ့၊ တပို့ယတပည့် မေတ္တာဝါဒီပီပီ၊ ရန်နဲ့ ငေါ်ငေါ် မပြောခဲ့ပါဘူး . . တဲ့။

ဒါက . . လူကြီးတွေရဲ့၊ အခြေအနေလေ။

ကျုပ်တို့ လူငယ်တွေက,တော့၊ ရပ်ရွာကို၊ ဒုက္ခပေးပြီ . . ဆိုရင်၊ ဘယ်သူပဲ ပေးပေး၊ ခွေးပဲ ပေးပေး၊ လူပဲ ပေးပေး သတ်ပစ်လိုက်ချင်တာပဲ။



"နီတာ၊ မင်းတို့ . . ခွေးတွေကို၊ သတ်ဖို့ ဖြတ်ဖို့ မလုပ်ကြနဲ့နော်၊

ဆရာတော် သိလည်း၊ စိတ်ကောင်းမှာ မဟုတ်ဘူး"

ဒါက . . သူကြီး ဦးရွှေကြုတ်ရဲ့ . . စကား။

ကျုပ်က၊ ကျုပ်တို့ ရွယ်တူ လေးငါးယောက်ရဲ့ ကိုယ်စား၊ သူကြီးနဲ့ စကားဆိုင်ရတာလေ။

"ခွေးတွေက၊ လူတွေကို၊ လိုက်လိုက်ကိုက်နေတာ၊ ဒုက္ခပေါင်းစုံ ပေးနေတာကိုလည်း၊ ဆရာတော် စိတ်ကောင်းမှာ မဟုတ်ဘူးလေ . . သူကြီးရဲ့၊

အဲဒါကြောင့်၊ ဆရာတော် မသိအောင်၊ ကျုပ်တို့ဘာသာ၊ ရှင်းပစ်လိုက်မှာပါ။

သူကြီးက,သာ၊ မသိချင်ယောင်ဆောင်နေစမ်းပါ"

"ပေါ်မောင် မြို့တက်သွားတာ၊ ပြန်ရောက်တော့မှာပါ၊ သူ့ခွေးတွေ၊ သူထိန်းသိမ်းမှာပေါ့။"

www.burmeseclassic.com

www.burmeseclassic.com



သူမရောက်ခင်သာ၊ ငတို့တွေက၊ ရွာထဲသွားရင်၊တုတ်တလေး၊ ဟိုရမ်း၊ ဒီရမ်းနဲ့၊ သွားကြတာပေါ့"

"တလေးတွေ အကိုက်ခံရတာ များနေပြီ သူကြီး ကျုပ်က,တော့၊ အမဲတုံးနဲ့ဖြစ်ဖြစ်၊ သတ်ပစ်လိုက်ချင်ပြီ"

"ဪ . . ။နီတာရယ် . . ! မင်းတို့က၊ ခွေးနဲ့မှ ပြိုင်ကိုက်ချင်သကိုးကွ"

ကျုပ်တို့က လူငယ်ဆိုပေမယ့်၊ ခွေးနဲ့ပြိုင်ကိုက်တဲ့ သူတွေ . . ၊ မဖြစ်ချင်ပြန်တော့၊သူကြီးစကားကိုသာ၊ လိုက်နာ လိုက်ကြတော့တာပေါ့။

✪

ခွေဗိုလ်ကြီး ဦးပေါ်မောင်၊ မြို့က ,ပြန်မရောက်မချင်း၊ အဲဒီခွေးလေး ခွေးလွှင့်တွေကို၊ မာန်လိုက် မဲလိုက် ခြောက်လိုက် လှန့်လိုက်နဲ့သာ၊ နေနေကြရတော့တယ်။

သူတို့သခင်၊ ခွေးဗိုလ်ကြီးရဲ့ အမိန့်ကိုသာ၊ နာခံတတ်တဲ့၊ ဒီ . . ခွေးတွေကို၊ အသည်းတယားယားနဲ့၊ ကျုပ်တို့ ကြည့်နေကြရ



တယ်။(ကျုပ်တို့က, ခွေးနဲ့လည်း၊ ပြိုင်မကိုက်ချင်ပြန်ဘူးလေ)။

"ကိုက်တတ်တဲ့ ခွေးကို၊ လမ်းဖယ်ပေးလိုက်တာဟာ၊ အကိုက်ခံရတာထက်စာရင်၊ တော်ပါသေးတယ်" . . ဆိုတဲ့၊ အမေရိကန် သမ္မတဟောင်းတစ်ယောက်ရဲ့၊ စကားကိုသာ၊ ဒီနေရာမှာ၊ ကျုပ်တို့၊ အသုံးချရပေတော့မယ်၊

✪

(၃)

အရက်သမား(ခွေးဗိုလ်ကြီး)ဦးပေါ်မောင်ကို၊ သူ့ခွေးတွေ . . ဆိုးရွားပုံအကြောင်း၊ တစ်ရွာလုံးက၊ ဝိုင်းပြောကြတာပေါ့။ ကွမ်းတြေးတွေတက်နေတဲ့ သွားကျဲကြီးတွေ . . အဖြီးသားနဲ့၊ နားထောင်နေတဲ့၊ ဦးပေါ်မောင်က၊ သူ့ခွေးတွေရဲ့၊ ကောင်းသတင်းတို့၊ နားထောင်နေရတဲ့အတိုင်း၊ တဟဲဟဲနဲ့၊ သဘောကျနေပုံကို ကြည့်ပြီး၊ ကျုပ်တို့ . . ခွေးမသတ်ဘဲ၊ လူသတ်ချင်စိတ် ဝင်ရပြန်တယ်။

✪

"ကမ္ဘာကြေတာတောင်၊ ဥဒါန်းမကျေဘူး
ဆိုတဲ့ . . စကားအမိပ္ပါယ်က၊ ဒင်းတို့ . . တို့၊
အခဲမကျေဘူး . . ပြန်ချမယ် . . ပြန်သတ်မယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ . . အမိပ္ပါယ် မဟုတ်ဘူး နိုတာရဲ့။

ဥဒါန်းတူးရလောက်အောင်၊ အစဉ်အလာ သိမ်မွေ့ခဲ့တဲ့၊ တိုယ်ရဲ့ ဓလေ့ထုံးစံကို၊ ကမ္ဘာပျက် သွားတာတောင်၊ မပျက်စေရဘူး . . ။

ဥဒါန်းတူးရလောက်အောင်၊ ကောင်းမြတ် ခဲ့တဲ့၊ ဓလေ့အစဉ်အလာ၊ မကျေပျက်အောင်၊ ဥဒါန်း မကျေအောင်၊ ထိန်းသိမ်း စောင့်ရှောက်မယ်ဆိုတဲ့ အမိပ္ပါယ်ကွဲ့။

ဒါကြောင့် . . ရပ်ထဲ ရွာထဲ၊ ဘယ်သတ္တဝါမှ၊ သတ်ဖြတ်လေ့မရှိတဲ့၊ တို့ရွာရဲ့ ဥဒါန်းကို၊ မကျေ ပျက်အောင်သာ၊ မင်းတို့ ထိန်းသိမ်းစမ်းပါ။

ဘယ်သူ ဘယ်လောက် ဆိုးဆိုး၊ ကိုယ့်ရပ်ရွာ ရဲ့၊ ကောင်းမြတ်တဲ့ ဥဒါန်းကို၊ ကိုယ့်ကြောင့် မကျေ ပျက်ပါစေနဲ့"

"ဪ . . ။ ဥဒါန်းမကျေဆိုတာ၊ ကောင်းမြတ်မှန်ကန်ဆိုတဲ့၊ ဓလေ့ အစဉ်အလာကို၊ မကျေစေရဘူး . . ဆိုတဲ့ အဓိပ္ပာယ်ပါလား" . . လို့၊ သူကြီး ရှင်းပြမှ၊ ကျုပ်တို့ သိရပေတော့တယ်။



ဥဒါန်းမကျေဘူးဟေ့ . . ဆိုတာ၊ ရန်နဲ့ငါငါ၊ ပြန်ချမယ် အငြိုးအတေး မပြေဘူးကွ . . . ဆိုတဲ့၊ အဓိပ္ပါယ်ဆောင်တယ်လို့၊ ဟိုတုန်းက၊ ကျုပ်တို့ ထင်မှတ်ခဲ့မိတယ်လေ။

✪

"ခွေပိုလ်ကြီး ဦးပေါ်မောင်၊ မသေခင်တော့၊ အဲဒီ့ခွေးလေ ခွေးလွှင့်တွေကို၊ အမိန့်ပေးမယ့် သူ ရှိတော့၊အဆင်ပြေမယ်ပဲ ထားပါတော့၊

သူ . . မရှိတော့ရင် . . . အဲဒီ့ခွေးတွေကို၊ ဘယ်လိုထိန်းကြမလဲ၊ ခွေးဆိုတာက၊ သူ့အရှင် သခင် အမိန့်ပေးမှ၊ လိုက်နာတတ်ကြတာလေ"

ကျုပ်တို့လူငယ်တွေ . .

တစ်ယောက် တစ်ပေါက် ဆွေးနွေးဖြစ်ကြတယ်။

"ဘာမှ၊ မပူကြစမ်းပါနဲ့ကွာ"

ဦးပေါ်မောင်ရဲ့တူ၊ စိန်မောင်က၊ မတ်တတ်ရပ်ပြီး၊ လက်ထဲက အရက်ပုလင်းကို၊ ကိုင်မြှောက်ရင်း . .

"ဦးလေး ခွေးပိုလ်ကြီးမရှိတော့တဲ့အခါ၊ ငါ . . ခွေးပိုလ်ကြီး ဆက်လုပ်မှာပေါ့ကွ၊ ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



. . မပူနဲ့ . . မပူကြနဲ့"

စိန်မောင်ရဲ့ လျှာလေး အာလေး စကားသံကြောင့်၊ ကျုပ်တို့ အကုန်လုံး၊ စိတ်ညစ်သွားကြရပြန်တယ်။

✪

အင်း . . . ။

ခွေးဆိုတာမျိုးက,လည်း၊ သူတို့ အကြိုက် ကလေးပေးကျွေးထားရင်၊ ပေးတဲ့ ကျွေးတဲ့ သူကို သခင်လို့၊ မြင်တတ်ကြတာကလား

. . ။ ။

✪✪✪

2014- May - 21
12: 05 (P.m)

(THE FLOWER NEWS -(ပန်းသတင်း)-ဂျာနယ်

[Vol.10 . No.20,MAY 27- JUNE-.2, 2014]

# ခွေးသူခိုး

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ကျုပ်တို့ရွာထဲမယ်၊ အခုအချိန်အထိ၊ ရွာသူရွာသားအချင်းချင်း၊ ဆဲရေးတိုင်းထွာလေ့မရှိကြဘူး။ တစ်ဦးနဲ့တစ်ဦး စိတ်ဆိုးကြရင်၊ မခေါ်မပြောဘဲနေကြရုံသာရှိတယ်။ နင်ပဲ ငဆာ၊ ဆဲရေးတိုင်းထွာ၊ ပုတ်ခတ်တာ၊မရှိခဲ့ဘူး။

ဒီ အလေ့အထ၊ ဘယ်လောက်ကြာကြာကတည်းက၊ ရှိခဲ့ကြသလဲဆိုတာ၊ သိချင်လို့၊ အဘကို(အဖေ့ကို)၊ ကျုပ်မေးကြည့်ဖူးတော့၊ အဘ,ပြောပြတဲ့ အကြောင်းက၊ လွှတ်စိတ်ဝင်စားဖို့ကောင်းတာဗျ။

အဘရဲ့ဖခင်၊ ကျုပ်တို့ အဘိုးလက်ထပ်ကတည်းက၊ ရွာထဲ

www.burmeseclassic.com

www.burmeseclassic.com



ဆဲရေးတဲ့ အလေ့မရှိခဲ့ကြတာ. . . တဲ့။ ကျုပ်တို့ အဘိုးက၊ ရွာသူကြီး. . တဲ့။ (အဘက၊ ကျုပ်ကိုပြန်ပြောခဲ့ဖူးတာတွေ၊ အခု. . ကျုပ်က၊ ရောင်းရင်းတို့ကို၊ ပြန်ပြောပြရသေးတာပ)။

✪

"အဘနာမည်က၊ ဦးစံရ. . တဲ့၊ ငါ့နွားကျောင်းတတ်စ,အရွယ်လောက်တုန်းက၊ ဦးသာမြနဲ့ ဦးသာဒင်တို့၊ အချင်းများကြရင်း၊ အဘက ရွာသူကြီးဆိုတော့၊ အဘ,ဆီကို၊ ရောက်လာကြရတယ် ဆိုပါတော့ . ."

အဘက-သူ့ဖခင်အကြောင်းကို၊ပြောပြ။ ကျုပ်က-မာတ်ရှင်ကြည့်သလို၊ စိတ်ကူးထဲ၊ ပုံဖော်ပြီး၊ နားထောင်ရတာပေါ့

✪

"သာမြနဲ့သာဒင် ဘယ်လိုဖြစ်သတုန်း"



"သာဒင်ရယ်၊ ကျုပ်ထန်းပင်လာချိုင်လို့. ."

"လူမတွေ့လို့ မပြောဘဲ ချိုင်မိတာ။ ကျုပ်ကို ခွေးသူခိုး. . လို့၊ ဆဲလို့၊ . . ."

"သာမြက ခွေးသူခိုးလို့ ဆဲသတဲ့လား"

"ဟုတ်ပ"

"ကျုပ်မတွန့်တိုပါဘူး သူကြီးရာ။ မပြောဘဲ ချိုင်လို့။ ခွေးသူခိုးလို့၊ ပြောမိတာ၊ သူ့ကို၊ ခွေးနဲ့ နှိုင်းရဲ့ဆိုပြီး၊ သူ့ဘာသာ၊ ဒေါဖောင်းနေတာ"

"တဲ တဲ. .၊ အခု ကျေအေးကြဖို့၊ ငါ့ဆီ ရောက်လာကြတာ မဟုတ်လား"

"ဟုတ်ကဲ့ပါ"

"အေး. . အေး။ တစ်ယောက်နဲ့တစ်ယောက် ခွင့်လွှတ်လိုက်ကြတော့။ ဟုတ်ပလား"

"ဟုတ်ကဲ့ပါ"

"သာဒင်တလည်း၊ အရှင်ကိုမပြောမိဘဲ ချိုင်တဲ့အတွက်၊ တောင်းပန်ပေါ့။

သာမြက,လည်း၊ ခွေးသူခိုးလို့ ဆဲရေးမိတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဖရုသာဝါစာကွဲ့။ နှုတ်ညစ်ညမ်းတယ်။ ပြန်တောင်းပန်လိုက်”

သူကြီး ဦးစံရရှေ့မှာ၊ ကျေကြွေအေးကြပေါ့။ ပြဿနာ ငြိမ်းပြီးတော့မှ၊ သူကြီး ဦးစံရက . . အနားရှိသူ အကုန်လုံးကို၊ ဩဝါဒမြွက်ကြားသတဲ့။

✪

“သာမြ”

“ခင်ဗျ”

“ခွေးသူခိုး ဆိုတဲ့အဓိပ္ပာယ်သိသလားကွဲ့”

“သေသေချာချာတော့၊ မသိပါဘူး သူကြီး . . ။ နှုတ်က,လွှတ်ကနဲ ထွက်သွားတာပါ”

“အေး၊ ငတို့ . . ဘိုးစဉ်ဘောင်ဆက်၊ ဇီရွာသား . . မှန်ရင်၊ ဖရုသာဝါစာ မထွက်ကြဘူးကွဲ့။ မင့် . . မိဘများက၊ တခြားအရပ်က၊ လာ . . အခြေချကြတာကိုး . .”



“ဟုတ်ပါတယ်၊ သူကြီး”

“နောက်ကို၊ ဘယ်ဖရုသာဝါစာ စကားမှ၊ မထွက်ပါစေနဲ့တွယ်၊

အထူးသဖြင့်၊ ခွေးသူခိုးဆိုတဲ့၊ အသုံးအနှုန်းမျိုး၊ ရွာထဲမှာ၊ မသုံးစမ်းနဲ့၊ ကြားလား”

“ဟုတ်ကဲ့”

“ရပ်ထဲ . . ရွာထဲမှာ၊ ခွေးသူခိုးမရှိဘူးကွဲ့၊ ခွေးသူခိုးဆိုတာ၊ နန်းတော်ထဲ ရှိတာကွဲ့၊ ရွာငယ်ဇနပုတ်မှာ၊ ခွေးသူခိုး၊ မရှိဘူး”

သူကြီး-ဦးစံရ စကားကြောင့်၊ အနီးအနားရှိသူတွေ၊ အကုန်၊ စိတ်ဝင်စားလွန်းခဲ့ကြသတဲ့။

✪

“ခွေးသူခိုးဆိုတဲ့၊ စကားက၊ ငါးရာ့ငါးဆယ့်ဇာတ်ဝတ္ထု၊ ကုရုင်္ဂဝိ၊ တုဏ္ဍိလဇာတ်က၊ လာတဲ့ . . စကားလုံးကွဲ့။

www.burmeseclassic.com

ဘုရားအလောင်း ခွေးဘဝ,တုန်းက၊ ဖြစ်ပျက်ခဲ့တဲ့၊ ဇာတ်ဝတ္ထုပေါ့။

ဟရာကာသီပြည်၊ ဗြဟ္မဒတ်မင်း လက်ထက်ဆိုပါတော့။

ဘုရင်က၊ မြင်းဖြူက,တဲ့၊ မြင်းရထားနဲ့၊ ဥယျာဉ်လှည့်ပြီးတဲ့အခါ၊ မြင်းရထားကို၊ နန်းတော်ဝင်းထဲမှာပဲ၊ ရပ်ထားခဲ့တော့၊ မိုးရွာတဲ့အခါ မြင်းရထားမှာ၊ ကာထားရုံထားတဲ့၊ သားရေစ,တွေ သားရေကြိုးတွေက၊ ရေနူးကုန်တော့၊ နန်းတော်ဝင်းထဲက၊ မင်းမျိုးမင်းနွယ်တွေ မွေးထားတဲ့၊ ခွေးတွေက၊ အဲဒီ သားရေစ,တွေ၊ သားရေကြိုးတွေကို၊ တိုက်ဖြတ်စားသောက်ပစ်ကြတာပေါ့။

နောက်နေ့- မြင်းရထား တစ်စီးလုံး၊ ဖျက်စီးနေတာမြင်တော့၊ဒါ. . ဘယ်လို ဖြစ်သတုန်းဆိုတော့၊ ခွေးတွေစားလို့၊ ဒီလိုဖြစ်ရတာလို့၊ လျှောက်ကြတော့ ဘုရင်အမျက်ထွက်ပြီး၊ မြင်မြင်သမျှခွေးတွေ အကုန်သတ်. . ခိုင်းတော့တာပေါ့။



ရွာငယ် ဇနပုဒ်ရှိတဲ့ခွေး၊ အကုန်သတ်ဆိုတော့၊ သုသာန်ထဲမှာ ဘုရားလောင်းနဲ့အတူနေ၊ တဲ့ ခွေးတွေ ခမြာ၊ ပြေးစရာနေရာမရှိတော့ဘူး။

ဒါနဲ့ . . ဘုရားလောင်းက၊ဘုရင်မြင်အောင် ပြေးလွှားပြရင်း၊ ဘုရင့်အနားရောက်တော့၊ ခွေးတွေ အကုန်သတ်ခိုင်းတာ၊ ဟုတ်ပါသလားလို့၊ ဘုရင်ကို မေးတယ်။ ဘုရင်က၊ ဟုတ်တယ် . . လို့၊ ဖြေတယ်။

အကုန်သတ် ဆိုပါလျက်နဲ့၊ ကျန်နေတဲ့ ခွေး ရှိသေးသလား . . မေးတော့၊ မင်းမျိုးတွေ၊ မွေးထားတဲ့၊ ခွေးတွေတော့ မင်းမျိုးတွေ၊ သိမ်းပေးထားလို့၊ ကျန်နေကြောင်းပြောတယ်။

တခြားခွေးတွေတော့၊ အကုန်သတ်ပြီး မင်းမျိုးတွေမွေးထားတဲ့ ခွေးများကျတော့ အသတ်မခံရဘူးဆိုတော့၊ ဒါ. . မတရားမှုပဲ . . လို့၊ ဘုရားလောင်းက၊ သတိပေးသတဲ့။

ဘယ်ဟာ၊ ခွေးသူခိုးမှန်းမသိလို့၊ ခွေးတွေ

www.burmeseclassic.com



အကုန်သတ်စေတာ၊ မှန်ရင်၊ မင်းမျိုးတွေမွေးထားတဲ့၊ ခွေးတွေက၊အသတ်လွတ်ပြီး၊ ကျန်တဲ့ အားနည်းတဲ့ ခွေးတွေတော့၊ အသတ်ခံကြရတာဟာ၊မင်းကျင့်တရားနဲ့ မညီတဲ့၊ လုပ်ရပ်ပဲ. . စသဖြင့် ပြောပြီး၊

မင်းမျိုးတွေ၊ မွေးထားတဲ့၊ ခွေးတွေကို၊ ယက်တက်နဲ့ နေဇာမြတ်ရောထောင်းပြီး၊ တိုက်ခိုင်းလိုက်သတဲ့။ မင်းမျိုးခွေးတွေ အံ့ပါလေရော။ အံ့တဲ့အထဲမှာ၊ ဘုရင့်မြင်းရထားက၊ သားရေစ,တွေပါလာတော့တာပေါ့။

အေး . . ။ အဲဒီဇာတ်တော်ထဲက၊ အဖြစ်အပျက်ကို၊ သေသေချာချာ မှတ်ကြ။ ခွေးသူခိုးဆိုတာ၊ နန်းတွင်းထဲ . . မင်းမျိုးထဲရှိတာကွဲ့။

ငတို့ ရပ်ထဲ ရွာထဲ၊ ဇနပုဒ်ထဲမှာ၊ခွေးသူခိုးမရှိဘူး။ အဲဒါကြောင့်၊ ရွာထဲမယ် . . အဲဒီ . . ခွေးသူခိုး . . ဆိုတဲ့ အဆဲအဆိုမျိုး၊ လုံးဝ . . မလုပ်ကြနဲ့ကွဲ့"

✪✪✪



အတိုးဖြစ်သူ သူကြီး ဦးစံရ၊ ပြောပြတဲ့ "ခွေးသူခိုး" အကြောင်း၊ အဘက တစ်ဆင့်၊ ကြားရပြီးတဲ့ နောက်၊ ကျုပ်တို့ ရွာထဲမှာ၊ ခွေးသူခိုး မရှိဘူးဆိုတာ အမြင်၊

ခွေးသူခိုးဆိုတာ၊ မင်းမျိုးထဲ၊ နန်းတော်ဝင်းထဲသာ၊ ရှိခဲ့တာပေပဲ. . လို့၊ အပေါင်းအသင်း ရောင်းရင်းတို့ကို၊ ဂုဏ်ယူစရာ၊ ပြောပြလိုက်ချင်တာပ . . ။ ။

2014- June - 4
12: 40 (P.m)

(THE FLOWER NEWS (ပန်းသတင်း)-ဂျာနယ်
[Vol.10 . No.22,JUNE-16,JUNE-21]

www.burmeseclassic.com

www.burmeseclassic.com

# ခွေးဇာတ်

www.burmeseclassic.com

www.burmeseclassic.com

(၁)

လွန်ခဲ့တဲ့ (၁၅)နှစ်လောက်က၊ ဆင်းရဲသား ရပ်ကွက်တချို့မှာ၊ "တဲပေါ်မှ တိုက်ပေါ်သို့" . . ဆိုတဲ့၊ စီမံကိန်းတစ်ခု၊ ချမှတ်ပြီး၊ တဲပေါ်က, လူတွေ၊ တိုက်ပေါ်ရောက်ဖို့ လုပ်ခဲ့ကြသည်။

ထိုစီမံကိန်းကြောင့်၊ တဲပေါ်မှ တိုက်ပေါ်သို့၊ အမှန်တကယ်၊ ရောက်ရှိသွားခဲ့ကြသူတွေ၊ ရှိသကဲ့သို့၊ ဘဝပျက်ပြီး၊ အခြေအနေမဲ့ ဖြစ်သွားကြရရှာသော မိသားစုတွေလည်း၊ များစွာ ရှိခဲ့ကြပေသည်။

✪

မိသားစုတစ်စုတည်းပင် ဖြစ်လင့်ကစား၊ အိမ်ဝင်းထဲမှာ၊ နောက်ထပ် စတိုခန်းလိုလို ဆိုင်ခန်းလိုလို၊ ဆောက်ထားမိသူများက၊ တိုက်ခန်း(၂)ခန်းရ။

အိမ်ရှင်နှင့်အိမ်ငှား၊ မိသားစု(၂)စု ဖြစ်သော်ငြားလည်း၊ အပေါ်ထပ်,အောက်ထပ် လှေခါးတစ်စင်းတည်း၊ အတူနေမိကြ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့်၊ အိမ်ရှင် အိမ်ငှား၊ မိသားစု (၂)စုပေါင်းမှ၊ တိုက်ခန်း(၁)ခန်းတည်း၊ ရရှိခဲ့ကြသဖြင့်၊ မျက်ရည်နှင့် မျက်ခွက် ဖြစ်ခဲ့ကြရရှာသော၊ အိမ်ရှင်မိသားစုတွေလည်း၊ ဒုန့်ဒေး။

အရင်က၊ တဲအိမ်ကြီး တစ်လုံးထဲမှာ၊ မိသားစု(၆)စုလောက်၊ သူ့အကန့်နဲ့သူ၊ ကာရံနေထိုင်ခဲ့ကြပါလျက်၊ ထိုမိသားစု(၆)စုကို၊ တိုက်ခန်း(၁)ခန်းတည်း၊ ပေးလိုက်သည့်အခါ၊ အရင်လို သူ့အကန့်နဲ့သူ ကန့်သတ် နေထိုင်၍ မရတော့သဖြင့်၊ ရရှိသော တိုက်ခန်း(၁)ခန်း၏ တန်ဖိုးကို၊ (၆)ပုံ . . ပုံ၊ (၆)စုခွဲပြီး၊ မွဲသွားခဲ့ကြရှာသည့်၊ တဲပါပျောက်သွားကြရရှာသော၊ ဆင်းရဲသား မိသားစုတွေလည်း . . အများအပြား။

အလိုက်တောင်းသူက. . သာ၊ အလိုက်မတတ်သူက. . မွဲ. . ။ စသည်ဖြင့်၊ "တဲပေါ်မှ တိုက်ပေါ်သို့" စီမံကိန်းကြီးအတွင်း၊ ရပ်ကွက် လူတန်းစား အများအပြား၊ ကသီလင်တ, ဖြစ်ခဲ့ကြရသတဲ့သို့၊ ထိုရပ်ကွက်အတွင်း၊ မှီတင်းနေထိုင် ကျက်စားလျက်ရှိသော၊ ခွေးလေ ခွေးလွင့် တို့သည်လည်း၊ လူတို့တဲ့သို့ပင်၊ ပြဿနာပေါင်းများစွာ၊ ရင်ဆိုင်ခဲ့ကြရရှာလေသည်။

✪✪✪



(၂)

"သဘာပတိကြီးနဲ့တကွ၊ ကြွရောက်လာကြသော၊ ရပ်ကွက်အတွင်းရှိ ခွေးလေ . . ခွေးလွင့်များ ခင်ဗျား။ ကျွန်တော်တ,တော့၊ ဈေးပေါင်းစုံမဲဆန္ဒနယ်မှ၊ ခွေးအုပ်စု ကိုယ်စားလှယ် ဦးတိုင်းကျော် ဖြစ်ပါတယ်. . ။ . ."

"ဟေ့ကောင် ၊ တိုင်းကျော် "

"ဘာလဲကွ"

"လိုရင်းကို၊ ပြောကွာ၊ သဘာပတိကို နှုတ်ခွန်းဆက်နေရတာနဲ့၊ တစ်နာရီပြည့်တော့မယ်"

"ဒါ. . အစည်းအဝေး လုပ်ထုံးလုပ်နည်းပဲလေ"

"မလိုချင်ဘူးကွာ၊ အချိန်ကုန်တယ်။ လိုရင်းကို၊ တိုတို တုတ်တုတ်ပြော။

ပြီးတော့ . . ၊ အဲဒီ ကုလားထိုင် အပေါ်က,နေ၊ မင်း. . , ထိုင်မပြောနဲ့၊ ခွေးအချင်းချင်း၊

www.burmeseclassic.com

www.burmeseclassic.com



မင်းကို မော့ကြည့်ရတာ၊ ဇော်ညောင်းတယ်"

"မင်းတို့ အားလုံး မြင်အောင်၊ ကုလားထိုင်ပေါ် တက်ထိုင်တာပါတွ"

"မထိုင်နဲ့၊ ခွေးက. . ခွေးလိုဝပ်ပြီး. . ပြော၊ မင်းလို ခွေးဝဲစားနဲ့၊ အဲဒီကုလားထိုင်အစုတ်နဲ့၊ မလိုက်ဖက်ဘူး၊

ဟို. . အုတ်ခုံပေါ်၊ တက်ပြော၊ လူတွေလို လုပ်ရမှာ . . ပြောရမှာက . . တစ်ခုတည်း၊ နိဒါန်းချီနေတာက. . တစ်နေကုန်။ မဖြစ်စေနဲ့"

"ပြီးရောဗျာ၊ ပြီးရော . . ၊ ဟို . . အုတ်ခုံပေါ်က,ပဲ၊ အော်ပြောတော့မယ်"

ရပ်ကွက်နေ၊ လူထုက,တော့ သတ်မှတ်ရက် မတိုင်ခင် အတွင်း၊ အလျှိုအလျှို ရွှေ့ပြောင်းနေကြလေပြီ၊

တစ်ရပ်ကွက်လုံးရှိ ခွေးလေ ခွေးလွင့်များ၊ အားလုံး အတွက်မူ၊ ပြဿနာကြီး၊ တစ်ရပ်ကို၊ ရင်ဆိုင်ဖြေရှင်းရ ခက်နေကြလေ၏၊

ဒင်းတို့ ခွေးလေ ခွေးလွင့်များ အားလုံး၊ အရှေ့ဘက်



ရပ်ကွက်သို့ ရွှေ့ပြောင်းကြမလား၊ အနောက်ဘက် ရပ်ကွက်သို့၊ ရွှေ့ပြောင်းကြမလားဆိုသည်ကို၊ စုပေါင်း တိုင်ပင် နေကြခြင်း ဖြစ်၏။

အရှေ့ဘက်ရပ်ကွက်သည် ဆင်းရဲသား ရပ်ကွက်၊ အနောက်ဘက် ရပ်ကွက်သည် သူဌေးရပ်ကွက်။

✪✪✪

(၃)

"ညိုမ၊ နင်က,ရော . . ၊ ဘယ်ကို ပြောင်းမှာလဲ"

"ဘယ်ပြောင်းရမှန်း မသိလို့ နင်တို့ အစည်းအဝေးကို၊ လာတက်တာပေါ့ဟဲ့၊

ရန်လုံနဲ့ နက်ကျော်တို့က,တော့၊ သူတို့ သခင် မိသားစုနဲ့၊ လှိုင်သာယာကို၊ ပါသွားကြပြီ။

လမ်းဘေး ခွေးအချင်းချင်းတောင်၊ ကဲချင်က မတွေ့ပါဘူးဟယ်၊ငါလို၊ မုဆိုးမ, ပိုဆိုးပေါ့ ဘယ်သူက၊ တွေးမွေးချင်ပါ့မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အတူတူပါပဲဟာ။ ခွေးဖြစ်ရတဲ့ ဘဝ, တောင်၊ ငါတို့လည်း၊ ဝေတ်တစ်လှည့်၊ ဖြတ်တစ်လှည့်ပါပဲ"

"ဟေ့ကောင်၊ ဂုတ်ကျား။ မင်းတို့နှစ်ကောင်၊ စကားပြောမနေကြနဲ့။ ဟိုမှာ . . မဲပေးရတော့မယ်"

"ဘာကို၊ မဲပေးရမှာလဲ"

"အရှေ့ရပ်ကွက်ကို သွားကြမှာလား၊ အနောက်ရပ်ကွက်ကို၊ သွားကြမှာလား။ အများဆန္ဒနဲ့ ဆုံးဖြတ်ဖို့ လေကွာ"

"မဲ . . မပေးရသေးပါဘူး။ အခုမှ . . ငြင်းကြ၊ ခုန်ကြတုန်းရှိသေးတယ်"

"ဘယ်ရပ်ကွက်သွားသွား။ လမ်းဘေးခွေးတ၊ လမ်းဘေးခွေးဘဝပါပဲ . . ဟယ်"

"ကျွန်တော့်နာမည် ကျားဝိုလ်ပါ။ ကျွန်တော် အရှေ့ဘက် ရပ်ကွက်ကို၊ ရောက်ဖူးပါတယ်။

အရှေ့ဘက်ရပ်ကွက်က၊ ဆင်းရဲသား ရပ်ကွက် ထုံးစံအတိုင်း၊ စည်းကမ်းမရှိပါဘူး။ စား



ကြွင်းစားကျန်လည်း ပေါများပါတယ်"

"ဟေး . . အဲဒီကိုသွားမယ်။ အဲဒီမှာ . . အစားပေါတယ်"

"ကျွန်တော့် စကားမဆုံးသေးပါဘူးဗျာ။ သေသေချာချာနားထောင်ကြပါဦး၊ အဲဒီ အရှေ့ရပ်ကွက်က၊ စားကြွင်း စားကျန်ပေါများပေမယ့်၊ ရပ်ကွက်ထဲက . . အမှူးသမားတွေက၊ ခွေးသား ခဏ ခဏ ချက်စားကြပါတယ်"

"ဩော် . ."

"ချက်စားတာမှ၊ ပက်ပက်စက်စက်၊ ရက်စက်ပြီးမှ ချက်စားကြတာပါ။

ခွေးတစ်ကောင်ကို၊ ဝမ်းနှုတ်ဆေးကျွေး၊ ဝမ်းတွေ ဒလဟောသွားပြီးတော့မှ၊ ကောက်ညှင်းပေါင်းကျွေး၊ ကောက်ညှင်းပေါင်းတွေ . .၊ အူထဲကို စိစိရိရိ ရောက်လောက်ပြီဆိုမှ၊ အဲဒီ . . အူထဲက ကောင်းညှင်းပေါင်းကို၊ ချက်စားဖို့၊ အဲဒီခွေးကို၊ ရိုက်သတ်ကြတာဗျ။

www.burmeseclassic.com

www.burmeseclassic.com



အသားစားတဲ့လူက . . စား၊ ခုနက . . အူထဲက၊ တောက်ညှင်းပေါင်းတို့၊ အူထဲကမထုတ်ဘဲ၊ ချက်စားတဲ့သူက . . စားပေါ့။ သိပ်, ရက်စက်ကြတာပဲ။ ဒါကြောင့် . . အစာရေစာဘယ်လောက်ပဲပေါများပေါများ၊ အဲဒီ့ အရှေ့ရပ်ကွက်ကို, မသွားသင့်ကြောင်း၊ ကျွန်တော်တင်ပြလိုပါတယ်"

"... ။ ... ....၊ ......
......။..............."

"..................
..........."

"ကျွန်တော့် နာမည်၊ ငနီပါ။ ကျွန်တော်က, တော့၊ အနောက်ဘက်ရပ်ကွက်ကို၊ သွားဖို့ တင်ပြချင်ပါတယ်။

အနောက်ဘက်ရပ်ကွက်က၊ သူဌေးရပ်ကွက်ပါ။ စည်းကမ်းလည်း၊ ကြီးပါတယ်၊ စားကြွင်း စားကျန်လည်း၊ မပေါများပါဘူး။

အစာရေစာ မပေါများပေမယ့်၊ အသက်



အန္တရာယ်မရှိတဲ့၊ အနောက်ဘက် ရပ်ကွက်မှာ၊ နေထိုင်သင့်ကြောင်း၊ ကျွန်တော် အဆိုတင်သွင်းပါတယ်"

"... ။ ... ....၊ ......
......။..............."

✪✪✪

(၄)

"အသက်အန္တရာယ် မရှိပေမယ့်၊ အူခြောက်ပြီး သေမယ့်ဘဝ . . ပဲ"

" သူဌေးတွေက၊ သူတို့ မွေးထားတဲ့ခွေးမှ၊ ချစ်စရာလို့၊ ထင်တာကွ။

တော်ကြာ၊ သူတို့၊ ရပ်ကွက်ထဲ၊ ခွေးလေခွေးလွင့်တွေ၊ များနေပါတယ် . . ဆိုပြီး၊ စည်ပင်ကို အကြောင်းကြားလိုက်လို့၊ အမဲတုန်း အပစ်ခံနေရဦးမယ်"

"အမဲသား မစားနဲ့ပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



"ခြေလေးချောင်းသား၊ ရှောင်ရင်၊ ပိုကောင်းမယ်"

"သေခါမှ၊ သေရော..။ အူစိုစိုလေးပဲ၊ သေချင်တယ်။

ကောက်ညှင်းပေါင်းလေးစားပြီး၊ ရိုက်အသတ်ခံရတော့လည်း၊ စားရင်း သောက်ရင်း သေရတာဆိုတော့၊ ဝဝ လင်လင် သေရတာပေါ့"

"သတ္တဝါ တစ်ခု ကံ တစ်ခုပေါ့ဟယ်။ လူတွေတောင်၊ ဘဝ ဖျက်ကြရသေးတာပဲ။

ငါတို့ ခွေးတွေ .. ဘဝပျက်တာ၊ အဆန်းအပြား မဟုတ်တော့ပါဘူး"

"လူဖြစ်ဖြစ်၊ ခွေးဖြစ်ဖြစ်၊ အဆင်ပြေပြေလေးတော့၊ နေချင်ကြတာပေါ့ .. မညိုမ,ရယ်"

"အင်း။ လူတွေ .. အဆင့်အတန်း ကွဲပြားကြတာ မပြောနဲ့။

ခွေးတွေမှာလည်း .. တံအမျိုးမျိုး၊ အဆင့်အတန်း အမျိုးမျိုးပါပဲ၊



အိမ်မွေးခွေး ... တဲ့၊ အမဲလိုက်..ခွေး.. တဲ့၊ စစ်ခွေး .. တဲ့၊ လမ်းဘေး ..ခွေး..တဲ့"

"ကျုပ်က,တော့၊ ကိုယ့်ဘဝ .. ကိုယ်ကျေနပ်ပစ်လိုက်တာပဲ .. မညိုမ,ရေ..။

ဘယ်လို နေရ နေရ၊ လမ်းဘေးခွေးဘဝ .. ကို၊ နှစ်သက်တယ်"

"ဘယ်လိုကြောင့်များတုန်း၊ အောင်နက်ကြီးရဲ့"

"ကျုပ်တို့ လမ်းဘေးခွေးက၊ စစ်ခွေးထက်၊ ပိုလွတ်လပ်တယ်ဗျ။

ကိုက်ချင်တဲ့ လူကို၊ ပြေးကိုက်ပစ်လိုက်လို့ ရတယ်။

စစ်ခွေးတို့ .. အမဲလိုက်ခွေးတို့က၊ မလွတ်လပ်ကြဘူး။ သူများ ရှူးတိုက်မှ၊ ကိုက်ခွင့်ရကြတာ မဟုတ်လား။

သခင်ကိုက်ခိုင်းတာ ကိုက်ရတာလေ။ ကိုယ်ကိုက်ချင်ရာ ကိုက်ခွင့်မရကြဘူး။

www.burmeseclassic.com

www.burmeseclassic.com



ခွေးချင်းအတူတူ ကျုပ်တို့ လမ်းဘေးခွေးက၊ အစားအသောက် ဆင်းရဲပေမယ့်၊ လွတ်လပ်တဲ့. . ခွေးဘဝ,ကို၊ အပြည့်အဝ, ခံစားရတယ်ဗျ

စစ်ခွေးတွေလို၊ သခင့်အလိုကျ ကိုက်ပြစရာမလိုဘူး"

" ဟုတ်ပ။ ဟုတ်ပ"

"• • • ။ • • • ။ • • • •

• • • • •"

"ကဲကဲ. . ။ အများဆန္ဒအရ၊ ဆုံးဖြတ်ကြမှာမို့၊ သေသေချာချာ၊ နားထောင်ကြပါ။

အရှေ့ဘက် ရပ်ကွက်က၊ အသက်အန္တရာယ်ကြီးတယ်။ အစာ ရေစာ ပေါများတယ်။

အနောက် ရပ်ကွက်က၊ အသက်အန္တရာယ်မရှိဘူး။ အစား အစာ ခေါင်းပါးမယ်။

ကြိုက်တဲ့ ရပ်ကွက်ကို၊ ရွေးပါ။ အများရွေးတဲ့ဘက်ကို၊ အားလုံး သွားကြရမှာ ဖြစ်ပါတယ်. ."

✪✪✪



(၅)

ရပ်ကွက်အတွင်းရှိ ခွေးလေ ခွေးလွင့်များ၊ အားလုံး တို့သည်၊ အများဆန္ဒနှင့်အညီ၊ အသက်အန္တရာယ်မကင်းသော်လည်း၊ အစာရေစာ ပေါများသော အရှေ့ဘက်ရပ်ကွက်ကို၊ ရွေးချယ် ချီတက်ခဲ့ကြလေတော့၏။

"ခွေးဖြစ်တဲ့ ဘဝ,တောင်၊ တော်သေတဲ့

ခွေးတော့၊ အဖြစ်မခံချင်ဘူးဟေ့ . . ။ သတ်ချင်

တဲ့သူ သတ်ကြပေတော့. ."

တစ်သားကျပြီးသား၊

မုဆိုးမ၊ ညှိုမကာ၊ ရှေ့မှ ဦးဆောင်ချီတက်သွားရှာသည်. . ။

2014- Jul - 8
2:30 (P.m)
THE FLOWER NEWS -(ပန်းသတင်း)-ဂျာနယ်
Vol . 10 , No . 28
22 - 28 July, 2014

www.burmeseclassic.com

www.burmeseclassic.com

ခွေးပိစား

www.burmeseclassic.com

www.burmeseclassic.com

(၁)

ဒီ. . လ,ဆန်းပိုင်းလောက်တုန်းက၊ ကျွန်တော်အပြင်းဖျားတယ်၊ လေးငါးရက်ကြာတော့မှ၊ အဖျားပျောက်တယ်။ နှစ်ရက်လောက်နားပြီးတော့၊ အသံလွှင့်ဌာနတစ်ခုမှာ၊ အင်တာဗျူးသွား[illegible]တယ်၊ အဲ့ဒီက အပြန်၊ နောက်တစ်နေ့က,စပြီး၊ လေးရက်တိတိ [illegible]အောင့်တယ်။ (နာရီမခြားအောင့်တာ)။

ဆေးခန်းတစ်ခုက၊ အူရောင်တယ်ထင်ပြီး၊ [illegible]နေရာက၊ လုံးဝ မသက်သာတဲ့ အဆုံး၊ (သေလုမျောပါး၊ နာကျင်ခံစားနေရာတာကို၊ မခံနိုင်တဲ့ အဆုံး)။ ပုဂ္ဂလိက၊ ဆေးရုံကြီး [illegible]မှာ၊ တက်ရောက်ကုသ, ဖြစ်တယ်။

အဲဒီ ဆေးရုံကြီးရဲ့ ဆရာဝန်များရဲ့ ကျွမ်းကျင်မှု

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်၊ (၂၄)နာရီအတွင်း၊ ကျွန်တော့ ရောဂါကို၊ သိခဲ့ရပါတယ်။ (ကျောက်ကပ်မှာ ကျောက်တည်တဲ့ရောဂါ)။

✪

လိုရင်းပဲ ပြောပြချင်တာမို့ နေ့စွဲတွေ ရက်စွဲတွေ၊ ထည့်ပြောမနေတော့ပါဘူး။

လိုအပ်တဲ့ စစ်ဆေးမှုတွေ လုပ်ပြီးမှာ၊ ကျွန်တော် ခွဲစိတ်ခန်းဝင်ရပါတယ်။ (အသေးစားလွဲချော်မှုလေးတွေ အကြား၊ လူနာတစ်ယောက်အနေနဲ့၊ ကျွန်တော် ဘယ်၍ ဘယ်မျှ၊ လူးလိမ့်ခံစား နာကျင်ခဲ့ရတယ်ဆိုတာကို၊ အကျယ်ချဲ့ပြီး၊ မပြောတော့ပါဘူး)။

ခွဲစိတ်ခန်း မဝင်မီ၊ မနက်ပိုင်းမှာ နာလွန်းအားကြီးရင်၊ မနာတဲ့ ဆေးထိုးဖို့ ဆရာဝန်ကြီးက ညွှန်ကြားထားပါတယ်။ မနာတဲ့ဆေးထိုးဖို့အတွက် အစာစားရမယ် . . တဲ့။

ဓာတ်မှန်ခန်းက, ညွှန်ကြားချက်မှာက၊ ဓာတ်မှန်မရိုက်ခင်၊ အစာလုံးဝ . . မစားရပါဘူး . . တဲ့။ အဲဒီတော့ ဓာတ်မှန်ခန်းရဲ့၊



ထိုအပ်ချက်ကိုပဲ၊ ကျွန်တော်ဦးစားပေးလိုက်ရပါတယ်။ အစာစားမှ၊ မနာတဲ့ဆေးထိုးရမှာဖြစ်ပေမယ့်၊ အစားစားလိုက်ရင်၊ ဓာတ်မှန်ရဲ့ အဖြေ(မြင်ကွင်း) မသဲကွဲမှာကို၊ သိမြင်မှုအကြား၊ ဓာတ်မှန် ရိုက်ချိန် နှစ်နာရီခွဲ သုံးနာရီအတွင်းမှာ၊ ကျွန်တော် . . ဘယ်လောက် ခံစားရမယ်ဆိုတာ၊ ပြန်တောင် မပြောချင်တော့ပါဘူး။

ဒါ . . , ဘယ်သူ့ ချွင်းချက်မှ မဟုတ်ပါဘူး။

ကျွန်တော့်ရဲ့ . . ကံတရားမျှသာပါ။

ဓာတ်မှန်ရိုက်လို့ မပြီးမချင်း၊ နှလုံးသွင်းမှု၊ နည်းမျိုးစုံနဲ့ ကျွန်တော်ခံစားနာကျင်ခဲ့ရတယ်ဆိုပါတော့။ ဒါ . . ,ကံတရားမပါပဲလေ။

✪

နောက် . . , ခွဲစိတ်ခန်းဝင်ရပါတယ်။ (ကျွန်တော့်အထင်, ခါးရိုးနဲ့ ကျောရိုး အကြားထဲကို၊ အပ်အရှည်ကြီးနဲ့၊ ထိုးဆေးထိုးကြတယ်။ အဲဒီနောက် . . ခါးအောက်ပိုင်း တစ်ခုလုံး၊ ဘာဖြစ်နေတယ် မသိတော့ပါဘူး။

www.burmeseclassic.com



ခွဲစိတ်ခန်းက,ထွက်ပြီး၊ နာရီတော်တော်များများ ကြာတော့မှ၊ ကျွန်တော့် ဘယ်ဘက်ဗိုက်ထဲမှာ၊ (ဆီးလမ်းကြောင်းထဲ)ထည့်ထားတဲ့ ပိုက်တစ်ချောင်းနဲ့၊ ဆီးမြွှန်မှာလည်း၊ ဆီးပိုက်တန်းလန်း ဖြစ်နေရတာကို၊ သိခွင့်ရပါတယ်။

ဆီးမြွှန်က, ထည့်ထားတဲ့ ဆီးပိုက်နဲ့၊ ဗိုက်ထဲမှာရှိတဲ့ ဆီးလမ်းကြောင်းထဲက၊ ပိုက်တံလေးဟာ၊ ဆက်စပ်မှု ရှိနေပုံပါပဲ။

ကြားဖူးနား၀, ဗဟုသုတ အရ၊ ပြောပြရရင်၊ ဆီးပိုက်ကို အရင်ဖြုတ်မယ်။ အဲဒီလိုဖြုတ်ပြီး၊ လေးငါးရက်ကြာမှ၊ ဆီးလမ်းကြောင်းထဲ ထည့်ပေးထားတဲ့ ပိုက်ကို၊ ဖြုတ်မယ်ပေါ့။

✪✪

(၂)

သင့်တင့်တဲ့နေရက်မှာ၊ ဆီးမြွှန်မှာ တန်းလန်းဖြစ်နေတဲ့ ဆီးပိုက်ကို၊ ဖြုတ်ပေးပါတယ်။ (အဖြုတ်ခံဖူးတဲ့၊ သူများသာ ကျွန်တော် ဘယ်လောက်ခံစားရမယ်ဆိုတာ၊ သိနိုင်ပါလိမ့်မယ်)။ အစိမ်းဆွဲဖြုတ်တာပါ။



ဆီးပိုက်ဖြုတ်အပြီးမှာ၊ ဗိုက်ထဲမှာလည်း၊ ပိုက်တံလေး တစ်ချောင်းရှိနေပါသေးတယ်။ အဲဒီပိုက်တံလေးကိုလည်း၊ ဆီးပေါက်တဲ့ အပေါက်က,နေ၊ လှမ်းထုတ်ကြမှာပါ။ (လေးငါးရက် အစ်ပတ်လောက်ခြားပြီးမှ၊ ဖြုတ်ကြရပါတယ်)။

✪

ဆီးပိုက်ဖြုတ်အပြီးမှာ . . ။(၅)ရက်ခြား ချိန်းဆိုပါတယ်။ အိမ်မှာ (၅)ရက် ပြန်နားနေရမယ်ပေါ့။ (၅)ရက်မြောက် နေ့ကျမှ၊ ဗိုက်ထဲက၊ ပိုက်တံလေးကို၊ ဖြုတ်ပေးမှာပါ။

✪

(၂)ရက်အကြာ၊ ကျွန်တော် အိမ်မှာ၊ အဖျားတက်ပါတယ်။ ညဘက်အဖျားတက်၊ နောက်တစ်နေ့ ဆေးရုံပြန်တက်။

(၃)ရက်ဆက်တိုက်၊ အဖျားလုံး၀ . . မကျ၊ နောက်တစ်နေ့ ကျမှ အဖျားရပ်။

www.burmeseclassic.com

www.burmeseclassic.com



အဖျားရပ်ရပ်ချင်းနေ့ ညနေပိုင်းမှာပဲ၊ ခွဲစိတ်ခန်းဝင်ရပါတယ်။ ဒီတစ်ခါ၊ ဝင်ရတာ၊ အသေးစားဆိုပါတော့။ ဗိုက်ထဲက (ဆီးလမ်းကြောင်း ဖြောင့်အောင် သွင်းပေးထားတဲ့) ပိုက်တံလေးကို၊ ဆီးပြွန်ဝ,ကနေ၊ ဆွဲထုတ်ရုံပါပဲ။ ခါးရိုးကြားထဲ၊ ထုံဆေးထိုးဖို့ မလိုတော့ဘူး။

✪✪✪

(၃)

"ဒါ. . ၊ ဝမ်းလား"

"ဟုတ်တယ်. . ဝမ်း"

ခွဲစိတ်ခန်းအဝင်ဝ,တနေ၊ ခွဲစိပ်ခန်းထဲက၊ ဆရာမ,တစ်ယောက်က၊ ကျွန်တော့်ကို လိုက်ပို့တဲ့၊ သူနာပြုကို မေးတဲ့. . အမေးနဲ့၊ ဖြေတဲ့ အဖြေ။

"ဒါ. . ဝမ်းလား". . တဲ့။

(ခွဲစိတ်မယ့်လူနာရဲ့၊ အမှတ်စဉ်ကို မေးတာများလား. . လို့ ကျွန်တော်၊ ပက်လက်အနေအထားက,နေ၊တွေးပါတယ်)။

"ဟုတ်တယ် . . . ဝမ်း"



(သူနာပြု ဆရာမ, ဖြေလိုက်တဲ့ အဖြေက၊ ကျွန်တော့် တုတင်နံပါတ်- One ကို ဖြေလိုက်တာပါပဲ)။

တစ်ခုခု လွဲတော့မယ် . . လို့ ကျွန်တော့် စိတ်က သိနေတဲ့ အတွက်၊ ခွဲခန်းထဲ ရောက်တဲ့ တလျှောက်လုံး၊ အထူးသတိထားနေဖြစ်ပါတယ်။

✪✪

ထင်တဲ့အတိုင်းပါပဲ။ ကျွန်တော့်ကို လုပ်ကိုင်ဆောင်ရွက်တဲ့ အဆင့်တွေက၊ ကျွန်တော့်ကို၊ ဆီးပိုက်၊ တပ်ဖို့၊ လုပ်တုန်းက၊ အဆင့်တွေနဲ့၊ တစ်ပုံစံတည်းဖြစ်နေပါတယ်။

လက်ထဲကို၊ ဆေးသွင်းဖို့လုပ်တာ၊ ခါးကိုကွေးခိုင်းဖို့၊ ဆုပ်တာ. . . စသည်ဖြင့်ပေါ့။

ခွဲစိတ်ဆရာဝန်က၊ ကျွန်တော့်ခေါင်းရင်းဘက်မှာ၊ ဘာမှ ထင်ခပြောဘူး။

ကျွန်တော့်ကို၊ ခါးကွေးဖို့၊ လုပ်နေတဲ့၊ ဆရာမ,ရဲ့ အနေအထားက၊ သူတို့ဆောင်ရွက်မှု သေချာပေါက် မှားနေပြီ . .

www.burmeseclassic.com



လို့၊ ပြောလိုက်သလိုပါပဲ။

"ဘယ်ဘက်က,နာတာလား"

"ဟုတ်တဲ့"

မေးလို့သာ ဖြေလိုက်ရတယ်။

ကျွန်တော်က . . နာမှ မနာတော့တာ၊

ဘယ်ဘက်က နာလို့၊ ဆေးရုံတက်၊ လိုအပ်တာတွေ လုပ်ပြီး . . လို့၊ အခု . . ဗိုက်ထဲက ပိုက်ဖြုတ်(ပိုက်ထုတ်)မယ့်၊ လူနာကို၊ သူ . . မေးလိုက်တာက။ "ဘယ်ဘက်က နာတာလား" . . တဲ့။

ထင်တဲ့အတိုင်းပဲ။

ပထမ,တစ်ခါတုန်းက၊ ဆောင်ရွက်ကြသလို၊ ကျွန်တော် ခါးထဲ၊ ဆေးထိုးဖို့ ပြင်ဆင်ကြ၊

ကျွန်တော်အပြေးအလွှား စဉ်းစားခဲ့ရပါတယ်၊

ငါ. . ပြောတာ မှားသွားရင်၊ နှောက်ယှက်သလိုများ ဖြစ်သွားမလား။ ငြိမ်ခံနေလိုက်ရင် ကောင်းမလား၊

ငြိမ်ခံနေလိုက်လို့၊ ထုံဆေးထိုးကြ၊ လုပ်ချင်ရာ လုပ်ကြ အပြီးမှာ၊ ဗိုက်ထဲက ပိုက်မဖြုတ်ဘဲ နောက်ထပ်ပိုက်အသစ်



တစ်ချောင်းများ ထည့်လိုက်ကြရင် . . ငါတော့ . . ဒုက္ခပဲ၊

အင်း . . ပြောပြလိုက်တာ ကောင်းပါတယ်။ ဆရာ ထုပ်သလို ဖြစ်လို့၊ စိတ်ဆိုးကြရင်လည်း၊ သူတို့က၊ လူသတ်သမား တွေမှ မဟုတ်တာ၊ ဆရာဝန်တွေပဲ . . ၊

စသည်ဖြင့်၊ ကျွန်တော် အလျင်အမြန်တွေး၊ အလျင်အမြန် ဆုံးဖြတ်ပြီးမှ-

"ခဏလေး၊ ကျွန်တော်တစ်ခုလောက် ပြော ပါရစေ"

"ဘာလဲ၊ ပြော"

"ကျွန်တော်က၊ ဗိုလ်ထဲက ပိုက်ထုတ်မှာ နော်၊ ပိုက်အသစ်တပ်မှာမဟုတ်ဘူး"

"ဟာ . . ၊ ဟုတ်ဲ . . ၊ ဒီလူနာက . . ပိုက်ထုတ်မှာ . . တဲ့၊ . . ဆရာ. . လူနာမှားနေပြီ . ."

အဲဒီတော့မှ၊ ကျွန်တော့ ခေါင်းရင်ဘက်က၊ ခွဲစိပ် ဆရာဝန်

" သူ. . မာတ်မှန်တွေတော့"

www.burmeseclassic.com



"မပါလာဘူး"

"မသိဘူး"

"အပြင်မှာ သွားကြည့်စမ်း"

လက်မှာသွင်းထားတဲ့၊ ပိုက်ကို၊ ချက်ချင်းဖြုတ်ကြ၊ ဘယ်မှာ တင်ခဲ့မှန်းမသိတဲ့၊ ကျွန်တော့်ခါတ်မှန်တွေကို၊ အပြေးအလွှား ရှာကြ။ ဒါတောင်. . ဒီအဖြစ်အပျက်ကို၊ မသိတဲ့၊ တစ်ယောက်က၊ လက်က,ဆေးသွင်းပိုက်ကို၊ လာ. . ပြန်တပ်လို့၊ အအော်ခံလိုက်ရ ပါသေးတယ်။

ကျွန်တော် ခွဲစိတ်ခန်းထဲက၊ ချက်ချင်းထွက်လိုက်ဖို့၊ စဉ်းစားမိပါသေးတယ်။ ကိုယ်က. . နာမကျန်းဖြစ်နေသူ . . ဆို တော့ စိတ်လျှော့လိုက်တာ၊ ကောင်းပါတယ်. . လို့၊ တွေးပြီး . . မျက်လုံးတို့သာ၊ မှိတ်ထားလိုက်ပါတော့တယ်၊

✪

"ဆယ်မိနစ်ကြာရင်၊ သွားလို့ရပြီနော်"

(ခွဲစိတ်ဆရာဝန်ရဲ့၊ အမှာစကား)



"မောင်လေး။ မင်းဗိုက်ထဲက. . ပိုက်၊ ဒီမှာ"

(လက်ထောက်ဆရာဝန်လို့ ယူဆ,ရတဲ့၊ ဆရာမကြီး ရဲ့ ၊စကား)။

"ကျေးဇူးတင်ပါတယ်" . . . လို့၊ ကျွန်တော် ပြောဖြစ်ခဲ့ပါတယ်၊

✪

(၄)

ဆယ်မိနစ်ကြာရင်၊ ကျွန်တော့် လူနာဆောင်ရှိရာကို၊ ပြန်လို့ရပြီ . . လို့၊ ခွဲစိတ်ဆရာဝန်က၊ မှာကြားလိုက်ပေမယ့်၊ အဲဒီ ခွဲစိပ်ခန်းရဲ့၊ အပြင်ဘက်၊ နေရာလွတ်တစ်ခုမှာ၊ ကျွန်တော့်ကို၊ တွန်းလှည်းကုတင်နဲ့လာထားထားတာ၊ မိနစ်(၃၀)လောက် ကျော်တဲ့ အထိ၊ ဘယ်သူမှ၊ လိုက်မပို့ကြသေးပါဘူး။

အဲဒီအချိန်မှာပဲ၊ နံဘေး ခွဲစိပ်ခန်းက၊ ဆရာဝန်ကြီးနဲ့ လက်ထောက်(သူနာပြုတွေလား-ဘာတွေလဲ ကျွန်တော်မသိ) တွေနဲ့ ပြောဆိုနေတဲ့ စကားသံတွေကို၊ ကျွန်တော်ကြားနာမှတ် သား ထားမိပါတယ်၊

www.burmeseclassic.com

www.burmeseclassic.com



"ဟေး .. ဆရာလာပြီ"

"နေဦး၊ ဆရာက .. သတို့သား။ ငါက .. သတို့သမီး။ နင်တို့ ဝိုင်းကြိုကြ"

"ဟေး" ..

(ဆရာဝန်ကြီးကိုခွဲစိတ်ခန်း ဝတ်စုံဝတ်ထားသူ အမျိုးသမီး တစ်ယောက်က၊ လက်မောင်းကို တွဲခိုပြီး .. ကြိုလာတာကို၊ ကျွန်တော် မျက်လုံးမှေးကြည့်ရင်း၊ မြင်နေရပါတယ်)။

" ဟဲ့. . ဒီမှာ၊ သတို့သားကို၊ တွဲလာပြီ"

" ... ...."

"မေ့ဆေးဆရာဝန် လာပြီလား"

"အောက်မှာ၊ ရောက်နေပြီဆရာ"

"ခြောက်နာရီက,နေ၊ ခြောက်နာရီခွဲပြောင်း ချိန်းလို့ငါ. . ခြောက်နာရီခွဲလာတယ်လေ။ သူက, ဘာဖြစ်လို့၊ မရောက်သေးတာလဲ။

အောက်မှာ၊ ရောက်နေပြီဆိုတာ ဘယ် အောက်လဲ။ဒီဆေးရုံအောက်လား။ ရွှေဂုံတိုင် တံတားအောက်လား။



နှင်း. . ငါ့ကို၊ မလိမ်နဲ့။ သူ. . မရောက်သေး ဘူးမဟုတ်လား"

"ဆရာရယ်. .၊ ဆရာတို့ ပြဿနာဖြစ်မှာ စိုးလို့၊ သမီးက၊ လိမ်ပြောမိတာပါ"

"နှင်. . လိမ်လိမ် မလိမ်လိမ် ငါ. . သိတယ်"

"ဆရာရယ်၊ တကယ်တော့ . . သမီး. . ဘာလုပ်လုပ်. .၊ ဘာပြောပြော၊ လုပ်သမျှ. . ပြောသမျှတွေဟာ. . ဆရာ့ကိုချစ်လို့ပါ. . "

"ဟေး . . ."

"ချစ်တာတွေ၊ မုန်းတာတွေ၊ ငါမသိဘူး။ ငါက, ပြောစရာရှိ ပြောမှာပဲ"

(ငါဟာ. . လမ်းဘေးပလက်ဖောင်းပေါ်မှာ၊ လာပြီး၊ အပို့ခံထားရတဲ့၊ ခွေးဝဲစား တစ်ကောင်များလား. . လို့၊ ကျွန်တော် တွေးမိတယ်။ သူတို့ ရယ်သံ မောသံတွေ နံဘေးမှာ၊ ပက်လက် အလေး ရှိနေရတဲ့၊ ကျွန်တော်ကို၊ လူနာတစ်ယောက်လို့ မမြင်ကြသဲ လမ်းဘေးက ခွေးဝဲစားတစ်ကောင်၊ ဝပ်နေတယ်. . လို့များ၊ ထင်မြင်နေကြသလား)။

www.burmeseclassic.com

www.burmeseclassic.com



မိနစ် လေးဆယ်ကျော်တဲ့အထိ၊ ကျွန်တော့်မှာ အဲဒီ အတိုင်း . . . ။

ကျွန်တော် ဒီအတိုင်းထ, လျှောက်ပြီး၊ ပြန်ဖို့ စဉ်းစားပါ သေးတယ်။ ဒါပေမဲ့. . .

ငါ့ကံပါပဲ. . လို့သာ၊ နှလုံးသွင်းပြီး၊ စိတ်လျှော့ရပြန်တယ်။

✪

ပထမဦးဆုံး ခွဲခန်းဝင်တဲ့ အခါတုန်းက,လည်း၊ ခွဲခန်း ထဲမှာ၊ (ကျွန်တော့်ကို၊ ကုသ,မှုပေးနေရင်း) ဆရာဝန်ကြီးနဲ့ မေ့ဆေး ဆရာဝန်တို့၊ ပြောဆိုနေကြတဲ့ စကားလေးတွေကိုလည်း၊ ရင်ထဲမှာ . . မှတ်တမ်းတင်ဖြစ်ပါတယ်။

"ငါ . . ဂျာမဏီက လောင်းထားတယ် ကွ"

"အာ . ဆရာ၊ ကြေး အကျော်တွေ

အာတွေ . . ရှိဦးမယ်နော်။



"အဲဒါတွေ . . မပါဘူး၊ ဂျာမဏီနိုင်ရင်၊ ငါနိုင်တာပဲ၊အာဂျင်တီးနားနိုင်ရင်. . သူနိုင်တာပဲ"

✪

မကြာခင်က၊ ကျွန်တော့် ပိုက်မထုတ်ခင်၊ ဆရာဝန်ကြီး၊ ရောက်ဝင်လာပါသေးတယ်။ အဲဒီတုန်းက၊ သူပြောတဲ့စကားတွေက, လည်း . . ကျွန်တော် (လူနာ)နဲ့၊ ဘာမှ မဆိုင်၊

"ငါ . . ပိန္နဲသီး စားလိုက်တာ၊ ဝမ်းလျှော သွားတယ်၊ အဲဒါ. . ဆေးသောက်ထားရတယ်"

✪

ကုသ,ပေးတဲ့ ဆရာဝန်ကြီးနဲ့တကွ၊ ဆောင်ရွက်ပေးကြသူ တွေ၊ အားလုံးကို၊ ကျွန်တော် စိတ်ဆိုးချင်ပေမယ့်၊ လုံးဝ. . စိတ်မဆိုးပါဘူး၊ ကျေးဇူးတင်စိတ်လည်း၊ မပျက်ပါဘူး၊

ဒါပေမဲ့. . ခွဲစိတ်ခန်းကို ဝင်လာရတဲ့၊ လူနာတွေ. . ကုသ,

www.burmeseclassic.com

www.burmeseclassic.com



ဆောင်အသီးသီးကို၊ ရောက်လာရတဲ့၊ ရောဂါသည်တွေကို၊ ဒန်အိုး . . ဒန်ခွက်တွေ၊ တံဆိပ်ရိုက်ဖို့၊ ရောက်လာကြတယ် . . လို့များ ထင်မှတ်နေကြလေသလား . . လို့၊ မေးမြန်းကြည့်ချင်ပါတယ်။

✪

ကျွန်တော်က,တော့၊ ခွဲစိတ်ခန်းထဲက၊ အမှားအယွင်း ဖက်က,နေ၊ လွတ်မြောက်ပြီး၊ ခွဲစိတ်ခန်းအပြင်ဘက်မှာ လိုအပ် တဲ့အချိန်ထက်၊ ပိုပြီး . . ပစ်အထားခံရတာကို တွေးရင်း . . .

တခြားသော(အသေးစား)လွဲမှားမှုတွေကို တွေးရင်း . . ၊

ကိုယ့်ကိုယ်ကိုယ်

ဆေးရုံချောင်မှာ ဂုံနီအိတ်လေး ခြုံပေးထားတာကို၊ ငြိမ်ငြိမ် လေးခံခဲ့ရတဲ့၊ ခွေးဝဲစား တစ်ကောင် . . လို့ပဲ၊ သတ်မှတ်ပစ်လိုက် မိပါတော့တယ်။

လူကို၊ လူလို တွေးပြီး၊ လူလို စာနာညာတာစိတ်၊ ထားကြ မယ်ဆိုရင်၊ ကျွန်တော် . . ဒီလို . . ဘယ်တွေးပါ့မလဲ။

ဒါတောင် . . ကျွန်တော် ရင်ဆိုင်ကြုံတွေ့ခဲ့ရတာ၊ ငွေ တွေပုံပြီး ကုသ,မှု၊ အဆင်ပြေတယ်ဆိုတဲ့၊ ပုဂ္ဂလိက, ဆေးရုံကြီး



ပေါ်မှာပါ။

ငွေမရှိ၊ မျက်နှာမွဲ၊ ဆင်းရဲသားတွေခမြာ၊ သူတို့ အဆင် ပြေရာ ဆေးရုံတွေပေါ်မှာ၊ ဖြစ်သလို၊ ကုသ, ခံယူနေကြရရင်၊ ကျွန်တော့်ထက်များ၊ အခြေအနေ ဆိုးရွားကြလေမလား၊ မတွေး ရဲတော့ပါ။

✪✪

(၅)

ဘာအာယာတနဲ့မှ ဒီ . . စာကြောင်းတွေ ရေးပြနေတာ မဟုတ်ပါဘူး။

ပညာရှင်ကြီးတွေ . . ဘယ်လောက်ပညာတွေရှိရှိ၊ နှလုံး သားမှာ စာနာညာတာစိတ်တွေ . . ထည့်သွင်းပြီး၊ ဆောင်ရွက် ကြစေချင်လို့၊ တင်ပြရတာပါ။

ဆေးရုံနာမည်၊ ဆရာဝန်နာမည်တွေ . . . ကျွန်တော် (သုံးဝ)ထည့်မရေးပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားလှတဲ့ ဆရာဝန် ဆရာမ,တွေလည်း၊ ရှိနေတတ်ကြလို့ပါ။

ဆွမ်းဆန်ထဲ ကြွက်ချေးရော ဆိုသလို၊ ကျွန်တော့်ကျမှ၊ ကွက်ဖြစ်ရတဲ့ ကိစ္စ . . လို့ပဲ၊ နှလုံးသွင်းချင်ပါတယ်။

ဒါပေမဲ့ . .

ပြည်သူပြည်သားတွေကို၊ ဒန်အိုး၊ ဒန်ခွက်တွေလို၊ သဘောမထားဖို့၊ ကိုယ့်ဆောင်ရွက်မှုတိုင်းမှာ၊ မေတ္တာ . . တရား၊ စာနာတရားလေးထည့်ကြဖို့၊ ပန်ကြားချင်တာပါ။

လူနာတစ်ယောက်ကို၊ ခွေးဝဲစား တစ်ကောင်လို၊ သဘောထားမယ်ဆိုရင်တောင်၊ခွေးလည်း. . နာတတ်ကျင်တတ်. . ခံစားတတ်တဲ့၊ သတ်ရှိသတ္တဝါပဲဆိုတာ၊ ခံစားမိကြဖို့၊ တောင်းပန်ချင်တာပါ။

✪

(၆)

ဆေးရုံက ဆင်းပြီး၊တစ်ပတ်အကြာ၊ ဆရာဝန်ကြီးနဲ့ ပြန်ပြတဲ့ နေ့မှာ၊ ဆရာဝန်ကြီး မေးလိုက်တဲ့ မေးခွန်းက,လည်း၊ အင်မတန်



ကြောက်ဖို့ တောင်းနေပြန်ပါတယ် . . ။

"ဗိုက်ထဲက၊ ပိုက်က, ဘယ်နေ့ထုတ်မယ် ပြောထားသလဲ" . . တဲ့။ စိတ်ထဲမှာ၊ "ထောင်းခနဲ" ဖြစ်သွားရပေမယ့်၊ (ကျေးဇူးရှင်အဖြစ်သာ သိမှတ်ထားလိုတဲ့အတွက်)

ကျွန်တော်ရယ်ရယ်မောမောနဲ့ပဲ၊ ပိုက်ထုတ်ပြီးလို့ ရက်ချိန်းအပြခြင်းဖြစ်ကြောင်း . . . ၊ ပြန်ပြောပြဖြစ်ခဲ့ပါတယ်။

(ဘယ်သူ့ကိုမှ၊ စိတ်မဆိုးချင်တော့ပါဘူး)

ကျွန်တော့်က . . လို့ပဲ၊ ယူဆ,ပါတယ်။

✪

"မင်း အဖြစ်က၊ တော်ပါသေးတယ်။ ငါ့မိတ်ဆွေတစ်ယောက်။ ညာဘက်ဝေ့းစေ့ ရောဂါဖြစ်လို့၊ ဆေးရုံတတ်၊ ခွဲထုတ်တာ၊

ရောဂါမဖြစ်တဲ့၊ ဘက်ကို၊ မှားပြီး ခွဲထုတ်မိကြတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်း - မောင်ညိုအေး (ပန်းတော) ပြောဖြတဲ့ ဒီ. . မြန်မာနိုင်ငံရဲ့ အဖြစ်အပျက်၊ (ပြောစရာတွေ တစ်ပုံတစ်ပင် ရှိနေပေမယ့်၊ ဆက်မပြောချင်တော့ပါဘူးဗျာ)။

✪

တိုင်းပြည် ထူထောင်လိုကြတဲ့၊ အားလုံးသော ပညာရှိကြီးများ၊ ပြုပြင်ပြောင်းလဲမှုများစွာရဲ့ အခြေခံဖြစ်သော . . ၊

နှလုံးသား (စိတ်ထား)များကိုလည်း၊ အထူးမွမ်းမံ ပြင်ဆင်နိုင်ကြပါစေ. . သတည်း. . ၊ တနာတရားထားနိုင်ကြပါစေကုန် သတည်း . . ၊ ၊

2014- Jul - 30
6: 30 (P.m)
THE FLOWER NEWS -ပန်းသတင်းဂျာနယ်
Vol . 10 , No . 31
12-18August,2014

# ဒွေးတိုးပေါက်

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော် ဆယ်နှစ်သားလောက်တုန်းက၊ အိမ်နားက၊ အထက်တန်းကျောင်း တစ်ကျောင်းမှာ၊ ရွှေရတု -ပွဲကြီး တစ်ပွဲ လုပ်ပါတယ်။ ကျောင်းဝင်းကြီးကို၊ အလုံပိတ်ပြီး၊ ဂီတဖျော်ဖြေပွဲ ကြီးအတွက်၊ လက်မှတ်တွေရောင်းပါတယ်။

ကျွန်တော်တို့တလေး တစ်သိုက်အတွက်တော့၊ လက်မှတ် ဝယ်စရာ ငွေလည်းမရှိသလို၊ အဲဒီပွဲကြီးကို၊ အရေးတကြီး၊ ကြည့် ရမယ့်ပွဲ. . လို့လည်း၊ မခံစား မထင်မှတ်ပါဘူး။ (အဲဒီတာလ,ကျွန်း သား စီတိတ်ရှီး . . ဆိုတဲ့၊ ဝေါဟာရတောင်၊ မြန်မာပြည်မှာ၊ မတွင် ကျယ်သေးဘူးလို့ ကျွန်တော်မှတ်မိပါတယ်)။ ဂီတဖျော်ဖြေပွဲ ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကြီးကိုပဲ၊ မက်မက်မောမော ကြည့်နေကြရတဲ့၊ ကာလ,ပါ။

ကလေးပီပီ စိတ်ဝင်တစား မရှိခဲ့ဘူး ဆိုပေမယ့်၊ ည, ဘက် လည်းရောက်ရော၊ တီးသံ မှုတ်သံတွေကြားတော့၊ အဲဒီ အထဲ ဝင်ချင် မိပြန်ရော . . ။ အဲဒါကြောင့်၊ ပွဲခင်းထဲအထိဝင်ဖို့ ဆုံးဖြတ် ဖြစ်ကြတယ်။

သံဆူးကြိုးတွေနဲ့ ခတ်ထားတဲ့၊ ကျောင်းဝင်းဆိုပေမယ့်၊ ကျွန်တော်တို့တတွေ . . ၊ ဆော့ကစားဖို့၊ ဝင်နေကျ၊ အပေါက် တစ်ပေါက် က,တော့၊ လူကြီးတွေ ဘယ်သူမှ မသိဘဲ၊ ရှိနေဆဲပေါ့။

ကန့်လန့်ဖြတ် သွယ်ခတ်ထားတဲ့ သံဆူးကြိုးအောက်ပိုင်း တွေကို၊ ဝါးလုံးလျှိုဖိပြီး၊ ကျွန်တော်တို့ဝင်ပါများလို့၊ ဟ,စိစိ ဖြစ်နေ တဲ့နေရာပေါ့။ ချုံပုတ်တွေနဲ့ကွယ်၊ ဝါးရုံတွေနဲ့ကာနေတော့၊ ဝင်ဆော့ နေကျ ကလေးအချင်းချင်းတောင်မှ၊ တော်ရုံသူ၊ မသိကြပါဘူး။

✪

သူငယ်ချင်းတွေနဲ့ အဲဒီအပေါက်က,နေ ပွဲခင်းထဲဝင်၊ အထဲရောက်တော့လည်း၊ ကျူထရံတွေနဲ့၊ ကာထားပြန်တော့



ကျူထရံအပေါက်က,ပဲ၊ချောင်းကြည့်ခဲ့ကြရတာပေါ့။

✪

"ဟဲ့။ မိုးချုပ်နေပြီ။ နင် . . ဘယ်တွေ လျှောက်သွားနေတာလဲ"

အမေက၊ ခေါင်းတစ်ချက်ခေါက်ရင်း မေး။ ကျွန်တော်က, အခေါက်ခံရတဲ့ နေရာကို၊ ပွတ်သတ်ရင်း. . .

"ကျောင်းဝင်းထဲမှာ၊ သီချင်းဆိုတာ၊ သွား ကြည့်နေတာ။ လူကြီးသီချင်းတွေမို့လို့၊ မကြည့်ချင် တော့တာနဲ့၊ ပြန်လာတာ"

"နင်က၊ ဘယ်က, လက်မှတ်ရလို့လဲ"

"ချောင်းကြည့်တာပါ။ ဖြတ်လမ်းအထွက် နားက၊ဝါးရုံပင်တွေနားမှာ၊ သားတို့ အရွယ်တွေ၊ ဝင်လို့ရတဲ့၊ အပေါက်တစ်ပေါက်ရှိတယ်။ အဲဒီ အပေါက်က,ဝင်ပြီး၊ အထဲရောက်တော့၊ ကျူထရံ ပေါက်က, ချောင်းကြည့်တာ"

"ခွေးတိုးပေါက်က၊ ဝင်ကြည့်ခဲ့တာပေါ့"

"ဟာ။ ခွေးတိုးပေါက် မဟုတ်ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သားတို့ဝင်နေကျ၊ အပေါက်ပါ"

" ဟဲ့၊ တရားဝင်မဟုတ်တဲ့၊ အပေါက်မှန်

သမျှ၊ သူခိုးလို ဝင်တဲ့အပေါက်မှန်သမျှ၊ ခွေးတိုး

ပေါက်ပဲ"

"....။.......။ ...."

"....။..............."

✪✪✪

(၂)

အဲဒီတုန်းက၊ (အဲဒီအရွယ်မှာ) အမေပြောတဲ့၊ ခွေးတိုး ပေါက် အဓိပ္ပါယ်ကို၊ ကျွန်တော်သေသေချာချာမသိခဲ့ပါဘူး။ ဒါပေ . . "သူခိုးလို၊ ဝင်တဲ့ အပေါက်မှန်သမျှ၊ ခွေးတိုးပေါက်ပဲ". . ဆိုတဲ့ အမေ့စကားကြောင့်၊ တိုယ့်ကိုယ်ကို၊ သူခိုးလိုလို၊ ခွေးလိုလို၊ ခံစား သိမ်ငယ်စိတ်ကလေး၊ ဝင်သွားတာတော့ အမှန်ပါပဲ။

စကားအဓိပ္ပါယ်ကိုတော့ သေသေချာချာ မသိခဲ့ပါဘူး ကလေး ဘဝတလျှောက်လုံး (အမေပြောတဲ့)ခွေးတိုးပေါက်ထဲ ဝင်ထွက်ဆော့ကစားခဲ့ပါတယ်။



အခုတော့၊ အဲဒီ ခွေးတိုးပေါက်ကလေးရော . .၊ ဝါးရုံ ချုံနွယ်တွေရော . . ၊ မရှိတော့ပါဘူး။ မရှိတော့တဲ့ အပြင်၊ အဲဒီ ကျောင်းဝင်းကြီးကို၊ အုတ်တံတိုင်းနဲ့၊ ခိုင်ခိုင်မာမာ ခတ်ထား လိုက်ကြပါပြီ။

(နေရာ. . ဒေသ. . အဝန်းအဝိုင်းတိုင်းမှာ၊ ခွေးတိုး ပေါက်က၊ ဝင်တဲ့သူမရှိအောင်၊ အဲဒီလို ခိုင်မာတဲ့၊ တံတိုင်းမျိုး တွေနဲ့ သေသေချာချာ၊ ကာရံ ခတ်ပိတ်ထားနိုင်ကြရင်၊ သိပ်ကောင်းမှာပဲ . . . လို့၊ အခုအရွယ်ကျမှ၊ တွေးသိတတ်လာပါတယ်)။

"ခွေးတိုး". . ဆိုတာ၊ ဗမာ ဝေါဟာရနဲ့၊ ခေါ်တဲ့၊ အိမ်ဆောက်ပစ္စည်းတစ်မျိုးရဲ့၊ နာမည်ပါ။ နားလည်လွယ်အောင်၊ ပြောပြရရင်၊ အင်္ဂလိပ်လို Jack [ဂျဲ့(က) ]. . လို့၊ အသံထွက်တဲ့၊ ချိတ်ထောက် တစ်မျိုးပေါ့။ (ဂျိုက် -ပေါ့)

အဲဒီ "ခွေးတိုး" . . ဆိုတဲ့၊ ကိရိယာ (အိမ်အပါအဝင်၊ တခြားလေးလံတဲ့ အရာတွေကို၊ အောက်က လျှိုပြီး ပင့်ရ မ,ရတဲ့ ကိရိယာ) လျှိုရတဲ့နေရာ၊ (အောက်ဘက်)ကို၊ ခွေးတိုးပေါက်လို့ အာအရပ်သုံးစကားအဖြစ်ခေါ်ဝေါ်ကြပုံရပါတယ်။

တခြားတင်စားမှု စကားရပ်အဖြစ်၊ တရားမဝင်တဲ့၊ အဝင်

www.burmeseclassic.com

www.burmeseclassic.com



အထွက်နေရာမျိုးတွေကိုလည်း၊ အဲဒီလို ခေါ်ဝေါ်သုံးနှုန်းကြပါတယ်။ (အိမ်ရဲ့ အောက်ဘက်ဆိုတော့၊ ခွေးလည်းတိုးဝင်လို့ ရတဲ့ အပေါက်မျိုး ဆိုပါတော့)။

အင်္ဂလိပ်လိုဆိုရင်၊ ခွေးတိုးပေါက်ကို၊ back-door (နောက်ဖေးတံခါး)နောက်ဖေးပေါက်လို့၊ ခေါ်ဝေါ်ရမယ်ထင်ပါတယ်။

ခွေးတိုး . . တဲ့နေရာမို့၊ ခွေးတိုးပေါက်လို့၊ ခေါ်တာ မဟုတ်ပါဘူး။"ခွေးတိုး" . . ဆိုတဲ့၊ ကိရိယာ လျှိုသွင်းရတဲ့၊ နေရာမို့ ခွေးတိုးအပေါက်၊ ခွေးတိုးပေါက်လို့ခေါ်တာပါ။

✪

ဘာပဲဖြစ်ဖြစ်၊ ဗမာဝေါဟာရကို၊ ထဲထဲဝင်ဝင် သိမှတ်ပြီးတဲ့၊ နောက်မှာတော့၊ အမေပြောခဲ့ဖူးတဲ့၊ "သူခိုးလိုဝင်တဲ့ အပေါက် မှန်သမျှ ။ ခွေးတိုးပေါက်ပဲ" . . ဆိုတဲ့၊ သီးခြားအဓိပ္ပါယ်ဆောင်တဲ့ တခြားအသုံးအနှုန်းမျိုးတိုတော့၊ ကာလ,ဒေသ, အခြေအနေ တိုင်းမှာ၊ တွေ့တွေ့ . . ကြုံကြုံ ရှိလာ . . မြင်လာ . . သိလာ တော့မှ၊ (အဖန်ဖန်၊ သိ,ကြား၊ မြင်,တွေ့ လာရတော့မှ) တဖြည်းဖြည်းချင်း၊ သဘောပေါက်၊ ရှုရှာတတ်ခဲ့ရပါတယ်။



ကိုယ့်ကိုယ်လည်း၊ ဘယ်နေရာ . . ဘယ်အရပ် . . ဘယ်လောက,ထဲကိုမဆို၊ လူညံ့အဖြစ်နဲ့သာ၊ တရားဝင် ဝင်ရောက်ဖို့ ကြံရွယ်ရင်း၊ -ခွေးတိုးပေါက်က, ဝင်ပြီး၊ လူတော်မလုပ်မိအောင်၊ အရွယ်မရောက်မီကတည်းက၊ သတိတထား၊ ကြဥ်ရှောင်၊ ဖြစ်ခဲ့ ပါတယ်။

ဘယ်လောက်ပဲ၊ ထည့်ဝါတဲ့သူ အဖြစ်နဲ့ ဝင်ရ . . ဝင်ရ၊ ခွေးတိုးပေါက်က, ဝင်ရမယ့်၊ လူတော်, လူကျော်အဖြစ်ကို၊ ခွေး ဖြစ်ရတဲ့ ဘဝ,ထက်၊ ပိုပြီး၊ ရွံကြောက်စိတ်၊ ရှိထားခဲ့ပါတယ်။ ငယ်ငယ်က၊ ပွဲခင်းထဲကို၊ ခွေးတိုးပေါက်က၊ ဝင်မိခဲ့တဲ့၊ တစ်ကြိမ် တစ်ခါကိုတောင်၊ တွေးမိစဥ်တိုင်း၊ နည်းနည်းရှက်ဖြစ်ပါတယ်။ (ကျွန်တော့် မိခင်က- ရှက်တတ်အောင်၊ သင်ပေးခဲ့တယ်လေ)။

✪✪✪

(၃)

ဝန်ထမ်းဘဝနဲ့ (မသမာတဲ့ ဝန်ထမ်းဘဝနဲ့) တရားမဝင်

www.burmeseclassic.com

www.burmeseclassic.com



တဲ့၊ငွေကြေးတွေ၊ ရှာဖွေ . . ကြီးပွားပြီး၊ ဝိတ,လိုလို, အနုပညာလို လို့နဲ့၊ လူထုကို တည်ခင်း လိမ်ညာနေသူတွေ . .၊

ဘယ်က,ရပါတယ် . . လို့၊ တရားဝင် မပြောပြနိုင်တဲ့၊ သိန်းပေါင်းထောင်သောင်းမက, သုံးစွဲပြီး၊ အနုပညာ ချစ်သူကြီး လုပ်လုပ်ပြနေတဲ့၊ ပြည်သူ့ဘဏ္ဍာ သူခိုးတွေ . .၊

အမှုထမ်း၊ အရာထမ်းဘဝနဲ့၊ အာဏာကို ကြိမ်စကြာလို လိုရာသုံးပြီး၊ ခေတ်ကို ပြောင်းသလိုလို၊ စနစ်ကို ပြောင်းသလိုလို နဲ့၊ ပုံစံပြောင်း, လေသံပြောင်း, မူဟန်ပြောင်းပြီး၊ ကိုယ်နဲ့ မတန်မရာ . .၊ နေရာမျိုးမှာ၊ တက်,တက်, ထိုင်နေတတ်ကြသူတွေ . .၊

အညီအဟောက်တွေကျဲဖြန့်ပြီး၊ အနုပညာလောက,ထဲကို၊ ပုဆိုးကွင်းသိုင်း၊ ထမိစလွယ်သိုင်းပြီး၊ ဝင် . . ဝင်လာနေတတ် ကြသူတွေ . .၊

အာဏာပြခဲ့တဲ့၊ ဘဝမျိုးနဲ့ ဝေးကွာသွားကြရပြီဆိုတဲ့ . . အနိစ္စသဘောကို၊ မျက်ကွယ်ပြုပြီး၊ နောက်ထပ် . . ရတဲ့နေရာ က,နေ ဝင်ဝင်,တိုးတိုး . . နေကြတဲ့၊ မဟာအနုပညာရှင်, ဂရုဏာ ရှင်, လူသတ်သမားအဟောင်းတွေ . . များ။ ကိုယ့်တိုင်းပြည်ထဲ ရှိများနေလေမလား။ တွေးကြည့်မိတယ်။



. . သူတို့ . . သူတို့ . .၊ ဝင်ဝင်တိုး . . တိုးနေတဲ့၊ အပေါ်က, ရော . .၊ ခွေးတိုးပေါက်များ၊ ဖြစ်နေလေမလား။ တွေးမောမိတယ်။

✪

ကိုယ့်အရည်အချင်း၊ ကိုယ့်အရည်အသွေးကို၊ ပြည်သူလူထု [illegible]သတ်)က၊ လက်မခံတော့မှန်းသိလျက်၊ ရှိုးရှိုးသားသား(တစ်ဖန်) [illegible]ကြိုးစားဘဲ၊ တခြား . . လူအုံမယ့်နေရာ . . လူကြိုက်များမယ်, [illegible]ရာတွေမှာ၊ ငါးစာသွားသွားချပြနေကြသူတွေ ကိုရော . .၊ [illegible]တိုးပေါက်က . . ဝင်နေသူတွေလို့၊ ပြောပစ်လိုက်ရင်၊ ကောင်းပါ့ [illegible]လား။

ကိုယ်, ကိုယ်တိုင်သာ၊

ခွေးတိုးပေါက်က၊ မဝင်မိစေဖို့သာ၊ ကြိုးပမ်းနေဖြစ် [illegible]တော့တယ်။

တချို့များ၊ အရာထမ်းဘဝတ,နေ၊ ထွက်။ အရာထမ်းဘဝ [illegible]ဏာနဲ့ အပြင်မှာ အရပ်သားလိုနေထိုင်ပြီး၊ တခြား အစီး

www.burmeseclassic.com

www.burmeseclassic.com



အပွားနဲ့ ကြီးပွားချမ်းသာ၊ ဆက်လက်၍ လန်းဖြာ နေကြသူတွေ တို့ ကြည့်ပြီး . . အားကျနေတတ်ကြပြန်သေးတယ်။

ခိုးဝှက်ထားသမျှတွေကို၊ အသွင်ပြောင်း။

သူခိုးဘဝက,နေ . . လူဝတ်လဲ၊ သူတို့ . . သူတို့ . . တွေ အခု . . ဝင်နေတဲ့၊ အပေါက်ကိုလည်းပဲ၊ "ခွေးတိုးပေါက်"ပါပဲ . . လို့ ပြောပြလိုက်ချင်ပါရဲ့။

ဒါပေမဲ့ . . ခွေးတိုးပေါက်က,ဝင်ရောက်နေရာရ ကြီးပွားနေသူတွေကို၊ အားကျတဲ့၊ အသွင်တွေနဲ့ ငေးကြည့်နေကြတဲ့ မျက်လုံးမွဲတွေလည်း၊ ရှိနေလေတော့၊ ကျွန်တော်. . ဘယ်သူ့ကို . . ဘယ်မှာ . . ၊ဘာကို၊ ဘယ်လို၊ ပြောပြရမလဲ၊ မသဲကွဲတော့ပါဘူး

✪✪✪

(၄)

"ဟဲ့. . ၊တရားဝင် . . မဟုတ်တဲ့၊ အပေါက်မှန်သမျှ သူခိုးလို၊ ဝင်တဲ့ အပေါက်မှန်သမျှ၊ ခွေးတိုးပေါက်ပဲ . . ."လို့ ပြောဆိုသွန်သင်ခဲ့တဲ့၊ အမေ့ကို၊ ကျွန်တော် စကားနိုင်လုဖူးခဲ့



သေးတယ်။

"ခွေးတိုးပေါက်က၊ ဝင်တယ်ဆိုပေမယ့်၊ သားတို့၊ ပွဲကြည့်ခဲ့ရပါတယ်. . အမေရဲ့၊ လက်မှတ် ဝယ်ကြည့်တဲ့သူတွေ၊ မြင်ရသလိုပဲ၊ သားတို့လည်း မြင်ခဲ့ရတာပါပဲ"

"နင်တို့၊ ရုံထဲဝင်ရလို့လား"

"ရုံထဲတော့ မဝင်ရဘူးပေါ့"

" ရှေ့ဆုံးတန်းကို ရော. . ရောက်ခဲ့သလား"

"အဲဒါတော့၊ မရောက်ခဲ့ဘူးပေါ့"

"နင်. . ၊ မသေမချင်း၊ မှတ်ထား။ ခွေးတိုး ပေါက်က,ဝင်ရင်၊ ခွေးကတက်ပေါ်ပဲရောက်မယ်။ စင်နား . . ပလ္လင်နားတော့၊ ရောက်မှာ မဟုတ်ဘူး"

အမေ . . စိတ်ဆိုး မာန်ဆိုးနဲ့၊ ပြောခဲ့တဲ့စကားပါ။ ဘာကြောင့်၊ စိတ်ဆိုးသံနဲ့၊ ပြောခဲ့တာလဲဆိုတာကို၊ ကျွန်တော် (ဘာတယ်) မသိတတ်ခဲ့ပါဘူး. . ။ "တရားဝင်မဟုတ်တဲ့ အပေါက် မှန်သမျှ၊ သူခိုးလိုဝင်တဲ့ အပေါက်မှန်သမျှ၊ ခွေးတိုးပေါက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ခွေးတိုးပေါက်က,ဝင်ရင်၊ ခွေးကတက်ပေါ်ပဲရောက်မယ်" . . ဆိုတဲ့၊ စကားတွေက,တော့၊ ကျွန်တော့ တစ်သက်စာ၊ အမေ့ရဲ့ နှလုံးသား မော်ကွန်းဝင်၊ အမွေအနှစ်တွေပါပဲ။

✪

(၂)

2013- Feb - 24 မှာ၊ အမေ . . ကွယ်လွန်ပါတယ်။

အကယ်၍များ၊ အမေရှိနေသေးရင်၊ အမေ့နားမှာ၊ ကျွန်တော် ရှိရှိသေသေ ထိုင်ရင်း . . "ခွေးတိုးပေါက်က၊ ဝင်, လာကြပေမယ့်၊ စင်နား . . . ပလ္လင်နား၊ ရောက်နေတဲ့ သူတွေ၊ ရှိနေတတ်တယ်အမေ။ အဲဒီလို ခွေးတိုးပေါက်က, ဝင်ခဲ့တဲ့၊ ခွေးကတက်ပေါ်ကလူတွေကို၊ အရိုအသေပေးနေသူတွေလည်း၊ ရှိနေတတ်တယ်အမေ". . လို့၊ အမေ့ကို၊ စကားနိုင်လုရင်၊ အမေ. . ကျွန်တော့်ကို စိတ်ဆိုးစကား၊ ဆိုနေလေဦးမလား။အဲဒါ . . ခေတ်ပျက်တာပဲ. . လို့များ၊ ပြောလေမလား။ "တံပေါ့" . . လို့များ၊ ချေးသိပ် စကားဆိုလေမလား။ ကျွန်တော် မခန့်မှန်းတတ်။

✪



ဘာပဲဖြစ်ဖြစ်၊ ဘယ်အဝန်းအဝိုင်းမှာ ဖြစ်ဖြစ်၊ ခွေးတိုးပေါက်၊ မရှိရင်တော့၊ အကောင်းဆုံးပဲပေါ့။

ကျွန်တော်ငယ်ငယ်က၊ ပွဲခင်းထဲဝင်ခဲ့တဲ့၊ ခွေးတိုးပေါက်ရှိတဲ့ ကျောင်းဝင်းကြီးကို၊ အုတ်တံတိုင်း ခတ်လိုက်သလိုမျိုး. . ၊

နေရာ . . ဒေသ. . အဝန်း. . အဝိုင်း. . အသီးသီးမှာ၊ အဲဒီလို၊ ခိုင်မာတဲ့ တံတိုင်းမျိုးတွေနဲ့၊ သေသေချာချာ ကာရံ ခတ်ဆီးထားနိုင်ကြရင်၊ ခွေးတိုးပေါက်က၊ ဝင်ချင်တဲ့သူတွေ. . ၊ ဝင်လို့ အဆင်မရတော့ဘူးပေါ့။ ခွေးတိုးပေါက်လည်း၊ မရှိတော့ဘူးပေါ့။ အဲဒီအခါ . . ၊ ခွေးကတက်. . နဲ့၊ ပလ္လင်လည်း၊ ရောနှောစရာ၊ မရှိတော့ဘူးပေါ့. . ။ ။

✪✪✪

[ကွယ်လွန်သူ မေမေ (ဒေါ်မြရွှေ). . သို့ သတိတရ]

2014- Jul - 30

6: 30 (P.m)

THE FLOWER NEWS -ပန်းသတင်းဂျာနယ်

Vol . 10 , No . 31

12-18August,2014

www.burmeseclassic.com

www.burmeseclassic.com

ခွေးမြီးကျွေး

www.burmeseclassic.com

www.burmeseclassic.com

(၁)

"ယခုအခါ ဗြဟ္မဒတ်မင်းကဲ့သို့ တရားစွမ်းအင်ကို စမ်းသပ် လေ့လာသူများ၊ ပေါ်ပေါက်သင့်လေပြီ။ ထိုမင်းသည် တစ်နေ့သောအခါ၊ မြို့ပြစနည်းနာရင်း၊ ဟိမဝန္တာ ရသေ့ကြီးထံ၊ ရောက်သွားစဉ်၊ ရသေ့ကြီးက၊ စားနေကျ ညောင်သီးဖြင့်၊ ဧည့်ခံရာ၊ ချိုမြိန်လှသဖြင့်၊ အကျိုးအကြောင်း မေးလျှင်. . .

မင်းများမှ အစ၊ လူတို့ တရားစောင့်လျှင်၊

www.burmeseclassic.com

www.burmeseclassic.com



သီးနှံများ ဩဇာရှိ၍၊ တရားမစောင့်လျှင်၊
ဩဇာညံ့ ဖျင်းရသာကင်းသည်-ဟု၊ မိန့်သည်ကို၊
မယုံကြည်၍၊ လက်တွေ့ စမ်းသပ်မည်-ဟု၊ ပြန်လာခဲ့၏။
တိုင်းပြည်ရောက်လျှင်၊ တရားမရှိ မားမရှိ၊ မိမိ ထင်ရာ
လုပ်၍၊ အုပ်ချုပ်ရေးစနစ်ပြောင်းပြီး၊ ရသေ့ကြီးထံ
ပြန်လာရာ၊ဈောင်သီးဖြင့်ပင်၊ ဧည့်ခံသောအခါ၊ စားကြည့်

လျှင်၊ ခါးလှသဖြင့်၊ ရသေ့အမိန့် ရှိသည်မှာ
မှန်ကန်ကြောင်း၊ ဝန်ခံလျှောက်ထားရလေ၏။
(စတုက္ကနိပါတ်- ရာဇောဝါဒဇာတ်)"

"မင်းက . . ဘာကြောင့်၊ ဒီ. . , စာကြောင်းတွေ၊ ငါ့ကို၊
ဖတ်ပြရတာလဲ". . ဟု၊ သူငယ်ချင်းက. . ၊ ကျွန်တော့်ကို၊ မေး၏။
သူ့ကိုဖတ်ပြပြီးသော၊ (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ- ဓမ္မာစရိယ
ဦးဌေးလှိုင်)စာအုပ်ကို၊ စားပွဲပေါ်တွင်၊ ညင်သာစွာတင်ပြီး
ကျွန်တော်က. .

"မင်းနဲ့ ပြည်သူအားလုံး၊ တရားစောင့်စေ
ချင်လို့၊ကိုယ်ကျင့်တရားတွေ၊ ကောင်းစေချင်လို့
ငါ,နားလည်သလောက်၊ ငါနဲ့ လက်လှမ်းမီတဲ့သူ



တွေကို၊ ငါ,လိုက်ပြောနေတာကို၊ မင်းက. . . ,
ခွေးမြီးကောက်ကျဉ်ထောက်စွပ်နေတယ်. . လို့၊
ငါ့ကို၊ သရော်တယ်လေကွာ။

အဲဒါကြောင့်၊ ငါက,မင်း . . ကြားဖူးနားဝ,
ရှိအောင်၊ ဖတ်ပြတာ"

ကျွန်တော့်သူငယ်ချင်းက၊ ကျွန်တော့်ကို မဲ့ပြုံး ပြုံးလျက်၊
ကြည့်၏။ ဘာမျှ၊ ပြန်မပြော။ သူ . . မပြောပေမယ့်၊ ကျွန်တော်က,
သော့ ဆက်ပြောလေ၏၊

"အခုအချိန်အထိ၊ ကလေးတွေ အားလုံး၊
ကျူရှင်. . ကျူရှင် ဖြစ်နေကြတုန်း။ အခုအချိန်
အထိ၊ ဘတ်(စ)ကားတွေ. . တစ်စီးနဲ့တစ်စီး
အပြိုင် မောင်းပြီး၊ ခရီးသည်တွေကို၊ သဲအိပ်တင်
သလို၊ ဆွဲတင်၊ တွန်းချ လုပ်နေကြတုန်း။

အခုအချိန်အထိ၊ လာဘ်ပေး . . လာဘ် ယူ
တွေ၊ ရှိနေကြတုန်း။

ငါ့ရပ်ကွက်ထဲက၊ အမျိုးသမီးကြီး
တစ်ယောက်၊ နှစ်လုံးထီ ထိုး. . လို့ . . တဲ့။ ထောင်

www.burmeseclassic.com

www.burmeseclassic.com



(၂)နှစ်ကျတယ် . . တဲ့၊ သူ . . ထိုးတဲ့၊ ဒိုင်ကျတော့၊ ထောင်မကျဘူး . . . တဲ့၊ ထိုးတဲ့သူ . . မိလျက်နဲ့၊ ဒိုင်ကိုမမိဘူး . . တဲ့၊ ဟဲဟဲ၊

. . ငွေနဲ့မလိုက်လို့၊ (၂)နှစ်ကျတာ . . တဲ့၊ ငွေနဲ့ လိုက်ရင် အဲဒီလောက် မကျဘူး . . တဲ့၊ . . အဲဒီ့ အသံတွေ၊ ကြားနေရတုန်း။

. . ကားမောင်းတဲ့ သူတွေက,လည်း၊ လမ်းသွား လမ်းလာတွေကို၊ ဟွန်းတီးတီးပြီး၊ လမ်းဖယ်ခိုင်းနေကြတုန်း။

လမ်းပေါ်က၊ လူကို၊ ကားပေါ်က၊ လူက, ဦးစားပေးတဲ့ အနေနဲ့၊ ဟွန်းတီးပြီး၊ မဖယ်ခိုင်းသင့်ဘူးဆိုတာ၊ သဲ့သဲ့လေးတောင်၊ ပြောမယ့်သူမရှိဘူး။

လူကိုဖြစ်ဖြစ်၊ တားအချင်းချင်းဖြစ်ဖြစ်၊ ဟွန်းတီးပြီး၊ လမ်းဖယ်ခိုင်းတာ၊ ရိုင်းစိုင်းတဲ့ အပြုအမူဆိုတာ၊ အုပ်ချုပ်တဲ့ လူတွေတောင်၊ သေသေချာချာ မသိရှာကြဘူးထင်တယ်၊



လမ်းလျှောက်တဲ့ တချို့လူတွေက,လည်း၊ ယာဉ်ကြောကို၊ ကျောခိုင်းပြီး လျှောက်နေကြတုန်း။ သူတို့ လျှောက်ကြရမယ့်၊ ပလက်ဖောင်းတွေပေါ်မှာလည်း၊ ဆိုင်တွေ . . ကနားတွေနဲ့ ပြည့်သိပ်နေကြတုန်း . . ၊

စည်းကမ်းတွေ မဲ့နေကြတုန်း။ အတ္တတွေကြီး . . ၊ ဘီလူးစီးနေကြတုန်း။

တချို့က၊ စစ်မိန့်ပေးမှ၊ ဥပဒေလို့၊ ယူဆ, ပြီး၊ အမိန့်သံမကြားရင်၊ လိုက်နာစရာ . . လို့တောင်၊ မထင်ကြတော့ဘဲ၊ လုပ်ချင်ရာလုပ်နေကြတုန်း . . ၊

အဲဒီလိုတွေ ဖြစ်အောင်၊ပုံသွင်း . . ပုံလောင်းခဲ့ကြတဲ့ သူတွေကြောင့်၊ နိုင်ငံပြုပြင်ရတာ၊ တော်တော်ခက်မယ်၊

အဲဒါကြောင့် . . စာနာတရား . . ညာတာတရား . . ဆိုတဲ့၊ စိတ်ထားမျိုးတွေ . . ၊ ထားနိုင်ကြအောင်၊ ငါတ . . နီးစပ်ရာတွေကို၊ အကြံပေးတာကွ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို၊ အကြဲပေးတော့၊ မင်းအကြဲပေးတဲ့ အတိုင်း၊ လိုက်နာကြသလား။ အားလုံး. . လိုက်နာ ကြသလား"

ကျွန်တော်ခေါင်းခါမိ၏။

'. . အဖွဲ့အစည်းတချို့၊ တစ်ခုခုအကြောင်း ရှိလို့၊ အခမ်းအနားလုပ်ကြ။

ပြီးရင် . . ညနေစောင်းရင်၊ အရက်ဆိုင် ရောက်ကြနဲ့။ ငါ, လက်တို့ပြီး၊ ပြောလို့လည်း၊ မ ဘုရားဟောနဲ့. . . ဘာဖြစ်တယ်။ ညာဖြစ်တ လည်း၊ ပြောပြလို့မရ၊

ဗုဒ္ဓဘာသာနိုင်ငံဖြစ်ပြီး၊ အရက်ဆိုင် . . ဝလှုပ်နေတာပဲ။

ဦးဆောင်ဦးရွက်ပြုကြရမယ့် သူတွေတော အရက်တစ်မြမြနဲ့။

မြန်မာနိုင်ငံက၊ ဗုဒ္ဓဘာသာနိုင်ငံဗျို့၊ အရ သေစာ၊လုံးဝ. . ရောင်းချလို့ မရတဲ့ နိုင်ငံဗျို့. . ငါက, ကမ္ဘာတို့၊ အော်ပြောချင်တာ။



ဆယ်ယောက်မှာ၊ ရှစ်ယောက်လောက်က၊ သောက်နေကြတော့၊ ငါ. . အရှုံးဖြစ်တာပေါ့"

ကျွန်တော့် စကားကြောင့်၊ သူငယ်ချင်းဖြစ်သူ၊ တဟား ဟားရယ်လေ၏။

✪✪✪

(၂)

"ခွေးမြီးကောက်၊ ကျည်ထောက်စွပ်သလို၊ ဖြစ်နေတယ်. . လို့၊ အဲဒါကြောင့်၊ ငါ. . ပြောတာ ပေါ့ကွ။

သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ . . (သေရည်သေရက် မူးယစ်ဆေးဝါးတို့ကို၊ သောက်စားခြင်းမှ ရှောင်ကြဉ်ပါ) . . ဆိုတာ၊ ငါတို့၊ ဂေါတမမြတ်စွာဘုရားက၊ အိပ်မက်မက်ပြီး၊ ပြော ခဲ့တာမဟုတ်ဘူး။

လေးအသင်္ချေနဲ့ ကမ္ဘာတစ်သိန်း၊ ပါရမီဖြည့်၊ ဒုက္ကယစရိယ (၆)နှစ်ကျင့်ပြီးမှ၊ ထွန်းပေါ်လာတဲ့၊

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ပြောခဲ့တာ။

မင်းကျွင့်တရားက. . ဘယ်လို၊ နာယက ဝုဏ်က. . ဘယ်လိုမိဘ. . ဆရာ ဝတ်တ၊ ဘယ်လို သားသမီး ဝတ်၊ တပည့်ဝတ်တ၊ ဘယ်လို . . ဆိုတာ တွေကိုလည်း၊ အဲဒီ သဗ္ဗညုတဉာဏ်တော်ကြီးနဲ့ ပြောခဲ့တာကွ။

ဗဟုသုတရှိသလောက် ပြောရရင်၊ သံသရာ ဒုက္ခအားလုံးကို၊ တင်းပြီမ်းကျော်ဖြတ်ပြီး. . အလုံးစုံ ကို၊ သိမြင်တဲ့၊ ဉာဏ်တော်နဲ့ပြောခဲ့၊ ဟောခဲ့တာ။ မင်းရော. . အသိ၊ ငါရော အသိ။

မင်းသိတိုင်း၊ ငါသိတိုင်း. . မသိတဲ့လူတွေ ကို၊ လိုက်လိုက်ပြောနေမိတိုင်း၊ ပြောသလောက်၊ လုပ်တြမှာမှမဟုတ်တာ။

လူဆိုတာ၊ သူလုပ်ချင်တာ၊ လုပ်တာကွ။ မင်း . . ပင်ပန်းမှာစိုးလို့ငါက . . ခွေးမြီးကောက် ကျည် ထောက် စွပ်သလို ဖြစ်နေမယ်. . လို့၊ ငါ. . ပြော တာပါကွာ”



‘ငါတွင် မဟုတ်ပါဘူးကွ။ တကယ့်ထေကြီး ဝါကြီး၊ဆရာတော်ကြီးတွေလည်း၊ ပြောနေကြတာ ပါ။

ဘယ်သူ. . ဘယ်လို ပြောပြော၊ အရင် အတိုင်းပဲ. . ဆိုတာ၊ ငါ. . မြင်နေရတယ်ကွ။

တကယ်တော့၊ ငါ့ နိုင်ငံကို၊ ဝါ ချစ်လို့၊ ပြောမိတာပါကွာ”

✪

“ငါ့တိုင်းပြည်ကို၊အရက်သမားတွေ၊ အုပ်ချုပ် မှာ၊ လူသတ်သမားတွေ၊ လူလိမ်တွေ၊ ကိုယ်ကျိုး အတွက်၊ နိုင်ငံရေးဝင်လုပ်တဲ့လူတွေ၊ အုပ်ချုပ်မှာ ကို၊ငါ. . စိုးရိမ်နေတာပါကွာ။

အဲဒါကြောင့်၊ နိုင်ငံခေါင်းဆောင်ပဲ လုပ်လုပ်၊ ဆယ်အိမ်ခေါင်းပဲ လုပ်လုပ်၊ အရက်သမားတွေကို၊ မလုပ်စေချင်ဘူး။ လူလိမ်တွေ . . လူအတ္တတွေကို၊

www.burmeseclassic.com

www.burmeseclassic.com



မလုပ်စေချင်ဘူး။

အားလုံးကို တရားနဲ့အညီ ကျင့်သုံးပြီးသား၊ ဖြစ်စေချင်လို့ စင်ပေါ်တ, ပြောလိုက်၊ စင်အောက်မှာ၊ ပြောလိုက်၊ လုပ်နေမိတာ။

ကိုယ်ကျင့်တရား မကောင်းတဲ့လူတွေ၊ ဦးဆောင်ရင်၊ တိုင်းပြည်ပျက်တယ်. . လို့၊ ငါ. . , လေ့လာထားပြီးသားကွ။

ကိုယ်ကျင့်တရား မကောင်းဘဲ၊ ဦးဆောင်နေရင်၊ မိဘပဲ . . လုပ်လုပ်။ ဆရာပဲ. . လုပ်လုပ်။ ခေါင်းဆောင်ပဲ . . လုပ်လုပ်။ အဲဒါ. . အိပ်ပေါက်နဲ့၊ ဖားကောက်နေတာပဲ၊

အမှုထမ်း အရာထမ်းဘဝက . . အာဏာကြောင့် ဖြစ်ဖြစ်၊ ရာထူးကြောင့်ဖြစ်ဖြစ်၊ နိုင်ငံဘဏ္ဍာကို၊ မလိမ့်တစ်ပတ်နဲ့ ခိုးပြီး၊ ကျိုကျိုတက်ကြွယ်ဝ။

အဲဒီကြွယ်ဝ,မှုကို ဟို . . သားကပဲရှာသလိုလို။ ဒီ. . သမီးကပဲ . . ကြွယ်ဝ,တာလိုလို



စာရင်းပြ၊

ပြီးတော့ . . ဦးဆောင်တဲ့၊ ခုံပေါ်တက်ထိုင်။

. . ဆိုရင် . . ။

အဲဒီလို၊ အခြေအနေမျိုးကို၊ သူခိုးအုပ်ချုပ်တဲ့ အခြေအနေ. . လို့ပဲ၊ သတ်မှတ်ရမှာပဲ။

ကိုယ်ကျင့်တရား မကောင်းတဲ့၊ သူခိုးအုပ်ချုပ်မှုတော့။ . . . ”

ကျွန်တော့်ပြောလက်စ, စကားကို၊ သူငယ်ချင်းဖြစ်သူက၊ သတ်ကာ ဟန့်တား၏။

“မင်းကို ကြည့်ရတာ၊ သောက,များလိုက်တာ၊ လှမျိုးအောင်ရယ်”

“နိုင်ငံကို ချစ်တဲ့။ သောက,ပါကွာ” . . ဟု၊ ကျွန်တော်စိတ်အမောဖြင့်၊ ပြောဖြစ်၏။

“တဲ . . ၊ မင်း,မမောအောင်၊ ငါ. . , တစ်ခုပြောပြမယ်၊ မင်း . . ,သေသေချာချာတော့၊ နားထောင်။

မင်း . . ကြားနာပြီးသား၊ ဖြစ်နေရင်လည်း၊

www.burmeseclassic.com

www.burmeseclassic.com



ထပ်နားထောင်"

"အေးပါ"

✪

(၃)

"ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက၊ မုဆိုး . . တို့ တံငါသည် တို့တွေကို၊ တွေ့တိုင်း တွေ့တိုင်း၊ သီလ . . ခေါ်ခေါ်ပေးတယ်၊

မထေရ်ကြီးကို၊ ကြောက်ပြီး ဒုသီလ မုဆိုး တံငါတွေက၊ မငြင်းရဲဘဲ၊ သီလယူကြ။

ပြီးတာနဲ့ နေချင်သလို၊ နေကြတော့တာပဲ။ ဒီ . . ပုဂ္ဂိုလ်တွေ၊ ငါ့ဆီမှာ၊ သီလယူပြီ၊ မုဆိုးအလုပ် တံငါအလုပ်ပဲ ဆက်လုပ်နေကြတာပဲ . . လို့ တပည့်တွေရှေ့မှာ၊ မိန့်တော့၊

တပည့်တွေက။ အရှင်ဘုရား . . မတောင်းတဲ့သူကို၊ မပေးသင့်ပါဘူး၊ အရှင်ဘုရားက၊ မတောင်းဘဲ ပေးပေးနေသလိုဖြစ်နေပါတယ်။ သူတို့က၊ အရှင်ဘုရားရဲ့ စကားကို၊ မပယ်ရဲလို့သာ၊



သီလယူကြတာပါ။ အဲဒီလို လူတွေကို၊ နောက်နောင် . . ၊ သီလ,မပေးပါနဲ့တော့ . . လို့ လျှောက်ကြတယ်၊

ဂေါတမမြတ်စွာဘုရားက၊ ကြားသိပြီး . . သာရိပုတ္တရာက၊အခုမှ . . မြင်တဲ့သူတိုင်း . . တွေ့တဲ့ သူတိုင်းကို၊ သီလ, မတောင်းဘဲနဲ့၊ လိုက်လိုက်ပေးနေတာ မဟုတ်ဘူး။

ဗာရာဏသီပြည် ဗြဟ္မဒတ်မင်း လက်ထက် ငါ . . ဘုရား ပုဏ္ဏားမျိုးမှာ၊ ဖြစ်တုန်းက,လည်း၊ တွေ့တဲ့လူတိုင်းကို၊ သီလ . . လိုက်လိုက်ပေးဖူးခဲ့သေးတယ် . . လို့ မိန့်ပြီး၊ အတိတ်ဘဝ . . ကို၊ ဟောတယ်"

သူငယ်ချင်းက၊ ပြောလတ်စ,ကို၊ ရပ်ကာ၊ "မင်း . . သိပြီးသားလား" . . ဟု၊ ကျွန်တော့်ကို မေး၏၊ ကျွန်တော် ခေါင်းညိတ်ပြလိုက်သည်၊

"သိပြီးသားဆိုလည်း၊ ထပ်,နားထောင် ငါ, မင်းကို၊ ဥပမာပေးစရာရှိလို့"

www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

"ဘုရားလောင်း ကောရဗ္ဗကိုယက၊ အဲဒီ ဒိသာပါမောက္ခ ဆရာကြီးရဲ့၊ တပည့်။

ဆရာဖြစ်တဲ့ ဒိသာပါမောက္ခကြီးက၊ တွေ့တဲ့ လူတိုင်းကို၊ သီလ . . ခေါ်ခေါ်ပေးနေတာကို၊တပည့်ဖြစ်တဲ့ ကောရဗ္ဗကိုယက၊ တားချင်တယ်။

မတောင်းတဲ့လူကို၊ မပေးပါနဲ့၊ တောင်းမှ ပေးပါ. . လို့၊ တပည့်တွေက,လည်း၊ ဝိုင်းပြောကြ တယ်၊ ဒါပေမဲ့. . . မရဘူး။

အဲဒါကြောင့်၊ ဘုရားလောင်း ကောရဗ္ဗကိုယ က၊ တစ်နေ့မှာ၊ ဆရာဖြစ်တဲ့သူက၊ အပြင်ကို၊ ကိစ္စ နဲ့ အသွားခိုင်းတော့၊ အပြန်လမ်းမှာ . . ၊ချောက် ကမ်းပါးကြီး၊ တစ်ခုထိပ်ရောက်တော့၊ ပါလာတဲ့ အဖော်တွေကို၊ ပြန်ခိုင်းပြီး၊ အဲဒီချောက်ကြီးထဲကို ကျောက်ခဲကြီးတွေ တစ်ခဲပြီးတစ်ခဲ ပစ်ချတယ်။

ဘေးက၊ အဖော်တွေက၊ ဘာဖြစ်လို့၊ ချောက်ထဲ ကျောက်ခဲကြီးတွေ ပစ်ချတာလဲ။



မေးတာ၊ မဖြေဘူး။

အဲဒီလိုနဲ့၊ ဒိသာပါမောက္ခဆရာကြီးဆီ၊ အဲဒီ သတင်းရောက်တော့၊ ဆရာကြီးကိုယ်တိုင်လာမေး တာပေါ့။

မင်း. . ဘာဖြစ်လို့ ချောက်ထဲကို၊ ခဲကြီးတွေ ပစ်ချနေရာတာလဲ. . မေးတော့။

မြစ်တွေ . . သမုဒ္ဒရာတွေ. . ချောက်တွေ က၊ နိမ့်၊ တောင်တွေက . . မြင့်နဲ့၊ မြေကြီး မညီညာ လို့၊ မြေညီအောင်၊ ဒီချောက်ထဲကို၊ ခဲတွေပစ်ချပြီး၊ မြေညီနေတာပါ. . တဲ့။

ဟာ၊ မင်း, မဖြစ်နိုင်တာကို၊ တွေးရသလား။ အဲဒီ ချောက်ထဲဖို့ဘို့၊ ကျောက်ခဲရှာတာနဲ့တင်၊ မင်း . . သေသွားမယ်. . ၊မဖြစ်နိုင်ဘူး . . လို့ ဆရာက, ပြောတော့။

တပည့် ကောရဗ္ဗကိုယက၊ လူဖြစ်တဲ့၊ ကျွန်တော်တ၊ မြေကြီးတစ်ပြင်လုံး ညီအောင် မလုပ် နိုင်ဘူးဆိုပါတော့၊ အဲဒီလိုပဲ၊ သူ့အယူအဆ,နဲ့သူ၊

www.burmeseclassic.com

www.burmeseclassic.com



နေချင်သလို နေနေကြတဲ့၊ လူတွေကိုလည်း၊ ကိုယ်ဖြစ်ချင်သလို၊ ဖြစ်အောင်၊ လိုက်လိုက်လုပ်နေတာလည်း၊ . . မဖြစ် နိုင်တဲ့ ကိစ္စပဲ. . လို့၊ ပြောလိုက်တော့မှ၊ ဆရာဖြစ်တဲ့သူက၊ သူ့တပည့် ဘာကိုဆိုလိုတယ်ဆိုတာ၊ သိသွားပြီး၊ . . အေးပါ။ . . မလိုချင်တဲ့ သူတွေကို၊ ငါ. . မပေးတော့ပါဘူး. . လို့၊ ဆုံးဖြတ်လိုက်တယ် . . တဲ့၊

မင်းလည်း၊ ဘယ်သူ့အပေါ်ပဲဖြစ်စေ၊ မေတ္တာစေတနာ ဘယ်လောက်ရှိရှိ၊ မေးမှဖြေ၊ တောင်းမှ ပေးပါကွာ။

ပြောပြ . . ရှင်းပြတုန်း၊ အားနာလို့၊ လိုက်နာပါ့မယ် ပြုပြီး၊ သူတို့ နေချင်သလို နေနေကြတဲ့ သူတွေရဲ့ စရိုက်တို၊ ကြည့်ရင်း၊ ကောက်နေတဲ့၊ အမြီးကို၊ မင်းက,ကျည်ထောက်နဲ့၊ လိုက်စွပ်နေသလို၊ ဖြစ်နေတယ်. . လို့၊ ငါ မြင်လို့၊ ခွေးမြီးကောက်ကျည်ထောက်စွပ်. . လို့၊ ငါပြောမိတာပါ။

မသိချင်တဲ့ လူကိုပြောရတာ၊ မလိုချင်တဲ့



သူကိုပေးရတာ၊ ကိုယ်ပေးတဲ့ အရာရဲ့တန်ဖိုး၊ လျော့တတ်တယ်ကွ။

မင်းတောင်၊ ခဏ ခဏ ပြောဖူးပါတယ်ကွာ။ မျောက်ကို၊ ရွှေချောင်း မပေးမိစေနဲ့၊ သူကြိုက်တဲ့ ငှက်ပျောသီးပဲ . . ပေး၊ ဆိုတာလေ. . ”

“ဒီလောက် တကြော်ကြော် အော်ဟစ်တောင်းဆို . . တင်ပြ . . ရေးသား . . ပြောပြနေကြတာတောင်မှ၊ မဆိုင်သလိုလို၊ မပိုင်သလိုလို၊ မနိုင်သလိုလိုတွေ၊ လုပ်နေတာ မြင်လို့၊ ငါ. . စကား ကြမ်းပြောမိတာပါ။

အခု . . မင်း ပြောပြတဲ့၊ ကောရက္ခိယဇာတ်ကို၊ ငါ. . ကြားဖူးပြီးသား၊ ဆိုပေမယ့်၊ မင်း. . သတိပေးသလိုပဲ၊ ငါ. နေပါတော့မယ်၊ မင်းကို၊ ငါ . . ကျေးဇူးတင်ပါတယ်”

“ဒေါသ. . သောက,တွေကြောင့်၊ မင်း, စိတ်ပင်ပန်းမှာစိုးလို့၊ ငါ, သိထားတာလေး ပြောပြတာပါ”. . ဟု၊ သူငယ်ချင်းပြော၏။

www.burmeseclassic.com

www.burmeseclassic.com



"ပေါက်လို့ပဲစားတွေ မြင်တိုင်း၊ မဆိုင်သလို၊ မနေတတ်တာ၊ ငါ့၊ အားနည်းချက်ပါကွာ။

လူကြီးလုပ်ပြီး၊ လူကြီးစကားမပြောရင်၊ ခေါင်းဆောင်လုပ်ပြီး၊ ခေါင်းဆောင် စရိုက် မရှိရင်၊ ငါ. . ,တစ်ခုခုဝင်ပြောချင်မိရော။ . . "

"မင်း စိတ်ထားကို၊ ငါ,သိပါတယ်။ ဒါပေမဲ့ . . ၊ မေးတဲ့သူရှိမှသာ၊ ပြောပါတော့ကွာ။ နော်"

ကျွန်တော် ခေါင်းညိတ်လိုက်၏။ ခွေးမြီးကောက်တွေကို တော့၊ စိတ်ထဲက၊ ထုတ်၍ မရသေး။

✪

"ပြောလက်စနဲ့၊ မင်းကိုပဲ၊ အပြစ်တင်တဲ့ စကား၊ ဆက်ပြောခဲ့ဦးမယ် သူငယ်ချင်း။

ခွေးမြီးကောက် ကျည်ထောက်စွပ် . . နေ တယ်ဆိုရာမှာ၊

ကောက်တဲ့အမြီးရဲ့၊ အပြစ်မဟုတ်ဘူးကွ။



ကောက်နေမှန်းသိရက်နဲ့၊ ကျည်ထောက်စွပ်ပြီး၊ ဖြောင့်နိုး မျှော်ကိုးသူရဲ့ အပြစ်ပဲ။

ခွေးတွေက၊ နဂိုကတည်းက၊ အမြီးက၊ ကောက်ပြီးသား။ တချို့ ခွေးတွေရဲ့၊ အမြီးဆိုရင်၊ ကောက်ရုံတွင်မဟုတ်ဘူး၊ ခွေတောင်ခွေနေကြပြီ။

မြီးညောင်းရိုးအပေါ်မှာ၊ အမြီးကို ခွေ. . လို့၊

အဲဒီကောက်တဲ့၊ ခွေတဲ့၊ ခွေးအမြီးတွေကို၊ မင်း. . မတွေ့ချင်ရင်တော့၊

ကျည်ထောက်နဲ့ စွပ်မနေနဲ့၊ တစ်ခါတည်း သာ၊ အရင်းက ဖြတ်ပစ်လိုက်ပေတော့"

ခွဲစကားဟု၊ ကျွန်တော်နားလည်သည်၊

"ကမ္ဘာမှာဘဲ ဖြစ်ဖြစ်၊ မြန်မာမှာပဲ ဖြစ်ဖြစ်၊ လူဦးရေ ဘယ်နှစ်သိန်းရှိရှိ၊

တကယ် ပြုပြင်ချင်တာဆိုရင်၊ မင်းလည်း . . မင်းကိုယ်မင်း၊ တောင်းအောင်ပြင်၊ ငါလည်း၊ ငါ့ကိုယ်ငါ၊ ကောင်းအောင်၊ ပြင်၊ တခြား လူတိုင်း လည်း၊ ကိုယ့်ကိုယ်ကိုယ် ကောင်းအောင်ပြင်နေ

www.burmeseclassic.com

www.burmeseclassic.com



တတ်ကြရင်။

တစ်လောက,လုံး၊ တစ်ကမ္ဘာလုံး၊ တစ်နိုင်ငံလုံး၊ကောင်းသွားမှာပါပဲ။

သူများနေရာမကျတာကို၊ လျှောက်မပြောနဲ့။ ကိုယ်နေရာကျတာ မကျတာ၊ သိရင် တော်ပြီ။ နေရာမကျတာကို၊ နေရာမကျဘူး. . လို့၊ သိရင်၊ နေရာကျပြီဗျာ- ဆိုတဲ့၊ဝေဘူဆရာတော်ဘုရားကြီးရဲ့၊ ဩဝါဒတော်ကို၊ မင်း. . ကြားနာမှတ်သားဖူးမှာပါ။

ဗမာစကားကို၊ သေသေချာချာ၊ နားမလည်တတ်သူတွေ၊ နားလည်လွယ်အောင်၊ ပြန်ပြောပြရရင်. .

သူများ မကောင်းတာကို၊ လျှောက်မပြောနဲ့။ ကိုယ်မကောင်းတာ။သိရင်၊တော်ပြီ။ မကောင်းတာကို၊ မကောင်းသေးဘူး. . လို့၊ သိရင်၊ အဲဒါ. . တတယ် ကောင်းတော့မယ်. . ဆိုတဲ့၊ အဓိပ္ပါယ်ပေါ့။



အဲဒီတော့၊ မင်းရော . . ငါရော. . သူတစ်ပါး ကောက်တာ၊ မကောက်တာ၊ ပြောမနေတော့ဘဲ။ ကိုယ့်ဘာသာ၊ နေလိုက်ကြရုံပေါ့။ နော် . . သူငယ်ချင်း"

"ဒါပေါ့". . ဟု၊ ကျွန်တော်ပြောပြီး၊ ငယ်စဉ်က၊ သူငယ်ချင်းမိန်းကလေးတစ်ယောက်၊ ပြောခဲ့ဖူးသော၊ စကားတစ်ခွန်းကို၊ ပြန်လည်၍ အမှတ်ရ ကြားယောင်မိချေသည်။

"နင့်လို မိုက်မိုက်ကန်းကန်းက၊ လူရိုးလူဖြောင့်၊ မြင်ဖူးချင်တယ် ဟုတ်လား . . လှမျိုးအောင်။

နင်. . မသေမချင်း မှတ်ထား။ ဒီ,ခေတ်မှာ . .၊ ကောက်ကောက်ထဲမှာ အဖြောင့်ရှာ။ ကွေးကွေးလေးဟာ၊ အဖြောင့်ပါပဲ . . တဲ့၊ မှတ်ထား။

ကွေးကွေးလေး တွေ့ရင်ပဲ၊ နင်. ., ထိုင်တန်တော့လိုက်ပေတော့"

✪

www.burmeseclassic.com



အနီးတွင်ရှိသူ၊ သူငယ်ချင်း၏ စကားစေတနာကို၊ သိမှတ်လိုက်နာသော အားဖြင့်၊ ခွေးမြီးကောက်ကို၊ ကျည်ထောက် မစွပ်တော့သော်လည်း၊ ခွေးမြီးကွေးကွေးလေး တစ်ကောဝ်လောက်တိုတော့၊ မြင်ဖူးတယ်ရှိအောင်၊ ဖွေရှာငေးမောနေချင်မိသေးသည်. . . .

✪✪✪

2014- Aug - 22
10: 00 (P.m)
THE FLOWER NEWS - (ပန်းသတင်း)-ဂျာနယ်
Vol . 10 , No . 35
9-15 SEPTEMBER ,2014

# ခွေးလည်ပတ်

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်ရှိ၊ ဗိုလ်တထောင် စေတီတော်သို့ ကျွန်တော် မကြာခဏရောက်ဖြစ်သည်။

၁။ အရှင်ကောဏ္ဍည မထေရ် (ညဉ့်သုံးယံကို သိသူ၊ ရဟန်း<br>
သိက္ခာ ဝါအကြီးဆုံး ပုဂ္ဂိုလ်။<br>
သစ္စာလေးပါးတရားကို၊<br>
အစောဆုံးသိသောအရာ၌<br>
ရတ္တညူ ဧတဒဂ်ဘွဲ့ရ)၊

၂။ အရှင်သာရိ ပုတ္တရာ (ဉာဏ်ပညာအရာ၌ ဧတဒဂ်ဘွဲ့ရ)။

www.burmeseclassic.com

www.burmeseclassic.com



၃။ အရှင်မဟာမောဂ္ဂလာန် (တန်ခိုး ဣဒ္ဓိပါဒ်အရာ၌ ဧတဒဂ် ဘွဲ့ရ)။

၄။ အရှင်မဟာကဿပ (ဓုတင်ဆောင်ရာ၌ ဧတဒဂ်ဘွဲ့ရ)။

၅။ အရှင်အနုရုဒ္ဓါ (ဒိဗ္ဗစက္ခု အဘိညာဉ် အရာ၌ဧတဒဂ်ဘွဲ့ရ)။

၆။ အရှင်ကင်္ခါရေဝတ(ဈာန်ဝင်စားခြင်း အရာ၌ ဧတဒဂ်ဘွဲ့ရ)။

၇။ အရှင်သီဝလိ (လာဘ်ပေါ်များခြင်းအရာ၌ ဧတဒဂ်ဘွဲ့ရ)။

၈။ အရှင်အာနန္ဒာ(ဗဟုသုတ အကြားအမြင်များရခြင်း၊ သတိ ကောင်းခြင်း၊ လုံ့လကြီးခြင်း၊ ဉာဏ် ကောင်းခြင်း၊ အလုပ်အကျွေးအပြုအစု ကျွင်းခုန် ဧတဒဂ်ဘွဲ့ရ)။

၉။ အရှင်ကာလုဒါယီ (ကာဠုဒါယီ) (ဆွေတော်မျိုးတော်တို့ကို ကြည်ညိုစေခြင်းအရာတို့၌ ဧတဒဂ်ဘွဲ့ရ)။

၁၀။ အရှင်ဗာကုလ (ကျန်းမာခြင်းနှင့် ပြည့်စုံခြင်း ဧတဒဂ်ဘွဲ့ရ)။

၁၁။ အရှင်ဝက္ကလိ (သဒ္ဓါတရား လွန်ကဲခြင်းအရာ၌ ဧတဒဂ် ဘွဲ့ရ)။

၁၂။ အရှင်ပိလိန္ဒဝစ္ဆမထေရ် (နတ်တို့ချစ်မြတ်နိုးသော အရာ၌ ဧတဒဂ်ဘွဲ့ရ)။



၁၃။ အရှင်ကုမာရကဿပ (ဆန်းကြယ်စွာ တရားဟောခြင်း အရာ၌ ဧတဒဂ်ဘွဲ့ရ)။

၁၄။ အရှင်ဗာဟိယ ဒါရုစီရိယ(မဂ်ဖိုလ် အဘိညာဏ်ကို လျင်မြန် စွာ ထိုးထွင်း၍ သိခြင်းအရာ၌၊ ဧတဒဂ်ဘွဲ့ရ)။

၁၅။ အရှင်ဥရုဝေလကဿပ (အခြံအရံများခြင်း အရာ၌ ဧတဒဂ်ဘွဲ့ရ)။

၁၆။ အရှင်ဥပါလိ (ဝိနည်းဆောင်ခြင်းအရာ၌ ဧတဒဂ်ဘွဲ့ရ)။

၁၇။ အရှင်နန္ဒ (ဣန္ဒြေစောင့်ခြင်းအရာ၌ ဧတဒဂ်ဘွဲ့ရ)။

၁၈။ အရှင်သောဘိတ(ပုဗ္ဗေနိဝါသ အဘိညာဉ်အရာ၌ ဧတဒဂ်ဘွဲ့ရ)။

အရှင်မ မဟာဂေါတမီ ထေရီ (သိက္ခဝါ အကြီးဆုံးအရာ၌ ဧတဒဂ်ဘွဲ့ရ)။

အရှင်မ ခေမာထေရီ (ပညာကြီးသော အရာ၌ ဧတဒဂ်ဘွဲ့ရ)။

အရှင်မ ဥပ္ပလာဝဏ္ဏာထေရီ(တန်ခိုးဣဒ္ဓိပါဒ်အရာ၌ ဧတဒဂ်ဘွဲ့ရ)။

အရှင်မ ဘဒ္ဒကစ္စာနာ (ယသော်ဓရာ ထေရီ) (ကြီးကျယ်သော၊ အသိပညာသို့၊ ရောက်သည့် အရာ၌

www.burmeseclassic.com

www.burmeseclassic.com



တေဒင်ဘွဲ့ရ)။

✪

တဖုဿဥပါသကာနှင့် ဘလ္လိက ဥပါသကာ(ရှေးဦးစွာ သရဏဂုံ ခံယူရသော အရာ၌ တေဒင်ဘွဲ့ရ)။

ဆေးဆရာကြီးဇီဝက (မြတ်စွာဘုရားအပေါ်၌ ပုဂ္ဂိုလ်စွဲ ကြည်ညိုသော အရာ၌ တေဒင်ဘွဲ့ရ)။

အနာထပိန် (လှူဒါန်းပေးကမ်းစွန့်ကြဲသော အရာ၌ တေဒင်ဘွဲ့ရ)။

သုဇာတာ (ရှေးဦးစွာ သရဏဂုံ ဆောက်တည်သော အရာ၌ တေဒင်ဘွဲ့ရ)။

ဝိသာခါကျောင်းအစ်မ (အလှူအတန်းပေးကမ်းခြင်း၌ မွေ့လျော်သော အရာဝယ် တေဒင်ဘွဲ့ရ)။

သာမာဝတီ (မေတ္တာဖြင့် နေလေ့ရှိသော အရာ၌ တေဒင်ဘွဲ့ရ)။

သပ္ပဝါသာ သာကီဝင် မင်းသမီး (မွန်မြတ်သည်ကို လှူသော အရာ၌ တေဒင်ဘွဲ့ရ)။

✪



အထက်ဖော်ပြပါ တေဒင်ဘွဲ့ရ ပုဂ္ဂိုလ်များ၏ အမည်နာမ, များကို ဖတ်မှတ်နေစဉ်၊ ကျွန်တော့် အနီးသို့ အဘ, ရောက်လာ၏။

"မင်းက တေဒင်ဘွဲ့ လိုချင်လို့လားကွ" . . ဟု၊ အဘ,က ပြုံးလျက်မေး၏။

တေဒင်။ ။ ပညာအရာ တန်ခိုးအရာ စသည်တို့တွင်၊ အထူးချွန်ဆုံးအဖြစ်၊ မြတ်စွာဘုရားက သတ်မှတ်တော်မူသော ဂုဏ်အရည်အချင်း . . ဟု၊ ပါဠိဝေါဟာရ. . "တေဒင်"၏ အဓိပ္ပါယ်ကို၊ လေ့လာမှတ်သားဖူးသော၊ ကျွန်တော်က. .

"မြတ်စွာဘုရားက ပရိနိဗ္ဗာန်ပြုသွားပြီပဲ အဘရယ်။ ကျွန်တော်မရနိုင်တော့ပါဘူး။

ဘုရားရှင်သာ သက်ရှိထင်ရှား ရှိနေဦးမယ် ဆိုရင်တော့၊ ဘုရားပေးတဲ့ တေဒင်ဘွဲ့ တစ်ခုခုတော့ ကျွန်တော်လိုချင်မိမှာပါပဲ"

"အေး။ ဘုရားပေးတဲ့ ဘွဲ့တ,လွဲရင်၊ ကျန်တဲ့ ဘွဲ့ဆိုတာတွေက၊ တစ်ဘဝစာ . . တစ်နပ်စာ လက်မှတ်တွေပဲကွ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က၊ အဲဒီ့တစ်ဘဝစာ ..

တစ်နပ်စာဆိုတဲ့၊ လက်မှတ်တောင်၊ တစ်ခုမှ မရ

ဖူးဘူး .. အဘရဲ့"

"သီလနည်းခဲ့ရင်၊ ဘွဲ့တို့ .. ဆုတို့..

မရဘူးကွ"

အဘက,ပြောပြီး ဘုရားဆင်းတုတော် တစ်ဆူကို။ ဦးချ ရှိခိုး၏။ ကျွန်တော်လည်း အဘနှင့်အတူ၊ ဦးချရှိခိုးသည်။

အဘသည် အညိုရောင် အဖြူရောင်တွေ၊ ဝင်ဆင်ထား သူမဟုတ်။ ရှေးခေတ် မင်းညီ မင်းသား တို့၊ ဝတ်ဆင်လေ့ရှိသော အင်္ကျီတစ်ထည်ကို၊ ဝတ်ဆင်ထားပြီး အကွက်ကျဲ လုံချည်ကို ဝတ်ဆင်ထားသူဖြစ်သည်။ လက်ထဲတွင်။ ဝါးမင်း တောင်ဝှေး ကိုင်ဆောင်ထား၏။ ဘုရားရှိခိုး ပြီးသည့်အခါ၊ ကျွန်တော်က..

"သီလ နည်းခဲ့ရင်၊ ဘွဲ့တို့ ဆုတို့မရဘူး

ဆိုတာ၊ဘာကိုပြောတာလဲ အဘ"

"လူတစ်ယောက်က။ အလွန်ကြိုးစားလို့

အလွန်တော်တယ်ကွ။ အဲဒါ.. ပစ္စုပ္ပန်ဘဝ,မှာ

သူ ကြိုးစားလို့၊ ရိုးသားလို့။ ပြီးတော့ .. အဲဒီ့



ရိုးသား ကြိုးစားမှုကို၊ အတိတ်ဘဝ.. သံသရာက ပြုခဲ့သမျှ ဒါနစွမ်းအားတွေက၊ ထောက်ပံ့လို့ကွ။

အေး..။ သူ.. ဘယ်လို တော်တော်၊

ဘယ်လောက် ထက်ထက်။ ဆုမရတာ..၊ ဘွဲ့ တံဆိပ်မရတာဟာ၊ အတိတ်ဘဝ .., သံသရာက၊ သီလ..စွမ်းအား နည်းခဲ့လို့ကွ"

'ဒါဆို၊ ကျွန်တော် ဘွဲ့မရတာ၊ စာညံ့လို့၊ မဟုတ်ဘူးပေါ့။ သီလနည်းခဲ့လို့ပေါ့။ ဟုတ်လား အဘ"

"ဟ,ကောင်။ စာညံ့တာက၊ အတိတ်ပစ္စုပ္ပန် နှစ်တန်စလုံးမှာ၊ နင်..ဒါန နည်းခဲ့လို့။ ပြီးတော့ .. စာ,မကျက်လို့ပေါ့ကွ။ အေး..။ စာတော်ရဲ့ သားနဲ့၊ အောင်မြင်မှုနဲ့ အမြဲတမ်းလွဲနေရင်၊ အဲဒါ..အတိတ်,ပစ္စုပ္ပန်၊ နှစ်တန်စလုံးရဲ့.. သီလ,မွဲမှု၊ သီလနည်းမှုကြောင့်ပဲ"

"ဒါဆို၊ မတော်ဘဲနဲ့ အထက်ရောက်နေကြ တဲ့ သူတွေက၊ အတိတ်ဘဝက..,သီလအားတွေ၊

www.burmeseclassic.com

www.burmeseclassic.com



ကောင်းခဲ့ကြလို့ပေါ့။ ဟုတ်လား . . အဘ”

“အတိတ် ပစ္စုပ္ပန် နှစ်ခုစလုံးကို၊ သုံးသပ်ရတယ်ကွ။

မင်း . . ခန့်မှန်းလွယ်အောင်၊ အဖြစ်အပျက် တစ်ခု ပြောပြမယ်။ ဥာဏ်စိုက်ပြီး၊ နားထောင်”

“ဟုတ်ကဲ့ အဘ”

“ဆင်းရဲသား လင်မယား နှစ်ယောက်၊ သူဌေးအိမ်မှာ၊ လယ်စာရင်းငှားလုပ်တယ်။

တစ်နေ့ လယ်ကွင်းထဲက၊ မြေခဲတွေက၊ ရွှေတုံးတွေဖြစ်နေရော၊

အဲဒီ ဆင်းရဲသား လင်မယားက၊ သူရှိ သူဌေးတို့၊ အကြောင်းကြားတော့၊ သူဌေးက၊ အဲဒီ ရွှေတုံးတွေကို၊ ကိုင်လိုက်တာ၊ မြေခဲပြန်ဖြစ်သွားတယ်။

ဒါနဲ့ . . သူဌေးက၊ ဘုရင်ကို အဲဒီရွှေတုံးရွှေခဲတွေ ဆက်သ,တော့၊ ဘုရင်က ကိုင်မိလိုက်ပြန်ရော၊



ဘုရင်ကိုင်လိုက်တဲ့ အခါမှာလည်း၊ အဲဒီရွှေတုံးရွှေခဲတွေက၊ မြေကြီးခဲတွေ၊ ပြန်ဖြစ်သွားပြန်တယ်။

ဒါနဲ့ . . ဘုရင်က၊ ဆင်းရဲသားလင်မယားကို၊ အဲဒီမြေကြီးခဲ ဖြစ်ဖြစ်သွားတဲ့၊ မြေခဲတွေကို၊ ကိုင်ခိုင်းလိုက်တော့၊ အဲဒီမြေခဲတွေက၊ ရွှေတုံး ရွှေခဲတွေ ပြန်ဖြစ်သွားရော . . ။

အဲဒီအခါ၊ ဘုရင်က . . ဒီ . . မြေကြီးကဖြစ်တဲ့ ရွှေတုံး ရွှေခဲတွေဟာ. . ၊ ငါ့ဟာလည်း မဟုတ်ဘူး။ သူဌေးဟာလည်း မဟုတ်ဘူး။

ဒီ. . ဆင်းရဲသား လင်မယားနှစ်ယောက်ရဲ့ ဥစ္စာပစ္စည်းတွေသာဖြစ်တယ်. . လို့၊ မှတ်ချက်ပြုပေးလိုက်သတဲ့။

ဆင်းရဲသား လင်မယားလည်း၊ သူဌေးဖြစ်သွားတာပေါ့ကွာ။ ဒါ့အပြင်. . သူရို့ကို၊ ဘုရင်က . . သူဌေးဘွဲ့ပါပေးလိုက်သတဲ့”

အဘက၊ စကားရပ်ပြီး . .

www.burmeseclassic.com

www.burmeseclassic.com



"ဒါကို မြေကြီးက၊ ရှေ့သီးတယ် . . လို့၊ ခေါ်သတွ"

"ဟုတ်ကဲ့ အဘ"

"ဆင်းရဲသား လင်မယား၊ မြေကြီးက ရှေ့သီးတာ၊ သူရို့ရဲ့ . . ဒါန စွမ်းအား။ မင်း. ., နားလည်အောင် ပြောရရင်၊ သူရို့ရဲ့ အတိတ် ဘဝက. . ဒါနစွမ်းအား"

"ဟုတ်ကဲ့"

"တိုင်းပြည်ထဲမှာ၊ တခြား သူဌေးတွေလည်း၊ ရှိကြပါလျက်နဲ့၊ သူရို့ကိုမှ၊ ဘုရင်က၊ သူဌေးဘွဲ့ ပေးတာဟာ။

အဲဒါ . . သူရို့ရဲ့ . . သီလစွမ်းအား။ အတိတ်ဘဝတ . . သီလ,စွမ်းအား၊ ထောက်ပံ့ လိုက်တာပဲ"

"ဩော်"

"အဲဒီ အဖြစ်အပျက်ကို အခြေခံပြီး၊ မင်း . . ဥာဏ်စိုက်ပြီး ဆင်ခြင်ကြည့်ပေါ့၊



မြေကြီးက ရှေ့သီးတာ . . ဒါနကြောင့်ပဲ၊ သူဌေးဘွဲ့ရတာ . . သီလကြောင့်ပဲ၊

ဒါကို၊ ဆင်ခြင်ပြီး၊ မင်းတို့ . . လောကီ ကိစ္စတွေမှာ၊ ခန့်မှန်းချင်သပ,ဆိုရင်၊

အောင်မြင် ကျော်ကြားတာ . . ဒါနစွမ်းအား ပဲ၊ ဆုမရဘွဲ့မရတာ၊ သီလ. . စွမ်းအားနည်းလို့ပဲ၊

ငါ့ဆီလာလာနေတဲ့ မင်းသား မင်းသမီး တွေကို၊ ဥပမာထားပြီး ပြောပြရရင်၊ ပရိသတ် ချစ်နေတာ ရောင်းကွက်မှာ၊ တစ်-ဖြစ်နေတာ၊ အတိတ်ပစ္စုပ္ပန်နှစ်ခုရဲ့. . ဒါန စွမ်းအား၊

အေး . . ပရိသတ်ချစ်. . ဈေးကွက်မှာ တစ်ဖြစ်ပါလျက်၊ ရွှေစင်ရုပ်ဆု မရတာ၊ အဲဒါ. . အတိတ်, ပစ္စုပ္ပန်နှစ်တန် စလုံးမှာ. . သီလ လျော့ နည်းနေလို့ပဲတွ"

"ဟာ၊ တျွန်တော် ရှင်းပြီ၊ နားလည်ပြီ၊ အဘ၊

တစ်ခုတော့ . . ထပ်မေးချင်သေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"မေးလေကွာ"

"သီလ လျော့နည်းနေပါလျက်နဲ့ ဆုရတယ် .. ဆိုရင်ရော.."

"ဟဲ့ကောင်။ နင်..၊ သူတစ်ပါးကို၊ မနာလိုစိတ်နဲ့ မေးနေတယ်"

"မနာလိုတာ မဟုတ်ပါဘူး အဘရဲ့။ သိချင်ရုံပါ"

"အခု..ဘဝ..၊ သူ..သီလ မစင်ကြယ်ပေမယ့်၊ အတိတ်က သီလ, စွမ်းအားကြီးရင်၊ အခု..သူ ..ဆုရနေဦးမှာပေါ့ကွ"

"ဪ ..၊ ဟုတ်ပြီ ..ဟုတ်ပြီ"

" အတိတ်ကံကြောင့်၊ ထည်ဝါနေကြသမျှ၊ မစွပ်ပွန်ကံလည်း၊ မပြည့်ကျင့်၊ အတိတ်က ကံအဟုန်လည်း ကုန်ပြီ ဆိုရင်တော့ ..။

အဲဒီလို..လူမျိုးတွေဟာ၊ ခွေးကျ..ကျ။ ခွေးသေ ..သေပေါ့"

✪✪✪



ဘုရားပေးတဲ့ ဘွဲ့က,လွဲရင်၊ ကျန်တဲ့ ဘွဲ့ဆိုတာတွေက၊ တစ်ဘဝစာ ..တစ်နပ်စာ ဆိုတော့..။

ဟို ..။ ငြိမ်းချမ်းရေး နိုဘယ်ဆု .. ဆိုရင်ရော ..အဘ။ အဲဒါ.. တစ်ဘဝစာပဲလား"

"မင်း ..၊ တယ် အမေးအမြန်းထူသကိုး"

"သိချင်လို့ပါ အဘရယ်"..ဟု၊ ကျွန်တော် တောင်းပန်ရ၏။

"ဘုရားပေးတဲ့၊တေဇဂ်ဆုမဟုတ်ရင်၊ဘယ်ဆုဖြစ်ဖြစ်၊ အမြင့်မြတ်ဆုံးတော့၊ မဟုတ်ဘူးကွ။

သို့ပေဖဲ့၊ ခုနှစ်ရတ်သားသမီး..အကျိုး၊ လူ့လောက အကျိုးအတွက်၊ ဆောင်ရွက်လို့၊ လူအချင်းချင်းက၊ ပေးတယ်ဆိုရင်တော့၊ ဒါ..ဘုရားအမွှန်းတင်မှာပါကွ"

"ဟို..။ လူအချင်းချင်း တိုက်ခိုက်သတ်ဖြတ်လို့၊ ရတဲ့.. သူရဲကောင်းဘွဲ့ ဆိုတာမျိုးကိုရော..၊

ဘုရားချီးမွမ်းပါ့မလား ..အဘ"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ကောင်။

နင်.. သေသေချာချာ မှတ်"

"ဟုတ်ကဲ့။ မှတ်ပါမယ် အဘ"

"အမျိုး .. ဘာသာ .. သာသနာ .. နဲ့၊ တိုင်းပြည် လူမျိုးတို့ရဲ့ အသက် ဇီဝကို၊ ကာကွယ်ဖို့၊ တိုက်ခိုက် သတ်ဖြတ်မိရင်တောင်၊ အဲဒီ ပုဂ္ဂိုလ်တို၊ သူတော်ကောင်း မကဲ့ရဲ့ဘူး။ .. အဲဒီလို ပုဂ္ဂိုလ်ကိုပဲ၊ သူရဲကောင်း.. လို့၊ ခေါ်သကွ"

"ဟုတ်ကဲ့ .. အဘ"

"အဲသလို မဟုတ်ဘဲ၊ ကိုယ့်လူမျိုး အချင်းချင်း၊ ကိုယ့်တိုင်းရင်းသား အချင်းချင်း၊ ..

တိုက်ခိုက် သတ်ဖြတ်နေကြတာကို၊ ချီးကျူး ဂုဏ်ပြုပြီး၊ သူရဲကောင်းဘွဲ့တံဆိပ်ပေးတယ်ဆိုရင် ..၊

အဲဒါ.. အကိုက်ကောင်းတဲ့ ခွေးကို၊ ခွေးသခင်က၊ ခွေးလည်ပတ် လှလှလေး ဆုအဖြစ်ပေးတာနဲ့ အတူတူပဲ။



ကိုယ့်ချင်း .. ကိုယ့်ချင်း၊တိုက်လို့ရတဲ့ .. ဆု၊ ကိုက်လို့ရတဲ့ဆု၊ ဘာဆု .. ဘာဘွဲ့ ဖြစ်ဖြစ်။ အဲဒါ.. ခွေးလည်ပတ်ပဲကွ။

တော်ပြီ။

မင်း.. ,ငါ့ကို ဘာမှ ထပ်မမေးနဲ့တော့။ ဒါန.. သီလအကြောင်းပြောရင်းက၊ ခွေးလည်ပတ် အကြောင်းရောက်သွားတာ၊ မင်္ဂလာမရှိဘူး"

✪

ဤွန်တော်နှုတ်ဆိတ်နေလိုက်ရတော့သည်။ ။

✪✪✪

2014- Sep - 26
12: 20 (P.m)
THE FLOWER NEWS - (ပန်းသတင်း)-ဂျာနယ်
Vol . 10 , No . 91
21-27 OCTOBER ,2019

www.burmeseclassic.com

www.burmeseclassic.com

# ရွေးစားချက်

www.burmeseclassic.com

www.burmeseclassic.com

၁၉၈၈-ခုနှစ်က၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး (အရေးပေါ်ဌာန)ရှေ့မှာ၊ ကျွန်တော် တရားတက်ဟောနေတယ် သတင်းကြားတော့၊ ကျွန်တော့် အဘိုးနဲ့အဘွား (အမေ့မိဘများ)၊ အိမ်ကို ရောက်လာကြပါလေရော။

အဖေ (မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဝင်)နဲ့ ကျွန်တော်နဲ့က၊ အိမ်မှာပြဿနာ ဖြစ်ပြီးသားဆိုတော့၊ ဆေးရုံကြီးရှေ့မှာ တရားဟောနေတဲ့ ကိစ္စ..၊ မ-ဆ-လ အစိုးရကို ဆန္ဒ ခုန်တုန်နေတဲ့ ကိစ္စနဲ့ပတ်သက်ပြီး၊ အဖေ့ ဩဝါဒ,အောက်မှာ၊ ကျွန်တော် မရှိဘူးဆိုပါတော့။ အမေတ,တော့ မျက်ရည်နဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်ခွက်။

✪

အဘွားစကားကလည်း၊ မှတ်တော့ မှတ်သားစရာပါ။

"မင်းမြှောင်တွေနဲ့တောင် အတိုက်အခံမလုပ်နဲ့ ငါ့မြေး၊ ဘဝ,ပျက်တတ်တယ်"

"မင်း မြှောင်ဆိုတာ၊ ဘာလဲ ဘွားဘွား"

"သူကြီးတွေကို ပြောတာ။ မြို့အခေါ်ဆိုရင်အရပ်လူကြီးပေါ့။ ရပ်ကွက် ဥက္ကဋ္ဌကိုပြောတာ"

"သူကြီးလည်း လူပဲ၊ ရပ်ကွက် ဥက္ကဋ္ဌလည်းလူပဲ၊ မင်း စကေရာဇ်လည်း လူပဲ၊

ကိုယ် အမှားမလုပ်ဘဲနဲ့တော့၊ လူအချင်းချင်း ကျွန်တော် ဘယ်သူ့မှ မကြောက်ဘူး"

"ဟဲ့ . . ။ ငါ့မြေး၊

ပုန်ကန်တယ်ဆိုတာ . . အမှားပေါ့"

အဘိုးက၊ ဘာမှဝင် မပြောဘဲနဲ့၊ ကျွန်တော့်ကို၊ ပြုံးကြည့်နေတယ်။

✪✪✪



ဗျိုင်းနှစ်ကောင်
တိုင်းဘောင်လုရှာကြ
ကိန်း ယခု ကြုံပြန်လာ
ပုန်ကန်မှာက ဘယ်မဝေး။

သော သတ္တ အဋ္ဌ နဝ, တိုင်အောင်
လောင်လိမ့်မည်
ထိန်ထိန်ပြောင် တမ္ဘာမီးရယ်နဲ့၊
ပြည်ကြီးသူ လူအများရယ်က
နဂါးတွေ ရေမှာ ဆန်ကြတော့
သေလာယံ ပွဲအထက်ဆီက
ပြည်ပျက်အောင် မှုပွေမယ့်ကိန်းဟာမို့၊
ခေတ်သိမ်းမည်
သည်တစ်ခါ မျှော်ကြတော့
မောင်းထောင်ခေါ် ကျော်ဆံရာကဝိရယ်တ
သတ္တဝါတွေ . .

www.burmeseclassic.com

www.burmeseclassic.com



ဘာရာ အခြေသိစေဖို့

နှိုးသတိပေး . . ။ ။

ဘာကြောင့်မှန်း မသိ။ အထက်ပါ ကဗျာတို၊ အဘိုးတ

. . အဝေးကို၊ ငေးကြည့်ရင်း၊ ရွတ်ပါလေရော. . ။

"ဘိုးဘိုး။ အဲဒါ . . ဘာကဗျာလဲ"

"သံချို. . လို့ခေါ်တယ်ကွ။ မောင်းထောင်

ဦးကျော်လှရဲ့ သံချို"

[အဲဒီနေ့က၊ အဘိုးရွတ်ပြတာကို၊ ကျွန်တော်ရေးမှတ်မ

စိတ်ကူးမရခဲ့ပါဘူး။ နောက်မှ(၁၉၉၀-ဒွန်လ -၁၅)အဘိုး-

လေဖြတ်နေချိန်ကျမှ၊ ကျွန်တော် အဘိုးကို ပြန်ရွတ်ခိုင်းပြီး၊ ရေး

မှတ်ထားဖြစ်ပါတယ်။ အဘိုးက- လျှာလေး အာလေး . . မပီမသနဲ့

ရွတ်ပြခဲ့ရှာပါတယ်]

✪

"အဘိုး၊ ဘာလို့ ရွတ်ပြတာလဲ"

"မပြောတတ်ပေါင်ကွာ။ ပါးစပ်ထဲ ရောက်



လာလို့၊ ရွတ်မိတာပါ"

ပြောပြီး၊ အဘိုးထိုင်ရာက၊ ထ တယ်။ ပြီးမှ၊ ကျွန်တော့်ကို၊

ငွေအကြွေစေ့ တစ်စေ့ပေးရင်း. .

"ရော့။ ငါ့မြေး။ အိမ်ရှေ့က၊ သူတောင်းစား

ခွက်ထဲ၊ သွားထည့်လိုက်"

အဘိုးခိုင်းတာ လုပ်ပြီး၊ ပြန်လာတော့ အဘိုးက . .

"ငါ့ မြေး၊ အဲဒီ သူတောင်းစားရဲ့ ခွက်စုတ်

ကို၊ မြင်း . . သွားလုရဲလား"

"လုရဲပါတယ် အဘိုးရဲ့။

ဒါပေမဲ့ မလုပ်ရက်ပါဘူး"

"ထားပါတော့။ အဲဒီလို၊ သွားလုတယ်

ဆိုပါတော့။

အဲဒီသူတောင်းစားက၊ သူ့ခွက်စုတ်ကို၊

လိုလိုလားလားပေးပါ့မလား"

"သူ . . ပြန်လုမယ်ထင်တယ် ဘိုးဘိုး"

"အေး အေး။ သူတောင်းစားလည်း သူ့

ခွက်ကို . . သူ၊ တာကွယ်မှာပဲတွ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

အဲဒီအချိန်မှာ၊ ခွေးလေ ခွေးလွှင့် တစ်ကောင်က၊ သူ့စားခွက်ထဲက ထမင်းတွေကို၊ စားနေလေတော့. .၊ အဘိုးက. .

"ဒီ. . ခွေး၊ မင်း ကျွေးထားတာလား"

"ဟုတ်တယ် ဘိုးဘိုး"

" အခု . . သူ စားနေတဲ့၊ ခွေးစာခွက်ကို ရော. .၊ မင်း . . သွားတိုင်ရဲသလား"

"အား . .၊ တိုက်လိမ့်မယ်၊ ဒီကောင်က၊ တခြား အချိန်ကြိုက်တာလုပ်၊ ဘာမှမဖြစ်ဘူး။

သူ . . အစာစားနေချိန်၊ သူ့ခွက်သွားယူလို့ကတော့၊ မာန်ဖီပါလေရော၊ တခြားလူ၊ ယူရင်. . လှမ်းကိုက်တာ ဘိုးဘိုးရဲ့"

အဘိုးက . .,

"တိုင်းပြည်ပြည့်ရှင်၊ ဘုရင် ကေရာဇ်တွေက, ရော. .၊ သူ့ ပလ္လင်. . သူ့အာဏာကို၊ ထိပါး ပုတ်ခတ်ရင်. .၊ ငြိမ်ခံနေရောလား"

"သူတို့ ပလ္လင်ကို၊ ကာကွယ်ကြမှာပေါ့



ဘိုးဘိုးရဲ့၊ အာဏာမက်လေ၊ ကာကွယ်လေပဲ"

"ငါ့ မြေး၊ သေသေချာချာ နားထောင်"

"ဟုတ်ကဲ့"

"ဘုရင်က,လည်း၊ သူ့ ပလ္လင် သူ့အာဏာကို၊ ထိရင်၊ မခံဘူး။

သူတောင်းစားက,လည်း၊ သူ့ခွက်စုတ်ကို ထိရင်၊ မခံဘူး။

ခွေးက,လည်း၊ သူ့ ခွေးစားခွက်ကို၊ ထိရင်၊ မခံဘူး၊ ဟုတ်တယ် မဟုတ်လား"

"ဟား၊ ဟုတ်တယ် ဘိုးဘိုး"

"ငါ့မြေးတို့၊ မလိုလားတဲ့၊ မင်း အစိုးရကို၊ ပုန်ကန်ကြတာ၊ အဘိုး . . အပြစ်မပြောပါဘူး၊ မဟန့်တားပါဘူး၊

ဒါပေမဲ့. . ခွေးစားခွက်ကို၊ သွားလုရင်၊ ခွေး ကိုက်ခံရတတ်သလို၊ မင်း,ကေရာဇ်တို့ရဲ့ ပလ္လင်ကို၊ သွားထိရင်လည်း၊ မင်းတို့၊ အကိုက်ခံရလိမ့်မယ်၊

သတိတော့ထား. . ငါ့မြေး၊ မင်းအာဏာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ၊ ခွေးစားခွက်လိုပဲ။

သွားထိရင် ..

အတိုက်ခံရမယ်. . ."

ပြောပြီး၊ အဘိုးပြုံးနေလေ၏။

✪

ထိုအခါကာလ,ကတည်းက၊ မှာကြားခဲ့လေသော၊ အဘိုးရဲ့ စကားကြောင့်၊ ကျွန်တော်. . အာဏာရှင်တို့၏ ပလ္လင်ကို၊ သတိပညာကြီးစွာဖြင့်၊ တိုင်လှူပ်ခဲ့သည်။

အာဏာကြီးလေ. . စားခွက်ကြီးလေ. . ပို၍ ပို၍ မာန်ဖိလေ. . ဟု၊ သတိထားကာ၊ ဆောင်ရွက်ခဲ့လေ၏ . . ။ ။

[ကွယ်လွန်သူ-အဘိုး(ဦးအေး). . သို့ သတိတရ]

✪✪✪

2014- Sep - 26
1: 45 (P.m)
THE FLOWER NEWS - ပန်းသတင်းဂျာနယ်
Vol . 10 , No . 39
7-13 OCTOBER ,2014

# ခွေးကျောင့်ခွေးကြဲ

www.burmeseclassic.com

www.burmeseclassic.com

(၁)

ကျွန်တော် ခွေးပုလေး(၇)ကောင်လောက်မွေးခဲ့ဘူးပါတယ်။ ငယ်ငယ်တုန်းကတော့၊ ခွေး မချစ်ခဲ့ဖူးပါဘူး။ ခွေးမြင်ရင် ခဲနဲ့ပေါက်နေကျ၊ ခြေနဲ့ကန်နေကျ ဆိုပါတော့။

သွားရင်း လာရင်း၊ လမ်းဘေးခွေး တချို့ကို၊ ကျွေးဖြစ်မွေးဖြစ်ခဲ့ရာက၊ တဖြည်းဖြည်း၊ ခွေးချစ်တတ်ခဲ့ရတာပါ။ ဘဝ တစ်လျှောက်လုံး ခွေးတွေကို၊ ပိုချစ်တတ်ခဲ့မိတယ် ဆိုပါတော့။

✪

သနား၊ စာနာ၊ ရင်းနှီး တွယ်တာဝင်လာခဲ့ရင်း [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အလေ့အထ၊ သဘာဝ,ကို၊ နားလည်လာခဲ့ရင်းက၊ သူတို့ ဘာဖြစ်ချင်တယ် ဘာလုပ်ချင်တယ်။ ဘာပြောချင်တယ်ဆိုတာကိုပါ။ အနည်းငယ်သိတတ်မှန်းဆ, တတ်လာပါတယ်။

ပျက်ရယ်ပြုမယ့်သူတွေ၊ သရော်တော်တော်လူတွေ၊ နားရှင်းအောင်၊ ပြောပြရမယ်ဆိုရင်၊ ကျွန်တော် ခွေးစကား နားလည်လာတယ်ပေါ့ဗျာ။ (တစ်ဆက်တည်း၊ ဗဟုသုတ၊ ပြောဖြ ချင်တာက၊ စာနာညှာတာစိတ်နဲ့၊ ခန့်မှန်း နားထောင်တတ်ကြမယ် ဆိုရင်၊ ဘယ်သတ္တဝါရဲ့ စကားကို၊ မဆို၊ လူသားတွေ၊ နားလည်နိုင် ကြပါလိမ့်မယ်)။

✪

တခြား ခွေးချစ်တတ်သူ. . ခွေးမွေးလေ့ရှိသူတွေတော့ ကြုံဖူးကြမလား၊ . . မပြောတတ်ဘူး။ ကျွန်တော့် ခွေးလေးတွေက သူတို့ပြောချင်ရာတွေကို၊ မျက်နှာ အမူအရာ အစုံအလင်၊ အသံ အနေအထား အစုံအလင်နဲ့၊ ပြောနေတတ်ကြသလို၊ တစ်ခါ တစ်ရံ မှာ၊ သူတို့ ပြောချင်ရာ စကားတွေကို၊ အိပ်မက်ထဲမှာ၊ လာပြော



လေ့ရှိကြတာပါပဲ။

ဒါဟာ . .

ကြုံဖူးတဲ့သူမှသာ၊ ယုံချင်စရာမို့၊ အားလုံး ယုံကြည်ပေးကြဖို့၊ ကျွန်တော် မတိုက်တွန်းလိုပါဘူး။

✪

နောက်ဆုံး မွေးခဲ့ဖူးတဲ့၊ ခွေးကလေးဆိုရင်၊ အကောင်သေးသလောက်၊ အစားအလွန်ကြီးလှပါတယ်။

(၂)လသားလောက်ကလေးနဲ့၊ ထမင်း အဖြူထည်ချည်းပဲ၊ ချကျွေးကြည့်တာ၊ (၁)မိနစ် လောက်နဲ့၊ ထမင်းတွေ၊ ပြောင်တလင်းခါ သွားပါ ရောလား။အဲဒီကတည်းက၊ "မင်း, တော်တော် အစားကြီးတဲ့ကောင်ပဲ". . လို့၊ ကျွန်တော်၊သူ့ကို ပြောလေ့ရှိခဲ့ပါတယ်။

အရွယ်ရောက်လာတော့။ပိုစားတော့တာ ပေါ့။ ညှော်သည့်တွေနဲ့ သူ့ကို မိတ်ဆက်ပေးတိုင်း။သူ,

www.burmeseclassic.com

www.burmeseclassic.com



အစားကြီးတဲ့အကြောင်း၊ ကျွန်တော်အမြဲတမ်း ထည့်ပြောဖြစ်ပါတယ်။

✪

တစ်ညမှာ . . ၊သူ ပြောချင်ရာ စကားတွေကို၊ အိပ်မက်ထဲမှာ၊ လာပြောပါတော့တယ်။

"ကျွန်တော်က၊ ဟို . . ဘဝ,တုန်းက၊ လမ်းဘေးခွေးပါ။" . . . " ထမင်းဆိုင်နားမှာ၊ နေခဲ့ရတာပါ။ ထမင်းပန်ကန်ဆေးတဲ့ နေရာမှာ၊ အချိန်တိုင်း ရှိနေခဲ့ရပြီး၊ အဲဒီက . . လွှင့်ပစ်တဲ့ စားကြွင်း စားကျန်တွေကို၊ အများကြီး စားခဲ့ရတာ။ အဲဒါကြောင့်, ဒီ. . ဘဝ,မှာ၊ အစားကြီးရတာပါ"

အဲဒီလို၊ အိပ်မက်ထဲမှာ၊ လာပြောပြတဲ့၊ နေ့က, စပြီး ကျွန်တော့် စိတ်ထဲမှာ၊ သူ့ကို ပိုသနားသွားသလိုပါပဲ၊ အဲဒါကြောင့် သူ့ကို၊ အစားကြီးတယ်. . လို့၊ နောက်ထပ် မပြောဖြစ်တော့ပါဘူး။ သူ . . နာမည်လေးက၊ "အလက်ဇန္ဒား". . တဲ့။

✪✪✪



(၂)

"အလက်ဇန္ဒား"က, လွဲပြီး၊ ကျန်တဲ့ခွေးလေးတွေက, တော့၊ သေကုန်ကြပါပြီ။ "အလက်ဇန္ဒား"က,တော့၊ အခုအချိန်မှာ၊ အိမ်ဝင်း ကျယ်ကျယ်နဲ့ နေနိုင်တဲ့၊ မိတ်ဆွေတစ်ယောက်ရဲ့ အိမ်မှာ၊ အိမ်စောင့်သည် ဖြစ်နေပါပြီ။

ကျွန်တော့် တိုက်ခန်းက၊ စာအုပ်တွေနဲ့သာ၊ ပြည့်နေတာမို့၊ သူ့, ကျယ်ကျယ်ဝန်းဝန်း နေထိုင်နိုင်အောင်၊ မိတ်ဆွေမိသားစု ဆီကို၊ ပေးလိုက်ရတာပါ။ (အိမ်ဝင်း အကျယ်ကြီးနဲ့ နေထိုင်နိုင်ဦးမယ် ဆိုရင်တော့၊ အဲဒီ အိမ်ခြံဝင်းကြီးထဲမှာ၊ ခွေးတွေ. . အများကြီး၊ မွေးဦးမယ်. . လို့၊ စိတ်ကူးထားပါသေးတယ်)။

မကြာမီ ရက်ပိုင်းအတွင်းက၊ "ဒိုးဒိုးဆိုတဲ့၊ ခွေးဖြူလေး၊ ကျွန်တော့် အိပ်မက်ထဲကို၊ ရောက်လာပါသေးတယ်။ တကယ်တော့ သူ. . သေသွားတာ၊ ကြာပါပြီ။ ဒါပေမဲ့၊ အိပ်မက်ထဲမှာ၊ သူပြောတာကို၊ ထိုင်နားထောင်ရင်း၊ သူ. . သေပြီးသွားပြီဆိုတာကိုတောင်၊ ကျွန်တော် မေ့လျော့နေမိပါတယ်။

အိပ်မက်ထဲမှာ၊ သူပြောတဲ့စကားတွေက၊ ကျွန်တော့်ကို၊

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩစေလို့ပါပဲ။ တကယ် အံ့ဩမိတာပါ။

✪

"ကျွန်တော် မသေခင်က၊ ပြောချင်နေတဲ့ စကားတွေ၊ ခင်ဗျားကို၊ မပြောခဲ့ရလို့၊ အခု လာပြောတာ"

"အေး . . ၊ ပြောပါကွာ။ ငါ, နားထောင်နေပါတယ်"

"ခင်ဗျားက၊ ကျွန်တော့်ရဲ့ သခင်။ ကျွန်တော့်ကို၊ ဆေးလည်းကုပေးတယ်။ အစာလည်း ကျွေးတယ်။ လိမ္မာအောင်လည်း သင်ပေးခဲ့တယ်။ ပြီးတော့ . . ကျွန်တော့်ကို၊ ချစ်လည်း ချစ်တယ်"

"အင်းလေ။ မင်းကို ရော။ တခြားကောင်တွေကိုရော၊ ငါ့ချစ်သားပဲ"

"ခင်ဗျားက၊ သခင်တစ်ယောက်တွင်



မဟုတ်ဘူး။ ကျေးဇူးရှင်လည်း . . ဟုတ်တယ်"

"ဒါပေါ့"

"ကျေးဇူးရှင်၊ သခင်ကို၊ ကျွန်တော်အပါအဝင်၊ ဘယ်ခွေးက၊ ပြန်ကိုက်တာ၊ ခင်ဗျား ကြားဖူးလဲ။

ခင်ဗျားတို့ လူ. . နားလည်အောင်၊ ပြောရရင်၊ ထမင်းကျွေးတဲ့ လက်ကို၊ ကျွန်တော်တို့၊ ခွေးတွေ. . ပြန်ကိုက်ဖူးလို့လား။

တခြားကောင်၊ စားခွက်လာလုတယ် ထင်ပြီး၊ ယောင်မှား ဟပ်မိတာက, လွဲလို့ပေါ့"

"ငါ သိသလောက်တော့၊ ခွေးတိုင်းက၊ သခင်အပေါ်မှာ၊ သစ္စာရှိကြပါတယ်ကွ"

"အဲဒီလို၊ အသိအမှတ်ပြုပေးတာကို၊ ကျေးဇူးတင်တယ်ဗျာ။ နောက်တစ်ခု ထပ်မေးပါရစေ"

"မေး"

"ကျွန်တော်တို့ ခွေးတွေက၊ မေထုန်အမှု

www.burmeseclassic.com

www.burmeseclassic.com



ကို ဆယ့်နှစ်လရာသီ၊ ပြုကျင့်နေကြတာလား။ တော်သလင်းလ,ဝန်းတျင်လောက်ပဲ၊ ပြုကျင့်ကြတာလား. . ”

“တော်သလင်းလ. . ။မင်းတို့လ,ပေါ့ကွ”

“ဟုတ်ပြီ။ ကျွန်တော်တို့၊ ခွေးတွေက၊ ကျေးဇူးရှင် ထမင်းရှင်၊ ပြည်သူလူထုကို၊ ကျေးဇူးကန်း၊ ပြန်ကိုက်. . ပြန်သတ်တဲ့၊ အာဏာရှူးတွေလိုလည်း၊ ကျေးဇူးရှင်. . သခင်ကို၊ ပြန်မကိုက်ဘူး။

မေထုန် အမှုကိုတောင်၊ လူတွေလို၊ ဆယ့်နှစ်ရာသီ. . ၊ စိတ်ဝင်စားနေတာလည်း၊ မဟုတ်ဘူး။

အထူးသဖြင့်၊ ကျေးဇူးပြုဖူးသူအပေါ်၊ ဘယ်တော့မှ၊ သစ္စာမမဲ့ဘူး။ ကျေးဇူးမကန်းဘူး”

“အဲဒီတော့၊ မင်းက. . ဘာပြောချင်တာလဲကွ။ တိုက်ရိုက်ပြောစမ်းကွာ”

“ဪ . . ။ ကျွန်တော်တို့၊ ခွေးတွေက၊ လူလောက် အသိဉာဏ် မရှိကြပေမယ့်၊တချို့



လူတွေလို၊ ညတိုင်း . . ညတိုင်း၊ မေထုန်နဲ့ မူးယစ်ပျော်ပါးဖို့လည်း၊ မကြိုးပမ်းဘူး။ ထမင်းရှင်အပေါ်လည်း၊ သစ္စာမမဲ့ကြပါဘဲနဲ့၊

ခင်ဗျားတို့၊ လူအချင်းချင်း၊ သစ္စာမဲ့တဲ့လူကိုပဲ ဖြစ်ဖြစ်၊ မေထုန် စော်ကားမှု၊ ပြုတဲ့သူကိုပဲ ဖြစ်ဖြစ်၊ ခွေးကျင့်ခွေးကြံ ကြံတယ်. . လို့ ပြောပြောနေကြတာကို၊ ကျွန်တော် မကျေနပ်ဘူးဗျ”

“ဟေ”

“ရှပ်ရှင်ရတွေ . . ဗီဒီယိုတွေထဲမှာတောင်၊ လူကြမ်းက မင်းသမီးကို၊ ဗလက္ကာရပြုရင်တောင်၊ မင်းသမီးက. . ရှင်. . ခွေးကျင့်ခွေးကြံ မကြံနဲ့နော်. . တဲ့။

ကျေးဇူးရှင်ကို၊ ကျေးဇူးတန်းတဲ့ သူကိုလည်း၊ ခွေးလိုကောင်. . တဲ့။

အဲဒါ. . တရားရဲ့လားဗျာ။ မှန်ရဲ့လားဗျာ၊ ကျွန်တော် ပြောချင်တာ၊ အဲဒါပဲ။

ခွေးကျင့် ခွေးကြံဆိုတဲ့ . . စကားထဲကလို၊

www.burmeseclassic.com

www.burmeseclassic.com



မေထုန်အမှုကိုလည်း၊ ခွေးတွေလို၊ သူ့ရာသီ သူ့အချိန်မှာပဲ၊ ဆောင်ရွက်ကြပါလား။

ကျေးလူမြူးတဲ့ ကျေးလူရှင်အပေါ်၊ကျေးဇူး ပြန်မဆပ်ဖြစ်ကြရင်တောင်၊ ကျေးဇူးကန်းတဲ့. . အလုပ်၊ သစ္စာမဲ့တဲ့ အလုပ်၊ မလုပ်ကြပါနဲ့လား။

ကျွန်တော်တို့ ခွေးတွေရဲ့၊ သခင်ကို ပြန် မကိုက်တဲ့ အကျင့်၊ မေထုန်အမှုကို၊ ဆယ့်နှစ်ရာသီ၊ ဆောင်ရွက်မနေတဲ့ အကြံ။

အဲဒီနှစ်ခုတည်းပဲ၊ ခင်ဗျားတို့၊ လိုက်ပြီး ကျင့်ကြံ၊ ကြည့်ပါလားဗျာ။ အမှုအခင်းတွေ၊ တော်တော် လျော့သွားမယ်။

ခွေးထက် ယုတ်တဲ့ လူတချို့ကို ကျတော့၊ ခင်ဗျားတို့ ဘာနဲ့ နှိုင်းကြမလဲ. . ”

အိပ်မက်ထဲမှာ၊ ဗိုးဗိုးဆိုတဲ့၊ ခွေး . . ပြောသမျှ၊ ကျွန်တော် ငြိမ်ပြီး၊ နားထောင်ခဲ့ရပါ လေရော. . ”

✪✪✪



(၃)

၂၀၁၄-ခုနှစ်၊ နိုဝင်ဘာလ (၁၁)ရက်၊ အင်္ဂါနေ့ထုတ်- TOMORROW (သတင်းဂျာနယ်)ထဲမှာ၊ ကျွန်တော့် သူငယ်ချင်း ညီညီလှိုင်(တော်ကီလှိုင်)ရေးတဲ့၊ “ပေးဆပ်ခြင်းဖြင့်သာ” . . ဆိုတဲ့၊ ဆောင်းပါး တစ်ပုဒ်ကို၊ မျက်ရည်ဝေ့ဝဲစွာ၊ ကျွန်တော် ဖတ်လိုက် ရပါတယ်။

အဲဒီ၊ဆောင်းပါးရဲ့-ကောက်စာလေးကိုပဲ၊ ကျွန်တော်၊ ပြန်လည်၊ ဖော်ပြပါရစေ. . ။

“ခင်ဗျားတို့ကို၊ ကျွန်တော် ပြောပြမယ်။
ကျွန်တော် စိတ်မကောင်းအဖြစ်ဆုံးက၊ ကျွန်တော့်
မိန်းမ,နဲ့၊ လက်ထပ်မယ့်သူက၊ ကျွန်တော့်ကို၊
ဖမ်းတဲ့ ထောက်လှမ်းရေးဗျ”

နိုင်ငံရေးအကျဉ်းသား တစ်ယောက်ရဲ့၊ ရင်တွင်းသံပေါ့ဗျာ။

✪

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ စာကြောင်းတွေကို ဖတ်ပြီး . . "ဒိုးဒိုး" ဆိုတဲ့ ခွေးပုလေး၊ ကျွန်တော့်ကို၊ အိပ်မက်ထဲမှာ၊ လာပြောတဲ့ . . စကားသံတွေကို၊ ရှက်ဖွယ်လီလီ၊ ပြန်ကြားယောင်နေမိပါတော့တယ်"

"ခွေးချင့်ခွေးကြွေ မကြွေနဲ့ ဆိုတာကြီးနဲ့ မခိုင်းနိုင်းစမ်းပါနဲ့၊ ခွေးထက် ယုတ်တဲ့၊ လူတချို့ကို ကျတော့၊ ခင်ဗျားတို့၊ ဘာနဲ့ နှိုင်းကြမလဲ . . "

✪✪✪

2014- Nov - 12
1: 10 (P.m)
[THE FLOWER NEWS - (ပန်းသတင်း)ဂျာနယ်
Vol . 10 , No . 46
25-November -1. December, 2014]

# ခွေးကြောက်သူများ

www.burmeseclassic.com

www.burmeseclassic.com



ခွေးကိုက်ခံရပြီဆိုလျှင်၊ ခွေးကိုက်ခံရသူကို၊ "ကံနိမ့်နေပြီ" ဟု တချို့က ဆိုကြ၏။

✪

အယ်(လ)ဖေ့ရှင်း ခွေးအမျိုးအစား၊ ခွေးနှစ်ကောင် မွေးထားသော၊ အသိမိတ်ဆွေ တစ်ယောက်၏ အိမ်ဝင်းကျယ်ကြီး ထဲသို့၊ ကျွန်တော်ရောက်သွားသည်။ ထို အယ်(လ်)ဖေ့ရှင်း ခွေးနှစ်ကောင်၏ ကျယ်လောင်စွာသော၊ ဟောင်သံကြောင့်၊ အိမ်ရှင်က လာရောက်ကြိုဆိုပါသော်လည်း၊ ကျွန်တော် ကားထဲမှ၊ မထွက်ရဲ၊

"လာပါ၊ ငါရှိပါတယ်။ မကိုက်ပါဘူး"

"အာ၊ ကျွန်တော် မထွက်ရဲဘူး၊ ခင်ဗျား ကောင်တွေကို၊ လှောင်အိမ်ထဲပို့လိုက်၊

သူတို့ လှောင်အိမ်ထဲ ရောက်မှ၊ ကျွန်တော် ကားထဲက ထွက်မယ်"

အိမ်ရှင်က၊ ရယ်မောပြီး၊ သူ့ခွေးနှစ်ကောင်တို့၊ လှောင်အိမ် ထဲသို့ ဝင်စေသည်။ ထိုအခါကျမှ၊ ကျွန်တော်စိတ်ဖြောင့်လက်ဖြောင့်၊

www.burmeseclassic.com

www.burmeseclassic.com



တံခါးထဲမှ ထွက်ခဲ့၏။

"မကိုက်ပါဘူးကွာ"

"အကိုက်ခံရရင်၊ ဘယ်လိုလုပ်မလဲဗျ"

"အကိုက်ခံရရင်၊ ငါ. . တာဝန်ယူပါတယ်ကွာ"

"တာဝန်ယူတယ်ဆိုတာ၊ ဘာကို ပြောတာလဲ၊ အကိုက်ခံရတဲ့ နေရာကို၊ ဆေးထည့်ပေးမယ်၊ ပြီးရင် ချေးရူးပြန်ရောဂါ ကာကွယ်ဆေးထိုးပေးမယ်လို့၊ ဆိုလိုတာမဟုတ်လား"

"အင်းပေါ့ကွ၊ ချေးအကိုက်ခံရရင်၊ ချေးသခင်မှာ၊တာဝန်ရှိတာပဲ"

"ခင်ဗျား ဘယ်လိုတာဝန်ယူယူ၊ အကိုက်ခံလိုက်ရတဲ့ သူတို့၊ မနာအောင်တော့၊ ခင်ဗျားလုပ်မပေးနိုင်ပါဘူး။

တော်ပြီ၊ ခင်ဗျားအိမ်ကို၊ ကျွန်တော်နောက်တစ်ခါ၊ မလာတော့ဘူး"

ထိုအိမ်ရှင်၊ ထိုချေးသခင်က၊ ကျွန်တော့်ကို၊ ရယ်လျက်သာ၊



ကြည့်နေ၏။ ထိုနေ့မှစ၍၊ ကျွန်တော် ထိုအိမ်ဝင်းထဲသို့၊ မဝင်ဖြစ်တော့ချေ။

✪

ချေးသခင်က၊ မည်သို့ပင်၊ တာဝန်ယူသည် ပြောပြော၊ အကိုက်ခံရသူမှာ၊ နာကျင်နစ်နာမှုက၊ ဝယ်ဈောတ်၍ မရ၊ ဒိကြားထဲ ချေးအကိုက်ခံလိုက်ရသည်နှင့်၊ "ငါ. . တံနိစ့်နေဖြ". . ဟူသော၊ အယူအစွဲမျိုး၊ စိတ်မှာ စွဲထင်သွားမိလျှင်၊ ဝိုး၍ဝင်ချေသာ ရခက်လွန်း၏။

✪✪✪

"သူ ပြောတာလည်း၊ မှန်သားပဲကွ၊ သူ့ချေးကိုက်ရင်၊ သူတာဝန်ပါ, . လို့၊ ပြောသွားပဲ၊ မင်းက. . ဘာကို စိတ်ခုတာလဲ" . . ဟု၊ သူငယ်ချင်းတစ်ယောက်က၊ မေး၏။

"စိတ်ခုတာမဟုတ်ပါဘူး၊ သူ ချေးထားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ခွေး၊ သူမကြောက်ပေမယ့်၊ တခြားသူ ကြောက်နိုင်တယ် ဆိုတာလောက်တော့၊ သူ တွေးသင့်တောပေ့ါ။ ကြောက်တဲ့သူက၊ ကြောက်နေတာကို၊ သူက . . ရယ်ရယ်မောမော။

အဲဒါကို၊ ငါ, ဘဝဝင်မကျတာ"

"ခွေး ဆိုတာမျိုးက,တော့၊ ကိုက်တတ်တဲ့ ခွေး၊ ကိုက်မှာပဲကွ။

ကိုတ်တဲ့ ခွေးမှာ၊ အပြစ်မရှိပါဘူး။ မကိုက်အောင်၊ မထိန်းသိမ်းနိုင်တဲ့၊ ခွေးသခင်တွေမှာသာ တာဝန်ရှိတာပါ။

တချို့ ခွေးသခင်တွေက၊ မကိုက်အောင် မထိန်းသိမ်းတဲ့အပြင်၊ ကိုက်အောင်ပါ သင်ပေးထားကြတာ။ အဲဒီလို၊ သင်ပေးတတ်ကြတဲ့၊ ခွေးသခင်တွေနဲ့စာရင်၊ သူ့ခွေးကိုက်တာ၊ သူ့တာဝန် . . လို့၊ ခံယူတတ်တဲ့သူက၊ တော်သေးတာပေ့ါကွ"

"ဘာပဲဖြစ်ဖြစ်ကွာ။ ငါ အဲဒီအိမ်ဝင်းထဲ၊ မဝင်တော့ဘူး။ ကိစ္စရှိရင်၊ အိမ်ဝင်းအပြင်တပဲ။ ငါ စောင့်တော့တယ်". . တူ၊ ကျွန်တော်ပြောပြ၏။



သူငယ်ချင်းက -

"သားသမီး ပြုမူလျှင်၊ မိဘ ပြုမူသည်မည်၏၊ တပည့်ပြုမူလျှင်၊ ဆရာပြုမူသည် မည်၏။ ပြည်သူပြည်သား၊ ပြုမူလျှင်၊ ပြည့်ရှင်ဘုရင် ပြုမူသည် မည်၏ . . တဲ့။

အဲဒီလိုပဲ၊ ခွေးကိုက်ရင်၊ ခွေးရှင် . . ခွေးသခင်မှာ၊ တာဝန်ရှိတာပေ့ါ။ သူက . . တာဝန်ယူပါတယ် ပြောတာကို၊ တော်းလူးတောင်၊ တင်ရဦးမယ်။ မဟုတ်ဘူးလား"

ကျွန်တော်စကားမတုံ့ပြန်။

"လောကမှာ တချို့၊ တာဝန်ရှိတဲ့သူတွေက၊ အဲဒီလို၊ တာဝန်ယူမှု မရှိကြဘူး။

ဟိုလိုလို၊ ဒီလိုလိုနဲ့၊ ဘော်လီဘော ပုတ်ပုတ်နေကြတယ်။

ဥပမာ-အိမ်တစ်အိမ်၊ မီးလောင်တယ် ဆိုပါတော့၊ သားကြောင့်ပဲလောင်လောင်၊ သမီးကြောင့်ပဲ လောင်လောင်၊ ဇနီးကြောင့်ပဲ လောင်လောင်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီ မီးလောင်မှုရဲ့ အပြစ်ဒဏ်ကို၊ အိမ်ထောင်ဦးစီးပဲ ခံရတယ်မဟုတ်လား"

"အင်း၊ ဟုတ်တယ်"

"အေး၊ အဲဒီလိုပဲ၊ လောက,မှာ၊ တချို့ကိစ္စတွေနဲ့ ပတ်သတ်ပြီး၊ အိမ်ထောင်ဦးစီးမှာ၊ တာဝန်ရှိပါလျက်၊ သူ့ပေါ့ဆမှုကြောင့် မဟုတ်ပါဘူး။ ဟိုဟာကြောင့်, ဒီဟာကြောင့်, ဟိုလူကြောင့်, ဒီလူကြောင့်ဆိုပြီး,ခေါင်းရှောင်ချင်ကြတယ်လေ၊

ရိုင်းရိုင်းပြောရရင်၊ ခုနက၊ မင်းမိတ်ဆွေ၊ ခွေးသခင်လောက်တောင်၊ အဆင့်မရှိကြတဲ့၊ ခေါင်းရှောင်တွေ၊ အများကြီးပဲ၊

ခွေးအတိုက်ခံရပြီဆိုရင်၊ အတိုက်ခံရသူရဲ့ နစ်နာမှုနာကျင်မှုတိုင်းအတွက်၊ခွေးသခင်အပေါ်မှာပဲ၊ တာဝန်ရှိတယ်၊ တာဝန်ယူပါတယ်. . လို့ ပြောတဲ့ ခွေးသခင်ဟာ၊ ဒါ. . တော့ချီးကျူးတင်ဖို့ကောင်းတယ်၊

ခွေးတော့ အကိုက်ခံလိုက်ရတယ်၊ တာဝန်ယူတဲ့၊ခွေးသခင်မရှိဘူးဆိုရင်၊ အဲဒီခွေးရှင်ဟာ၊



ခေါင်းရှောင်တဲ့၊ ခွေးသခင်ပဲ၊ ဒါမှမဟုတ်ရင်၊ ကိုက်တဲ့ခွေးဟာ လမ်းဘေးခွေး၊ ခွေးလေခွေးလွင့်၊ ပိုင်ရှင်မဲ့ ခွေး၊ ခွေးရူး၊ တစ်မျိုးမျိုးပဲ၊

ဒါကြောင့် . . ၊ ငါ့ခွေးကိုက်တာ၊ ငါ့တာဝန်ပါ. . လို့ ပြောတဲ့ သူကို၊ ငါက,တော့၊ ချီးကျူးတယ်ကွာ၊

မင်းအနေနဲ့ ချီးကျူးဖို့ ခက်နေရင်တောင်၊ ခြော် . . ၊ ခွေးမွေးထားပြီး၊ ခွေးအကိုက်ခံလိုက်ရသူတွေအပေါ်၊ စာနာမှုလည်း မပေး၊ တာဝန်လည်း မယူ၊ လစ်လျူရှုချင်ကြတဲ့၊ ခွေးပိုင်ရှင်ကြီးတွေထက်၊ သူက. . အများကြီး လေးစားစရာကောင်းပါလား. . လို့၊ တွေးလိုက်စမ်းပါကွာ၊ နော်. ."

ကျွန်တော် သက်ပြင်းချပြီးမှ ခေါင်းညိတ်လိုက်ရသည်၊

✪

ညည်သို့ပင်ဆိုစေ၊

www.burmeseclassic.com

www.burmeseclassic.com



ခွေးကိုက်ခံရပြီဆိုလျှင်၊ ခွေးကိုက်ခံသူကို၊ "ကံနိမ့်နေ
. . ဟု၊ တချို့က၊ ဆိုကြ၏။ ဤအယူအစွဲကို၊ မှန်သည် မှား
ဟု၊ ကျွန်တော်မဝေခွဲတတ်။

သို့သော်၊ ခွေးအကိုက်ခံထားရပါလျှက်၊ ထိုနာကျင်မှု
ပေါ်၊ တာဝန်ယူမည့်၊ ခွေးရှင် ခွေးသခင်၊ မရှိပါက၊ (ထို)ခွေးအကို
ခံထားရသူ အပေါင်းတို့သည်၊ (ခွေးလေ ခွေးလွင့် အကိုက်ခံ
ရသည့်ဝမာ)ပိုမို၍ နာကျင်ခံစားကြရပေမည်။

"ကံနိမ့်နေပြီ" . . . ဆိုခြင်းထက်၊ ပို၍

"ကံဆိုးလွန်းလှ၏" . . ။ လူရပ် လူရွာ၌၊ ကိုက်တတ်သော
ခွေးများ၊ ခွေးလေခွေးလွင့်များနှင့် ခွေးရူးများ၊ ပိုင်ရှင်မဲ့ခွေးများ
ကျက်စားနေမည်ကို၊ လူတိုင်း လူတိုင်း၊ စိုးရွံ့ကြပေမည် ။ ။

✪✪✪

2015- Mar - 19
4: 37 (a.m)
[THE FLOWER NEWS - (ပန်းသတင်း)ဂျာနယ်
Vol . 11 , No .12

# စစ်ခွေး

www.burmeseclassic.com

www.burmeseclassic.com



"ဒေစီ"ကို၊ ကျွန်တော် မမြင်ဘူးပါ။ ဒေစီကို၊ မျက်ဝါး ထင်ထင်၊ မြင်တွေ့ခဲ့ဖူးသူမှာ၊ ကျွန်တော့်သူငယ်ချင်း၊ ညီညီလှိုင် (နိုင်/ကျဉ်း) [ကလောင်အမည်-တော်ကီလှိုင်]သာ၊ဖြစ်ပါသည်။ (ဒေစီ. . ဆိုသည်မှာ၊ ခွေးမ,လေး တစ်ကောင်၏၊ နာမည်သာ၊ ဖြစ်၏)။

✪✪✪

ကျွန်တော် တစ်သက်တာတွင်၊ ခွေး(၉)ကောင်ခန့် မွေး ဖူးခဲ့သည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး၊ အမှန်တကယ် ဝန်ခံစရာ ကျွန်တော့်မှာ ရှိ၏။

ကျွန်တော် ခွေးမွေးခဲ့ရခြင်းမှာ၊ ခွေးကို ချစ်သောကြောင့် မဟုတ်၊ အလွန် အင်မတန် ကြောက်သောကြောင့် (ထိုကြောက် လန့်သော သတ္တဝါနှင့် ရင်းနှီးကျွမ်းဝင်နိုင်စေရန်) ကြောက်စိတ်

www.burmeseclassic.com

www.burmeseclassic.com



လျှော့ပါးလိုလျှော့ပါးငြား၊ မွေးမြူစောင့်ရှောက်ခဲ့ခြင်း၊ ဖြစ်၏။

✪✪✪

ကျွန်တော် မွေးခဲ့ဖူးသော ခွေးများ၏ အကြောင်းကို တသသ, ပြောပြရမည်ဆိုလျှင်၊ တစ်ကောင်တည်း၏ အကြောင်းကိုပင်၊ တစ်ထိုင်တည်းနှင့် ပြော၍ မလောက်။ ပြော၍ မဝ။

ခွေးတွေကို မွေးရင်း မွေးရင်းဖြင့်၊ ခွေးချစ်တတ်သူတို့၏ စိတ်နှလုံးကိုပင်၊ စာနာတတ်ခဲ့သည်။ ကိုယ်ချင်းစာစိတ်ဖြင့်၊ ပြောပြရပါလျှင်၊ ခွေးချစ်တတ်သူတိုင်းသည်၊ ကိုယ့်ခွေးကို သားလေး . . သမီးလေး . . . စသည်ဖြင့်၊ ခေါ်ဝေါ်လေ့ရှိကြ၏။

ထို့အပြင်၊ အခြားသူ တစ်ဦးဦးက၊ ကိုယ့်ခွေးကို "ဟဲ့ခွေး" . . ဟု၊ အော်ဝေါက်လိုက်သည်ကိုပင်လျှင်၊ သိပ်မကြိုက်ချင်။ ကျွန်တော်လည်း၊ ထိုနည်း လည်းကောင်း။

ချစ်တတ်၍ မွေးခြင်းမဟုတ်။ ကြောက်ကြောက်နှင့် မွေးခဲ့ခြင်းဖြစ်ပါလျက်၊ ခွေးတွေ၏ ဓလေ့စရိုက်၊ သစ္စာကြီးမှု၊ နာခံမှု . . စသည်တို့ကို မြင်တွေ့ ကြုံဆုံရဖန်များသောအခါ၊ တဖြည်းဖြည်း



ခွေးချစ်တတ်ခဲ့သည်။

✪✪✪

ခွေးချစ်တတ်ပါသည် ဆိုသော်လည်း၊ ကိုယ်မွေးသည့် ခွေးကိုသာ၊ ကိုယ့်ဘာသာ ရဲရဲဝံ့ဝံ့ ချစ်တတ်ခြင်းဖြစ်ပြီး၊ သူတစ်ပါး မွေးကျွေးထားသည့် ခွေးကိုမူ၊ ယခုအချိန်အထိ၊ ရဲရဲဝံ့ဝံ့၊ မထိတို့ရဲ။

ယခုအချိန်အထိ၊ ကျွန်တော့်မှာ . .

ခွေးကြောက်စိတ် ရှိနေပါသေးသည်။ (ခွေးဆိုတာက, လည်း၊ သူ့ကို ကျွေးမွေးထားသည့်။ သူ့သခင်ကိုသာ၊ မကိုက်မခဲ ရှိမည်။ တခြားသူကိုတော့၊ ကိုက်ချင် ကိုက်နိုင်လိမ့်မည်ဟု၊ ကျွန်တော် တွေးမိနေဆဲဖြစ်၏ . . . )။

✪✪✪

ငါ့. နောက်ဆုံးမွေးတဲ့ခွေးလေး၊ အလတ် ဇန္နား ဆိုရင်၊ ငါနဲ့အတူ တရားထိုင်တာကွ၊ ထိုင်တယ်ဆိုတာ၊ ခဏပေါ့ကွာ။

ငါလည်း မျက်စိစုံမှိတ်ရော၊ ဆယ်မိနစ်

www.burmeseclassic.com

www.burmeseclassic.com



လောက် ကြာတာနဲ့၊ သူက . . နောက်ဆုတ် နောက်ဆုတ်လုပ်ပြီး၊ ဘုရားခန်းထဲက၊ တိတ်တိတ်လေး ထွက်တော့တာပဲ။

တိတ်တိတ်လေး ထွက်တယ်ဆိုပေမယ့်၊ သတိမေ့ပြီး၊ ဧည့်ခန်းထဲ ဆော့ရော၊ ပစ္စည်း တစ်ခုခု ပြုတ်ကျ၊ အသံထွက်တော့၊ သူ့လုမိ တော့တာပေါ့။

အဲဒီအခါ ငါက. . ဟော့ကောင် ပြန်လာစမ်း လို့၊ ခေါ်လိုက်တာနဲ့၊ အနား လာဝပ်တော့တာပဲ။

အလုပ်တွေများ၊ သူ့ကိုလည်း၊ ဂရုမစိုက်နိုင် တော့လို့၊ မိတ်ဆွေတစ်ယောက်ကို၊ ပေးလိုက် ရတယ်။ ဒါပေမဲ့. . အဲဒီအိမ်ထဲကနေ၊ ငါ နေမကောင်းတာကို၊ သူသိတယ်ဗျာ။

တို့အိမ်မှာ . . ၊ သူ . . ဂနာမငြိမ်ဖြစ်နေ တာ. . တဲ့၊ အဲဒီလို၊ သုံးရက်လောက်ဖြစ်ပြီး၊ ငါ့ အိမ်တံခါးကို သူ. . လာခေါက်တော့တာပဲ”

စသည်ဖြင့်၊ ကျွန်တော့် ခွေးလေးတွေအကြောင်းကို၊ ကျွန်တော့်



သူငယ်ချင်း၊ ညီညီလှိုင်အား၊ ပြောပြ ကြွားဝါနေမိသည်။

ကျွန်တော့် ခွေးလေးတွေအကြောင်း၊ ပြေပြသည်၊ ကျွန်တော် စကားဆုံးသည့်အခါ၊ ညီညီလှိုင်က-

“မင်း ခွေးတွေ လိမ္မာတာ၊ သာမန်အဆင့်ပဲ ရှိပါသေးတယ်ကွာ၊ ငါ ထောင်ထဲမှာ ရှိတုန်းက၊ ဒေဗီဆိုတဲ့၊ခွေးမ,လေး တစ်ကောင်မြင်ဖူးတယ်ကွ၊

သူက၊ စစ်ခွေးတိုက်မှာကွ၊ အကျဉ်းသား တစ်ယောက်ယောက်ကို၊ အပြစ်ပေးတယ် ဆိုပါတော့၊

သူ့သခင်က၊ ဒေဗီခြေသလုံးကို ကိုက်ဆိုရင်၊ အဲဒီအကျဉ်းသားရဲ့ ခြေသလုံးကို၊ ကိုက်ထားတယ်၊ တင်ပါးကို ကိုက်. . . ဆိုရင်၊ တင်ပါးကို ကိုက်ထား တယ်။

ကိုက်ဖဲ့တာမျိုး မဟုတ်ဘူး၊ ကိုက်ငုံထားတာ ပေါ့၊ ရိုးရိုးခွေး မဟုတ်ဘူးကွ၊ စစ်ခွေး . . ၊

သေသေချာချာ လေ့ကျင့်ပေးထားတာ၊ အံ့ဩလောက်အောင်၊ နာခံတတ်တယ်ဟော့ကောင်

www.burmeseclassic.com

www.burmeseclassic.com



ရေ၊ အခုတော့ .. စစ်ခွေးတို့ က်ဆိုတာ၊
မရှိတော့ဘူး ထင်တယ်၊ ဒေစီလည်း၊ ရှိ သေးလား
မရှိတော့ဘူးလား .. မသိတော့ပါဘူး"

ညိုညိုလှိုင်ပြောပြသော၊ စစ်ခွေးမ,လေး၊ ဒေစီအကြောင်းကို၊ နားထောင်ရင်း၊ ကျွန်တော်အင်မတန် အံ့သြရပြန်သည်၊

ကျွန်တော့်ခွေးလေးတွေ၏ နာခံမှုထက်၊ ဒေစီလို ခွေးလေးတွေ၏၊ နာခံမှုက၊ ပို၍ပင် အံ့သြစရာ ကောင်းလှသည်၊ ခွေးချင်းအတူတူ၊ ကျွန်တော်က၊ ကျွန်တော့်ခွေးလေးတွေကို၊ အကိုက်အခဲ မသင်အံ့ဘူးခဲ့၊

✪✪✪

မည်သို့ပင် ဆိုစေ၊
ယခုအချိန်အထိ၊ ကျွန်တော်ခွေး ကြောက်တတ်နေသေးသည်၊

ကြောက်ပင် ကြောက်ငြားသော်လည်း၊ ကျွန်တော့်မှာ၊ အိမ်ဝင်း ကျယ်ကျယ်ရှိခဲ့လျှင်၊ ကျွန်တော် ခွေးမွေးချင်ပြန်သေးသည်၊



မွေးမည့် ခွေးတွေကိုတော့၊ လိမ္မာရေးခြားရှိအောင်သာ၊ ကျွန်တော်သင်ကြားပေးချင်သည်၊

ကိုက်တတ်အောင်တော့၊ မသင်ချင်၊

အဘယ်ကြောင့်ဆိုသော်၊ ကျွန်တော့်လို ခွေးကြောက်တတ်သူတွေ၊ များစွာရှိနေနိုင်သည်. . ဟု၊ တွေးဆ,မိသောကြောင့် ဖြစ်၏၊ လူတိုင်းကို၊ ကျွန်တော့်လို၊ ခွေးမကြောက်စေချင်ပေ၊ ။

2015- Nov - 19
2: 55 (a.m)
[ THE FLOWER NEWS - ပန်းသတင်းဂျာနယ်
Vol . 11 , No . 13, 31.March-6,APRIL -2015]

www.burmeseclassic.com

www.burmeseclassic.com

# ရွှေးခြေတောက်က ... ဆူး

www.burmeseclassic.com

www.burmeseclassic.com

## (၁)

အခုအချိန်အထိ၊ ကျွန်တော် ခွေးကြောက်နေတုန်းပါပဲ။ ခွေးအကိုက်ခံဖူးလို့လား ဆိုပြန်တော့၊ တစ်ခါမှ အကိုက်မခံဖူးခဲ့ပါဘူး။

ဒါဆို ဘာကြောင့် ကြောက်ရတာလဲ ဆိုရင်၊ ခွေးအကိုက်မခံခဲ့ရပေမယ့်၊ ခွေးအလိုက်ခံခဲ့ရတာ ခဏ ခဏပေါ့။

ကလေးအရွယ်တုန်းက၊ ခွေးကျားကြီးတစ်ကောင် ကျွန်တော့်ကို၊ သဲသဲမဲမဲ လိုက်ကိုက်ဖူးတယ်။ ကျွန်တော်အပြေးကောင်းလို့လား ကံကောင်းလို့လားတော့ မသိဘူး။ အကျီကို ဘောင်းဘီထဲ ထည့်မဝတ်တတ်တဲ့ ကျွန်တော့် အလေ့အထကြောင့်၊ ကျွန်တော့် အကျီနောက်တော်ကျော တစ်ခုလုံး၊ စုတ်ပြတ်သွားပေမယ့်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့် အသားတို့၊ ခွေးရဲ့ အစွယ် မိ, မသွားဘူးလေ။

နောက်၊ အရွယ်ရောက်လာပြန်တော့၊ သူများ အိမ်ပေါ်က ခွေး၊ ကျွန်တော့်ကို ခုန်အုပ်လိုက်တာ၊ ကျွန်တော် ဖင်ထိုင်ကျရင်း၊ သူ့မေးစေ့ကို လက်ဖနောင့်နဲ့ ဝင့်ရိုက်လိုက်မိပြီး၊ သူ့သခင်က,လည်း ခွေးကို အဆွဲပြန်တော့၊ ကျွန်တော် ထိမိခိုက်မိ မဖြစ်ပြန်ဘူး။

ဒါကြောင့်၊ ခွေးအကိုက်မခံရဘူးလားဆိုရင်၊ မခံခဲ့ရဖူးဘူး။ လိုက်တော့ ကိုက်တယ်။ မပေါက်မပြဲခဲ့ဘူးဆိုတော့၊ ခွေးအကိုက် မခံခဲ့ရသော်လည်း၊ ခွေးအလိုက်ခံရဖူးတယ်လို့၊ ဖြေရတော့မှာပါပဲ။

ကိုယ့်ကိုလည်း ခွေးက၊ ခဏ ခဏ အလိုက်ခံရ၊ သူတစ်ပါး ကို၊ ကိုက်လိုက်လို့၊ အသားတစ်ပါ လန်ထွက်သွားတာမျိုးတွေ၊ မြင်ရ တွေ့ရ ဖန်များတော့၊ ကိုယ်တိုင် ထိထိမိမိ၊ အကိုက်မခံခဲ့ရပေမယ့် အသည်းထဲက တထိတ်ထိတ်ဖြစ်တဲ့အထိ၊ ကျွန်တော်ခွေးကြောက် ခဲ့တာ၊ အမှန်ပါ။ အခုအချိန်၊ အခုအရွယ်ထိ၊ ကြောက်နေမိတုန်းပါ။

✪

ကိုယ့် ဥပတိရုပ်ကလည်း၊ ခွေးမျက်စိနောက်မယ့် ရုပ်မျိုး



ဆိုတော့၊ မုန့်လေးတွေ၊ အရိုးအံ့ရင်းလေးတွေကို၊ လမ်းဘေးက ခွေး တွေကို၊ ပစ်ပစ်ကျွေးရင်း၊ ရင်းနှီးမှု ယူနေမိခဲ့တာလည်း၊ ငယ်ငယ်က နေ၊ အခုအရွယ်အထိပါပဲ။

✪

ကြောက်တဲ့စိတ် လျော့ပါးရာ လျော့ပါးကြောင်းအတွက်၊ ခွေးတွေကို၊ အစာကျွေး၊ မွေးမြူရင်း၊ ခွေးတော်တော်များများနဲ့ ကျွန်တော် ရင်းနှီးခဲ့ရတယ်ဆိုပါတော့။

✪✪✪✪

(၂)

အင်း၊ ကျွန်တော် တစ်ယောက်တည်း၊ ခွေး ကြောက်တာ သား မှတ်တယ်၊ တခြားလူတွေထဲမှာလည်း၊ ခွေးကြောက်သူတွေ၊ အများသား။

✪

ဦးဝမ်ယုဆိုတဲ့ တရုတ်ကြီး တစ်ယောက်နဲ့၊ ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ဖူးပါတယ်။ အဲဒီ ဦးဝမ်ယုက၊ သိုင်းသမားကြီး တစ်ယောက်ပါ။ သူ ဘာသိုင်းတစားသလဲ ဆိုတာတော့ ကျွန်တော်မသိဘူး။

ဒါပေမဲ့ သူ့ လက်ဖျံရိုးကြီးက၊ တကယ့်သစ်သားတုတ်တိုကြီးလို၊ မာချာနေတာတော့၊ ကျွန်တော်သိတယ်။

"ငါ့ လက်ကို ကိုင်ကြည့်စမ်း"

ဦးဝမ်ယုက၊ သူ့ လက်ဖျံ ကြွက်သားကြီးကို၊ ညှစ်ပြပြီး ကျွန်တော် အပါအဝင် တခြားလူတိုင်းကို၊ ကြွားနေကျပေါ့။

"ငါက၊ ကျားကိုတောင်၊ ယှဉ်ချနိုင်တယ်ကွ"

အဲဒီလို၊ အံ့ဩစရာ စကားအထိ၊ ကျွန်တော်ကြားခဲ့ဖူးတယ်လေ။

"ကျားကို၊ ဘာလက်နက်မှ မပါဘဲ နိုင်အောင်ချတာလား"

"ကြီးကြီးမားမား လက်နက် မလိုပါဘူးကွ တစ်မိုက်သာသာလောက် ဝါးနှစ်ချောင်းကို၊နှစ်ဖက်စလုံး ချွန်ပြီး၊ ကြက်ခြေခတ် ချီထားပြီး၊ အဲဒါကို ဘယ်လက်နဲ့ ကိုင်ထားတာ၊

ကျားက ခုန်အုပ်တဲ့အချိန်၊ သူ့ပါးစပ်ထဲ



အဲဒီ ကြက်ခြေခတ်ဝါးချွန်ခွကို၊ ထည့်၊ ပါးစောင်ကို ညာလက်နဲ့ တစ်ချက်တည်း ထိုးထည့်လိုက်တာ၊ မင်း ကျား၊ ပုံခနဲပဲ"

"ဟာ. . ."

ကျွန်တော်ရော၊ ကြားရသူတိုင်းရော၊ ဦးဝမ်ယု ပြောတဲ့၊ စကားကို၊ တအံ့တဩ နားထောင်ခဲ့ကြရတာပေါ့။

✪

လက်ဘက်ရည်ဆိုင်ထိုင်၊ ညမိုးချုပ်မှ ပြန်ကြ၊ ဦးဝမ်ယုက၊ကျွန်တော်နဲ့ပဲ၊ အတူတူလိုက်ပြန်တယ်လေ၊

✪✪✪

(၃)

"မင်းက၊ မနေ့ညက၊ ဘာလို့မလာတာလဲ"

"ကျွန်တော် မအားလို့ပေါ့ ဦးဝမ်ယုရဲ့၊ ဘာဖြစ်လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မင်း မလာတော့၊ ငါ အဖော်မရှိဘဲ၊ အိမ်ပြန်ရတယ်ကွ"

"အဖော်မရှိလည်း၊ တစ်ယောက်တည်းပြန်ဘာဖြစ်လဲဗျာ"

"မင်း ပါတော့၊ မင်းတ . . လမ်းဘေးခွေးတွေကို၊ ဟိုဟာ ပစ်ကျွေး ဒီဟာ ပစ်ကျွေး။

လေချွန်သံလေးပေးလိုက်၊ လက်ဖျောက်လေးတီးလိုက်နဲ့၊ အဆင်ပြေတာပေါ့ကွ။

မင်းမပါတော့-

ငါ့ အဲဒီ ကောင်တွေ၊ ဘာလုပ်ရမှန်းမသိဘူး"

"ဟင်။ ဦးဝမ်ယု၊ ဘာလုပ်ဖို့လိုလဲ။ ကျွန်တော် က၊ ခွေးကြောက်တတ်လို့၊ ခွေးကိုက်မှာစိုးလို့၊ ဟိုဟာ ဒီဟာ ပစ်ကျွေးပြီး၊ ခွေးတွေကိုဖားတာလေ။ ဦးဝမ်ယုက၊ ဒီအတိုင်းပြန်ရတာပဲဟာ"

"ငါလည်း ခွေးကြောက်တယ်ကွ"

"ဗျာ"

ကျွန်တော် တကယ်အံ့ဩသွားရတာပါ။



"ဟုတ်တယ်။ ငါ ခွေးကြောက်တယ်။ အဲဒါကြောင့်၊ ခွေးကြောက်သိတဲ့ မင်းနဲ့ ငါ အတူပြန်တာကွ"

"ဦးဝမ်ယုရယ်၊ ခင်ဗျား သိုင်းတတ်တယ်ဆို၊ ကျားကိုတောင်၊ ယှဉ်ချနိုင်တယ်ဆို"

"ဟကောင်ရ၊ ကျားက ခုန်အုပ်တာကွ၊ ခုန်အုပ်တဲ့ ပါးစပ်ထဲ၊ ဝါးချွန်ခွထည့်လိုက်ရုံပဲ။

မင်းရဲ့ခွေးလေ ခွေးလွှမ့်တွေက၊ ခုန်အုပ်တာ မဟုတ်ဘူးကွ၊ နောက်က,နေ အလစ်ဆွဲတာ။ ပြီးတော့, ဒီကောင်တွေက၊ ဒူးအောက်ပိုင်းပဲကိုက်တာ။

ခုန်အုပ်တဲ့ ခွေးဆိုရင်တော့၊ သူ့ပါးစောင်ကို၊ ငါ့လက်သီးကျွေးလိုက်မှာပေါ့ကွာ။

အလစ်လည်းကိုက်၊ ကိုက်ပြန်တော့လည်း ဒူးအောက်ပိုင်းလောက် ကိုက်နိုင်တဲ့ ခွေးတော့၊ ငါ. . . ပါးစောင်ကို၊ ငုံ့မထိုးတတ်ဘူးကွ"

"ဟား ဟား ဟား ဟား"

ကျွန်တော် တဟားဟား ရယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်သားပဲ။ ခွေးက၊ ဒူးအောက်ပိုင်းပဲ၊
အကိုက်များတာကိုး။
အဲဒီတော့လည်း၊ ခြေနဲ့ကန်လိုက်ပေါ့ဗျာ"
"ဟေ့ကောင်၊ ငါ သင်ထားတဲ့ သိုင်းက၊
ကျားနဲ့တိုက်ဖို့ကွ၊ ခွေးနဲ့ ပြိုင်ကိုက်ဖို့ မဟုတ်ဘူး။
အဲဒါကြောင့်၊ ငါ ခွေးကြောက်တယ်၊ မင်း ဘယ်သူ
မှ၊လျှောက်မပြောနဲ့နော်"
" ဟုတ်ကဲ့ပါ"

ကျွန်တော်ကတိတည်ပါသည်၊ ကျားနှင့်ပင် ယှဉ်ချနိုင်သော သိုင်းသမား ဦးဝမ်ယု၊ ခွေးကြောက်တတ်ကြောင်းကို၊ ကျွန်တော်မည်သူ့ကိုမျှ၊ မပြောဖူးပါဘူး။ (အခုမှ၊ ကြုံလို့၊ စာနဲ့ ရေးပြမိတာပါ)။

✪

တဲ၊ ကျွန်တော့်လို ပါမွှားသာမက၊ သိုင်းသမား ဦးဝမ်ယုတောင်၊ ခွေးကိုက်မှာ ကြောက်တတ်တယ်လေ၊ လူတော်တော်များများ၊ ခွေးကိုက်မှာ၊ ကြောက်ကြပါတယ်ဗျာ။

✪✪✪



(၄)

ခွေးကိုက်ခံရမှာ ကြောက်ပါတယ်ဆိုကာမှ၊ သူငယ်ချင်းနှစ်ယောက်၏ အိမ်ရှေ့မှ ခွေးကြီးတစ်ကောင်၏ ခြေထောက်မှာ၊ ဆူးစူးနေသည့် သတင်းကြားရပြန်တော့၊ ကျွန်တော်မနေတတ်မထိုင်တတ်၊ အဲဒီအိမ်ကို ရောက်သွားရပြန်တယ်။

✪

ခွေးခြေထောက်က ဆူးကို၊ သခင်က နှုတ်ပေးလိုက် ခွေးကလှည့်ကိုက်လိုက်နဲ့၊ ဆူးကို မြင်နေရပြီး၊ ဘယ်သူမှ၊ နှုတ်ပေးလို့မရ။

"သားလေးရယ် ငြိမ်ငြိမ်နေနော်"

တစ်ယောက်က၊ ခွေးလည်ပင်းကို ဖက်၊ တစ်ယောက်က ခြေဖဝါးကိုကိုင်၊ ဆူးကို ထိလိုက်ပြီဆိုတာနဲ့၊ ခွေးက လှမ်းကိုက်။ (နှစ်လ သားလောက်ကတည်းက၊ မွေးထားတဲ့ ခွေး။ အခု နှစ်နှစ်သား။ အကောင်ကြီး)။

သခင်ကို၊ ကိုက်ချင်လို့ ကိုက်တာမဟုတ်ပေမယ့်၊ နာလွန်းတော့၊ နာတဲ့နေရာကို ထိလိုက်တာနဲ့၊ သူမှာ ဟန့်တားရော၊ ဒီပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



(ဗီအစွယ်တွေ)ပဲ ရှိတာဆိုတော့၊ သခင့်လက်ကို၊ တားတားတား၊ သခင်ကို၊ တိုက်သလို ဖြစ်နေတော့တာပေါ့။

သခင်တွေရဲ့ လက်တွေမှာလည်း၊ အပေါက်အပြကိုယ်စီ၊ ဒါပေမဲ့၊ သခင်တွေ၊ မငြိုငြင်ကြ။

သခင့်လက်ကိုတောင်၊ တိုက်နေခဲ့နေပြီဆိုတော့၊ ဒီတိစ္ဆာ၊ သခင်မဟုတ်တဲ့၊ ကျွန်တော် ဘယ်လို ဝင်ပါရမှန်းမသိ။

"အသိဆရာဝန်တစ်ယောက်ဆီ၊ ဖုန်းဆက်ပေးမယ်။ ကြောင်ပါးစပ်ထဲ အဝတ်ချုပ်အစ်ဝင်တာတောင်၊ ကြောင် အကိုက်ခံပြီး၊ ပါးစပ်ထဲက အစ်ကို၊ မရမက ပြန်ယူပေးတာ၊ ငါ ကြုံဖူးတယ်"

ကျွန်တော်အကြံပေးချက်ကို၊ ခွေးသခင်နှစ်ယောက် သဘောတူကြတယ်။ ဆရာဝန်ဆီဖုန်းဆက်၊ ဆရာဝန်က ခွေးလည်ပင်းကို၊ သံကြိုးချီထားပေးဖို့ပဲ၊မှာတယ်။

✪



ဆရာဝန်ရောက်လာတော့၊ မိနစ်ပိုင်းအတွင်း အဆင်ပြေသွားပါလေရော၊

ဆရာဝန်က၊ ခွေးပါးစပ်ကို အုပ်တဲ့ အုပ်ဆောင်း ယူလာတယ်လေ။ ပါးစပ်ကို၊ အဲဒီ အုပ်ဆောင်းနဲ့ အုပ်၊ ဆူးကို နုတ်၊ ခြေဖဝါးကို သန့်စင်၊ ဆေးထည့်၊ ပြီးရော . . ။

✪✪✪

(၅)

ခွေးဆိုတာ၊ တိရစ္ဆာန်ပဲလေ၊

သူ့ခြေထောက်က၊ ဆူးကို၊ နုတ်ပေးတဲ့ သခင်ကိုတောင်၊ ဆူးနုတ်ပေးလို့ နုတ်ပေးမှန်းမသိဘဲ၊ သူ့ကို နာအောင် လုပ်တယ် ထင်ထင်ပြီး၊ ဆူးနုတ်ပေးတဲ့သူကို၊ လှမ်းလှမ်းကိုက်နေတော့တာပေါ့။

(ဟော. . ၊ ကိုက်တဲ့ပါးစပ်ကို၊ အုပ်ဆောင်းနဲ့အုပ်ပြီး၊ လိုသလို ဆောင်ရွက်ပေးနိုင်တဲ့၊ တတ်သိ ပညာရှင်(ဆရာဝန်)လည်း၊ ရောက်လာရော၊ အားလုံး . . . အဆင်ပြေသွားပါလေရော။

✪

www.burmeseclassic.com

www.burmeseclassic.com



လူလောကရဲ့ တချို့တိစ္ဆတွေမှာလည်း . .

တချို့ တချို့တွေရဲ့ အမှားကို၊ တချို့ တချို့တွေ ထောက်ပြ ဝေဖန် ပြင်းဆန် ဖယ်ရှင်းဖို့ ကြိုးပမ်းကြတာဟာ၊ ခွေးခြေထောက်ထား ဆူးကို၊ နှုတ်ပေးဖို့ ကြိုးပမ်းတာမျိုးပါပဲ။

ဝေဒနာ သက်သာအောင်၊ ခြေထောက်က ဆူးကို၊ နှုတ်ပေး ဖို့၊ ကြိုးပမ်းကြတာဟာ၊ ဝေဒနာရှင်အပေါ်၊ မေတ္တာစေတနာရှိလို့ ဆောင်ရွက်ပေးကြတာပါ။

သို့သော်. . . နာအောင်လုပ်တယ်ပဲ ထင်ထင်ပြီး၊ ဆူးနှုတ် ပေးလိုသူ (ထောက်ပြ ဝေဖန် ပြင်းဆန်ဖယ်ရှင်းဖို့ ကြိုးပမ်းနေကြသူ) တွေကို၊ ပြန်ပြန်ကိုက်သလို၊ ဟန့်တား နေတတ်ကြတာမျိုးနဲ့ ကြုံ တဲ့အခါ၊ ဆူးနှုတ်လိုတဲ့ ခရိုး(ရည်ရွယ်ချက်)၊ အင်မတန် ကြန့်ကြာ တတ်ပါတယ်။ ခရိုးဖင့်တယ်ပေါ့များ။

✪

အဲဒီလို အခြေအနေမျိုးမှာ၊ ဆူးအစူးခံနေရတဲ့ခွေးရဲ့ ပါးစပ် ကို၊ အုပ်ဆောင်းလေးအုပ်ပေးရသလို၊ (တတ်သိပညာရှိတဲ့)၊ ပညာရှင်



တစ်ယောက်ယောက်က၊ ဝင်ရောက်ဖြေရှင်း၊ ဆောင်ရွက်ပေးနိုင်ရင်၊ သိပ်ကောင်းမှာပဲလို့၊ လိုရာဆွဲပြီး တွေးမောမိပါတယ်။

✪

ခွေးခြေထောက်က၊ ဆူးကို၊ နှုတ်ပေးလိုသူတိုင်း ပါးစပ်ကို အုပ်တဲ့၊ အုပ်ဆောင်းတစ်ခုခု၊ ဆောင်ထားကြဖို့၊ လိုမယ်. . လို့၊ သွယ်ကာ ဝိုက်ကာ၊ အကြံပေးလိုက်ချင်ပါရဲ့။(ခွေးက,တော့၊ နာအောင်လုပ်မယ်ပဲ၊ ထင်နေတတ်တယ်လေ)။ ။

✪✪✪

2014- May - 27
4: 00 (P.m)
[ THE FLOWER NEWS - (ပန်းသတင်း)ဂျာနယ်
Vol-11, No-23]

www.burmeseclassic.com

www.burmeseclassic.com

# ခွေးမျက်မှန်

www.burmeseclassic.com

www.burmeseclassic.com

စိတ်မကောင်းစရာ သတင်းတစ်ခု ကြားသိရ၏။ ရပ်ကွက်ထဲက၊ ခွေးလေ ခွေးလွင့်တွေကို၊ ရှင်းလင်းဖို့၊ အမဲတုံး ပစ်တော့မယ်တဲ့။

တချို့ ခွေးချစ်သူတွေက၊ သူတို့ တွေ့မွေးထားတဲ့၊ ခွေးသုံးလေးကောင်ကို၊ လမ်းမ,ပေါ်သို့၊ မထွက်နိုင်အောင်၊ လှောင်ပိတ်ထားကြပြီ။

"ဒီကောင်တွေကို၊ ဘာဖြစ်လို့၊ ဝင်းထဲ ထည့်
ထားတာလဲဗျ"

အိမ်ရာဝင်းရဲ့၊ တင်းသမားတွေကို၊ ကျွန်တော်မေးကြည့်မိတာပါ။

"ဒီည အမဲတုံးပစ်မယ် . . တဲ့၊ အဲဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်တွေ၊ မိသွားမှာစိုးလို့၊ ဝင်းတဲ့ ခေါ်ထား
တာ"

ခွေးအကိုက်ခံခဲ့ရသူတွေအတွက်တော့၊ ကျေနပ်စရာ သတင်းဖြစ်မှာပါ။ ကျွန်တော် တစ်ကိုယ်တည်းရဲ့ ခံစားချက်ကတော့၊ စိတ်မကောင်းဖြစ်မိတာ၊ အမှန်ပါ။ ကျွန်တော်ထ ခွေးကိုက်ခံရမှာသာ၊ ကြောက်တာ၊ ခွေးကို၊ မုန်းတဲ့သူမဟုတ်ဘူး လေ၊

ဖြစ်နိုင်ရင်၊ ခွေးအကိုက်ခံရတဲ့ သူကိုလည်း၊ အနာထရ မရှိစေချင်ဘူး။ ဘယ်ခွေးကိုမှလည်း၊ မကိုက်တတ်စေချင်ဘူး (ဒါပေမဲ့၊ ခွေးလေဗျာ။ သူမှာ . . .၊ ကိုက်တာနဲ့ ဟောင်တာ ဒီနှစ်ခုပဲ၊ လုပ်တတ်တာမဟုတ်လား)။

✪

ပြီးခဲ့တဲ့ တစ်လလောက်ကတည်းက၊ တိုက်ကြားထဲမှာ ခွေးအုပ်စုတစ်စုရှိတယ်။ အဲဒီခွေးအုပ်စုထဲက၊ ခွေးထီး အဖြူ တစ်ကောင်က၊ တိုက်ကြားထဲက၊ ဖြတ်သွားသူတွေကိုရော၊ လမ်းသွား လမ်းလာတွေကိုရော၊ ထွက်ထွက်ကိုက်တာ၊ လူစုံပါပဲ။



ကလေး၊ လူကြီး၊ ကျား-မ မရွေး၊ဘုန်းတော်ကြီးပါ မကျန်၊ တော်တော်များများ အကိုက်ခံကြရသတဲ့။

အဲဒီ ခွေးထီးအဖြူကြီးက၊ ဘာကို ဘယ်လို မျက်စိနောက် ပြီး၊ ကိုက်နေသလဲ မပြောတတ်ပါဘူး။

သူ့ကိုမွေးထားတာက၊ ခွေးနက်မ။

✪

"အား"

"အမယ်လေး"

. . စသဖြင့်၊ နေ့တဒူဝ အသံတွေကြားနေခဲ့ရတယ်။ တချို့ ဆို၊ အသားတစ်ပါ ဟက်တက်တွဲသွားရှာတယ်။

✪✪✪

အဲဒီလိုနဲ့၊ သတ်ဆိုင်ရာကို၊ သတင်းပို့ကြတယ်ထင်ပါရဲ့။

"တိုင်စာကို၊ လက်ရေးနဲ့ရေးလို့မရဘူး၊ ကွန်ပျူတာနဲ့ စီပြီး မှပို့ပါ"တဲ့။ . . ဆိုတာမျိုးတွေ ကြားရတော့၊ ကျွန်တော့်မှာ မတိုင် ဖြစ်ပါနဲ့လို့လည်း၊ ဝင်မပြောဖြစ်၊ အကိုက်ခံရသူတွေ၊ အကိုက်ခံရတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကလေးမိဘ,တွေက၊ ဒီ . . ဟန့်တားမှုကို၊ ဘယ် ကြိုက်ပါ့မလဲ။

အဲဒီခွေးဖြူကြီး၊ ထပ်မကိုက်မိပါစေနဲ့တော့လို့ပဲ၊ ဆုတောင်းမိတာပေါ့။

ကျွန်တော့် ဆုတောင်း၊ မပြည့်ပါဘူး။

ကလေးတစ်ယောက်ရဲ့ ငယ်သံပါအောင် အော်တဲ့ အသံ။ တစ်ရပ်ကွက်လုံး၊ ဆူညံသွားပါလေရော။

နောက်ထပ် ကလေးတစ်ယောက်ကို၊ ကိုက်လိုက်ပြန်ပြီလေ။

✪

လုံးဝ . . စိတ်မထိန်းနိုင်တဲ့ ရပ်ကွက်သား၊ နှစ်ယောက်က ၊ အဲဒီ ခွေးဖြူကြီးကို၊ ရိုက်သတ်ဖို့၊ ချောင်းကြပါလေရော။

ဒါပေမဲ့ . .

ဝိုင်းရိုက်တာမသေပါဘူး။

တော်တော်အထိနာသွားတယ်လို့တော့၊ ကြားရပါတယ်။

"ပယ်ပယ်နယ်နယ်ကို၊ ကျွန်တော်တို့

ချောင်ပိတ်ပြီး ရိုက်ပစ်လိုက်တာ၊ သေတော့



မသေဘူး။ အပိုးတော့၊ တော်တော်ကျိုးသွားပြီ။

အဲဒီ . . ကြားထဲက၊ ထွက်ကို မလာရဲတော့ဘူး"

နောက်ဆယ်ရက်လောက်ကြာတော့၊ အဲဒီခွေးဖြူကြီးကို၊ ထော့နဲ့ ထော့နဲ့နဲ့ တွေ့ရတဲ့အပြင်၊လမ်းပေါ်ကိုတောင်မလာတော့ဘဲ၊ သူနေရာရဲ့ ခပ်လှမ်းလှမ်းအထိဘဲ၊ ထွက်ရဲတော့တာကို၊ သတိပြုမိတယ်။

ဘယ်သူ မြတ်သွားသွား၊ ကိုတ်တဲ့ သတင်းမကြားရတော့ပါဘူး။

✪✪✪

ဒါပေမဲ့ . . . သူမကိုက်တော့တဲ့ အချိန်တျမှ၊ သူ့အပါအဝင် ခွေးလေ ခွေးလွင့်တွေကို၊ နှိမ်နင်းမယ့်၊ ဆောင်ရွက်သူက၊ ရောက်လာလေတော့၊ ကျွန်တော် ဘယ်မှာ ဘယ်သူ့ကို ဘယ်လို ပြောပြီး၊ ဘာကိုဟန့်တားရမှန်းမသိတော့ပါဘူး။

"အဆိပ်တုံးတွေ၊ မပစ်ပါနဲ့တော့ဗျာ။

ကိုက်တဲ့ခွေးက၊ မကိုက်တော့ပါဘူး"

အဲဒီလိုပြောရမလား။

www.burmeseclassic.com

www.burmeseclassic.com



"အိုင် - အိုင် - အိုင်"

(ခွေးများ၏ နာတျင်အော်ဟစ်ညည်းတွား သံ)

✪

ဦးတရုတ်ကြီး၏အိမ်ရှေ့တွင် နေ့စဉ် မြင်တွေ့ကြား သိနေရသော၊ အသံဗလံများ ဖြစ်ပေသည်။ "ခွေးအမျိုးမျိုး ရှိတယ်ကွ။ ခွေးသူခိုး၊ ခွေးဝဲစား၊ ခွေးလေခွေးလွင့် ခွေးသားအုပ်ထေး ခွေးသူတောင်းစား၊ ခွေးရူး၊ အမျိုးမျိုးပဲ၊ ဘယ်ခွေးမှ ငါကြည့်လို့မရဘူး။ အကုန်လုံး၊ ဘာမှ အသုံးဝင်တဲ့ ကောင်တွေ မဟုတ်ဘူး"...ဟု၊ ဦးတရုတ်ကြီး ပြောဖူး၏။ "တချို့ခွေးတွေက အိမ်လုံ့ပါတယ်ဗျာ"။ နောက်ပြီး အမဲလိုက်ခွေးတို့၊ စစ်ခွေးတို့ဆိုရင် အသုံးဝင်တဲ့ ကောင်တွေပါဗျ။ အခုဆိုရင်၊ မျက်မမြင်တွေ၊ တလေးတွေအတွက်၊ ထိန်းကျောင်း လမ်းပြပေးတတ်တဲ့ ခွေးမျိုးတွေတောင် ရှိနေပါပြီ"...ဟု၊ ခွေး တို့၏ ဘက်မှ ဂုဏ်ယူကာကွယ်ကာ၊ ကျွန်တော်ပြန်ပြောပြဖူး၏။

"ဟေ့ကောင်။ ဘာခွေးဖြစ်ဖြစ်၊ အစာစားရ လို့၊ ဟန်ဆောင်ပြီးလိုက်နာပြနေတာ။



ငါလည်း ....ဒီခွေးတွေနဲ့၊ ဘယ်လို ရေစက်လည်း၊ မသိဘူး။ ခွေးမြင်ရင် လေးခွနဲ့တို ပစ်ချင်နေတာ"

"ခင်ဗျား ခွေးကိုက်ခံဖူးလို့လား"

"မခံဖူးပါဘူး"

"ခင်ဗျား မိသားစု၊ ဆွေမျိုးသားချင်းထဲက တစ်ယောက်ယောက်ရော၊ ခွေး အကိုက်ခံဖူး လို့ လား"

ဦးတရုတ်ကြီးက၊ မဲ့ကာ ရွဲ့ကာ၊ ခေါင်းခါပြ၏။

"ခင်ဗျားနဲ့ ပတ်သက်တဲ့သူတွေရော၊ ခင်ဗျား ကိုယ်တိုင်ရော၊ ခွေးအကိုက် မခံဖူးဘဲနဲ့၊ ဘာဖြစ်လို့များ၊ ခွေးတွေကို၊ မုန်းနေရတာလဲ၊ ဦးတရုတ်ကြီးရယ်"

"ငါ့ကိုရော၊ ငါ့ မိသားစု ဆွေမျိုးသားချင်း တွေကိုရော၊ ခွေးအကိုက်မခံရဘူးပေမယ့်၊ တခြား လူတွေကို၊ ခွေးကိုက်တာ၊ ငါ ခဏခဏမြင်ဖူး တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



ခွေးအကိုက်ခံရတာချင်း အတူတူတော်၊ ခွေးလေးခွေးလွင့် အကိုက်ခံရသူဆိုရင်၊ ပိုပြီး

အခံရ

ခက်တယ်"

"တခြားလူတွေကို၊ ကိုက်တာများဗျာ၊ ခင်ဗျားက၊ ကြားထဲက ဝင်နာနေရသေး"

"ဟုတ်ပါတယ်"

"မင်းတို့ ဗမာရာဇဝင်မှာ စကားတစ်ခွန်း ခဏ ခဏ ပြောကြတယ်လေ၊ လူကို ခွေးသတ် လေခြင်း၊ လူကို ခွေးသတ်လေခြင်းဆိုတာ ကြားဖူးတယ်မဟုတ်လား"

"ကြားဖူးတာပေါ့"

"အဲလိုကြားဖူးတော့၊ မင်း . . မနာဘူးလား"

"ဗျာ"

"လူကို ခွေးသတ်တယ်ဆိုတဲ့ စကား ကြားချင်း၊ မင်း . . . လူတွေဘက်က၊ မနာဘူးလား"

"အဲဒါတွေက၊ ရာဇဝင် သမိုင်းထဲက ထို့



တွေ လေဗျာ၊ စိတ်အနာကြီးတော့ မနာမိပါဘူး၊ စိတ်မကောင်းတော့ ဖြစ်တာပေါ့"

"မင်း မသိမိတဲ့ သမိုင်းထဲက၊ လူကိုခွေး သတ်တဲ့ ကိစ္စ၊ မင်း မနာချင်နေတွာ၊

အခု . . . မင်း, သိ . . မိနေတဲ့၊ ကာလ, ထဲမှာတော့၊ လူကို ခွေးကိုက်ရင်၊ လူတွေဘက်က နေပြီး၊ မင်း . . နာပေးသင့်တာပေါ့"

"ဘာကို နာရမှာလဲ"

" လူတွေကို၊ ကိုက်တဲ့ ခွေး၊ ဘယ်ခွေးကို ဖြစ်ဖြစ်၊ မင်း စိတ်နာပေးရမှာပေါ့တွ"

"ကျွန်တော်မှ၊ အကိုက်မခံဘူးတာ၊ ဘယ်လိုလုပ်နာရမှာလဲ"

ဟာသ, သရုပ်ဆောင် အမျိုးသမီးကြီးတစ်ယောက်၊ နှုတ်ခမ်းမဲ့သကဲ့သို့၊ ဦးတရုတ်ကြီးက၊ သူ့ နှုတ်ခမ်းကို၊ မဲ့ကာ-

" ကိုယ် အကိုက်ခံရမှ၊ နာရကောင်းမှန်း သိတဲ့လူ၊ ကိုယ့်ခေါင်းပေါ် မစင်တက် အစွန့်ခံရမှ၊ ကိုယ့်ကိစ္စကို၊ ထင်တဲ့လူဟာ၊ ကိုယ့်အမြီးတက်

www.burmeseclassic.com

www.burmeseclassic.com



အနင်းခံရမှ၊ ထ, ကိုက်တတ်တဲ့ခွေးနဲ့ အတူတူပဲ"

"ဦးတရုတ်ကြီး၊ ခင်ဗျား ကျုပ်ကို၊ ခွေးနဲ့ နှိုင်းနေတာလား"

"နှိုင်းစရာကောင်းတဲ့ ကောင်တွေထဲမှာ မင်းကို၊ မပါစေချင်တာကွ၊ ငါ ခွေးအကိုက်မခံဘူး ပေမယ့်၊ တခြားလူတွေ အကိုက်ခံရတာ၊ ငါ ခံရသလိုမျိုး၊ ခံစားပေးဖို့၊ မင်းကို၊ စာနာစိတ် ဖလှယ်ပေးနေတာ"

"ခွေးတွေကို ခင်ဗျားတွေ့ကရာနဲ့၊ တောက် ကောက်ပစ်နေတာ၊ ခွေးတွေလည်း၊ သတ္တဝါပဲဗျာ သူတို့လည်း နာတတ်တာပဲ၊ သူတို့ကိုလည်း ခင်ဗျား စာနာပေးပေါ့"

"ဟား ဟား ဟား၊ လက်စသတ်တော့ မင်းတ, ခွေးဘက်တော်သားကိုးကွ၊ ဟား . . ဟား . . . ဟား . . . ဟား"

✪✪✪

(၂)

အင်မတန် ဖုံထြစရာကောင်းလွန်းသော မြင်ကွင်းဖြစ်သည်၊ ဦးတရုတ်ကြီးသည် ခွေးတစ်ကောင်ကို၊ အစာကျွေးနေ၏၊

✪

"ခံစားချက်တွေ ပြောင်းသွားပြီလား ဦးတရုတ်ကြီး"

"ငါ . . . ဒီခွေးကို၊ အစာကျွေးနေလို့၊ မင်း ဒီလိုမေးတာ မဟုတ်လား"

"ဒါပေါ့"

"တခြားခွေးတွေကို၊ ငါ ဆော်ပလော်တီး နေတုန်းပဲကွ၊ ဒါပေမဲ့ ဒီကောင့်ကိုတော့ ငါ မတီး တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



သူကျွေးသော အစာကို ငြိမ်သက်စွာစားနေသည့် ခွေးကို ရည်ညွှန်း၍ ပြော၏။

"မင်း . . . ဒီကောင့်ကို တစ်ချက်လောက် ရိုက်ကြည့်လိုက်စမ်း"

"အာ။ မရိုက်ချင်ပါဘူး"

"မင်း မရိုက်ရင်၊ ငါ ရိုက်ပြမယ်"

ပြောပြောဆိုဆို ဦးတရုတ်ကြီးက၊ အစာစားနေသော ခွေးကို၊ ဝါးခြမ်းပြားဖြင့် ခပ်ဆတ်ဆတ်ရိုက်ပြ၏။ အရိုက်ခံရသော ခွေးက၊ နောက်သို့ ပြန်ဆုတ်သွား၏။"ကဲ. . ရိုက်ပြမနေပါနဲ့တော့ ဗျာ။ သူ့ဘာသာ အစာစားပါစေတော့"ဟု၊ ကျွန်တော်တားရသည်။ ခွေးက၊ အစာမစားတော့ဘဲ၊ နောက်သို့ တွန့်သွား၏။ "လာစား လာစား". . ဟု၊ ခေါ်၏။ အနားသို့ ပြန်လာ၏။ ထပ်ရိုက်ပြသည်။ ခွေးက၊ အစာခွက်ရှိရာသို့၊ ပြန်လာပြီး၊ အစာ စားနေတော့မှ ဦးတရုတ်ကြီးက၊

"မင်း . . . သတိထားမိလား"

"ဘာကိုလဲ"

"ငါ, ဘယ်လောက်ရိုက်ရိုက်၊ ဒီကောင်



အသံမထွက်ဘူး။ ငါ . . ခွနဲ့လည်း ပစ်တယ်။ ခဲနဲ့လည်းထုတယ်၊ တုတ်နဲ့လည်း ရိုက်တယ်။

တခြားခွေးတွေ၊ တကိန်ကိန် တအိုင်အိုင် နဲ့၊ အော်ကြတယ်။ ဒီကောင်၊ လုံးဝ . . . မအော် ဘူး။သူ ဘယ်လောက်နာနာ၊ ဘာသံမှ မထွက်ဘူး"

"ဟုတ်လား။ အဲဒါ ဘာဖြစ်တာလဲ"

"ဒီကောင် အ,နေတယ်ကွ၊ ဒီကောင် ခွေးအ”

"ခွေးအ၊ ဟုတ်လား"

"အေး။ ဟုတ်တယ်"

"ခွေးအ,က၊ တောထဲမှာပဲ ရှိတာပါဗျာ"

"အဲဒီ တောထဲက၊ ခွေးအ,မျိုး မဟုတ်ဘူး ကွ။ သူ့ခမျာ၊ အသံနဲ့ ပတ်သက်တဲ့ တစ်ခုခု ပျက်စီး နေပုံရတယ်။

ဟောင်လည်း မဟောင်ဘူး။ နာကျင်ရင် လည်း၊ ဘာအသံမှ မထွက်ဘူး။ အင်ခနဲတောင်၊ အသံမထွက်ဘူး။

အဲဒါကြောင့် ဒီကောင့်ကို၊ ငါတ. . ခွေးအ,

www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတာကွ"

"အဲဒါကြောင့်၊ ခင်ဗျားတ၊ သနားသွား
တာပေါ့၊ ဟုတ်လား"

"ဟုတ်တယ်၊ တိရစ္ဆာန်ချင်း အတူတူထော
ငါးတို့ ပုစွန်တို့ ဂဏန်းတို့တ၊ ဘယ်လို အနှိပ်စေ
ခံရ ခံရ၊ မအော်နိုင်ကြဘူးကွ၊

အခု . . ဒီ ခွေး၊ ဟောင်ခွင့် အော်ခွင့်
ရတဲ့ တိရစ္ဆာန်ဖြစ်ပါလျက်၊ ဘာသံမှ၊ ထွက်ခွ
မရရှာဘူး၊ အဲဒါကို၊ ငါ . . သနားမိတာ"

"ဦးတရုတ်ကြီး ပြောမှ၊ ကျွန်တော် စဉ်းစား
မိတယ်၊ သတ္တဝါတိုင်း၊ အော်ခွင့်မရကြဘူးနော်

အော်နိုင်တဲ့ သတ္တဝါရှိသလို၊ မအော်နိုင်တဲ့
သတ္တဝါတွေလည်း၊ အများကြီးပဲ၊ ခရုတို့၊ ပက်ကျ
တို့၊ တီကောင်တို့"

"အေး၊ မင်းထပ်ပြီး စဉ်းစား၊ သတ္တဝါ
အားလုံးထဲမှာ၊ လူသတ္တဝါ့တော့၊ အော်ခွင့် ဟစ်ခွ
ညည်းတွားခွင့်၊ အရဆုံး သတ္တဝါပဲ၊ အော်ခွ



ဟစ်ခွင့်ညည်းတွားခွင့်မရတဲ့ လူဆိုရင်တော့၊ အဲဒီ
လူဟာ၊ ဒီ့ခွေးအနဲ့အတူတူပဲ၊ . . . "

"လူဆိုတော့၊ နာတကျင်ရင်၊ အောင်မလေးဗျ
. . လို့၊ အော်မှာပေါ့"

"ဒါပေါ့"

✪✪✪

(၃)

ဘာကို စိတ်စွဲမိသည် မသိ၊

အိပ်မက်ထဲတွင်၊ ကျွန်တော်က၊ တိရစ္ဆာန်ပေါင်းစုံကို၊
နှိပ်စက်နေမိသည်၊ ငါးတွေကို ကျွန်တော်ကိုင်ပေါက်၏၊

"အမလေးဗျ"

ပုစွန်တွေကို၊ ကိုင်ပေါက်၏၊

"အား . . . ၊ သေပါပြီ"

တီကောင်တွေကို၊ ဆားဖြူး၏၊ ဝက်ကျိ တွေကို အားပတ်

www.burmeseclassic.com

www.burmeseclassic.com



၏။

"အား။ စပ်တယ် စပ်တယ်"

ခွေး၊ ကြောင်၊ သမင်၊ ဒရယ်. . . စသော တိရစ္ဆာန်တိုင်းကို၊ နည်းအမျိုးမျိုးဖြင့် ၊ ကျွန်တော်နှိပ်စက်၏။

"အား။ ရက်စက်လှချည်လား"

"အား။ နှိပ်စက်လှချည်လား"

အိပ်မက်ထဲတွင်၊ အနှိပ်စက်ခံရသော၊ တိရစ္ဆာန်တိုင်းသည်၊ အော်ဟစ်ခွင့်ရကြ၏။ ညည်းတွားခွင့်ရကြ၏။

✪

ထိုအိပ်မက်ထဲ၌ပင်၊ တိရစ္ဆာန်များကို နှိပ်စက်နေသူကျွန်တော့်အား၊ တစ်စုံတစ်ရာသော၊ အစုအဖွဲ့ ထုထည်ကြီးတစ်ခုက၊ ကျွန်တော့်ကို၊ ပြင်းပြင်းထန်ထန်၊ နှိပ်စက်လေတော့သည်၊

ကျွန်တော် အစွမ်းကုန်၊ အော်ဟစ်ညည်းတွား၊ တော်လှန်ဖို့ကြိုးပမ်းသည်။ပြင်းပြင်းထန်ထန် နှိပ်စက်နေသော၊ ထိုအစုအဖွဲ့ထုထည်ကြီးကို၊မော်ကြည့်မြင်တွေ့နေရပါလျက်၊ ကျွန်တော် မည်သို့မျှအော်ဟစ်၍ မရ။ အိပ်မက်၏ ထိုအခြေအနေမှ၊ "အော်ခွင့် ဟစ်ခွင့်ညည်းတွားခွင့်မရတဲ့၊ လူဆိုရင်တော့၊ အဲဒီလူဟာ၊ ဒီ, ခွေးအနဲ့ အတူတူ



ပဲ". . . ဟူသည်၊ ဦးတရုတ်ကြီး၏ စကားကို၊ ကျွန်တော်ကြားယောင်နေဖြစ်သည်။

ထို့ကြောင့်၊ ကျွန်တော်အစွမ်းကုန် အော်ဟစ်ဖို့ ကြိုးစား၏၊ မည်သို့မျှ၊ အသံမထွက်၊ "အား" . . . ဟူသော ညည်းသံကိုပင်၊ ပြုခွင့်မရ၊

ကျွန်တော်အသက်ရှုကြပ်လာ၏။ တစ်ကိုယ်လုံးလည်း၊ လှုပ်၍မရ၊ ဖိစီးနှိပ်စက်မှုပေါင်းစုံ၏ ခံစားမှုများဖြင့်၊ ကျွန်တော် အထိတ်တလန့်၊ အိပ်မက်မှ နိုးသွားရသည်၊

✪✪✪

(၄)

နိုးလျှင်၊ နိုးချင်း၊ ကျွန်တော် အိပ်ရာထက်မှ "အား". . ဟု၊ အော်ဖို့၊ အားမွေးလိုက်သည်။ ပြီးနောက် အစွမ်းကုန်အော်တစ်လိုက်သည်။

"အ. . ."

ကျွန်တော် လည်ချောင်း၊ နာကျင်နေသည်။

မည်သို့မျှ အော်ဟစ်မရ၊

ကျွန်တော် အလွန်ထိတ်လန့်နေမိသည်၊ လူစင်စစ်မှ၊

www.burmeseclassic.com

www.burmeseclassic.com



အသံထွက်ခွင့်၊ အော်ဟစ် ညည်းတွားခွင့်၊ တုံ့ပြန်တော်လှန်ခွင့်၊ မရကြရှာသော၊ အခြား သတ္တဝါတစ်ကောင်များ၊ ဖြစ်သွားလေပြီလား။ တွေးကြောက်မိ၏။

ဦးတရုတ်ကြီး သနားသွားသော၊ "ခွေးအ"တစ်ကောင်၏ အဖြစ်ဆိုးမျိုး၊ ကျွန်တော် မကြုံချင်၊ မည်သူ့ကိုမျှ မကြုံရစေချင်၊

တောထဲက "ခွေးအ"သည်ပင်လျှင်၊ သူ့မှာ အသံတစ်ခုတော့ ပိုင်ဆိုင်နေပါလိမ့်မည်၊ ၊

✪✪✪

2015- July - 21-27
[ THE FLOWER NEWS(JOURNAL) -
ပန်းသတင်းဂျာနယ် (v -11 , No -27 )

# မျောက်လက်ထဲက...သေနတ်

www.burmeseclassic.com

www.burmeseclassic.com

၁။ ကျွန်တော်ငယ်စဉ်က၊ ကာတွန်းဆရာကြီး ဦးအောင်ရှိန်၏ "ဦးစိတ်တိုနှင့် မျောက်ညို"(ကာတွန်းစာအုပ်များ)ကို၊ ဖတ်ဖူးခဲ့ပါသည်။

ထိုကာတွန်းဇာတ်လမ်းတိုင်းတွင်၊ ဦးစိတ်တိုနှင့် မျောက်ညိုသည်၊ ဘယ်သောအခါမျှ၊ မတည့်။ ဇာတ်လမ်းစဉ်တိုင်းကို၊ မမှတ်မိတော့သော်လည်း၊ ဦးစိတ်တိုကြီးသည်၊ သူ၏ နှစ်လုံးပြူးသေနတ်ကြီးဖြင့်၊ မျောက်ညိုကို၊ လိုက်လံပစ်ခတ်နေတတ်ပုံကိုတော့၊ မှတ်မိနေပါသေး၏။

✪

www.burmeseclassic.com

www.burmeseclassic.com



ကလေးသာသာ အသိဉာဏ်ဖြင့်၊ "ဦးစိတ်တိုနှင့်မျောက်ညို" ပါဝင်သော၊ ဇာတ်လမ်း တစ်ခုကို၊ ကျွန်တော်ရေးထားခဲ့ဖူးသည်။

ထိုသို့ ရေးပြီးသော၊ ဇာတ်လမ်းငယ်ကို၊ ကာတွန်းဆရာကြီး ဦးအောင်ရှိန်ထံသို့၊ စာတိုက်မှ ပေးပို့မည်ဟု၊ ရည်မှန်းခဲ့ဖူး၏။

သို့သော်၊ ဆရာကြီးထံသို့၊ မပေးပို့ဖြစ်ခဲ့ပါ။ (ကာတွန်းစာအုပ်ဖတ်ပြီး၊ မျက်နှာဖုံးမှာ၊ ဇာတ်လမ်းရေးသူအဖြစ်၊ ကိုယ့်နာမည်ကို၊ မြင်တွေ့လိုစိတ်ဖြင့်၊ ရေးသားပေးပို့လိုခြင်းမျှသာ၊ ဖြစ်ပါသည်။)

ကာတွန်း၊ ရေးဆွဲသူအနေဖြင့်၊ ကိုယ်ရေးပို့သော၊ ဇာတ်လမ်းကို၊ လက်ခံမည် လက်မခံမည်ကိုပင်၊ ကျွန်တော် မတွေးဆ,တတ်သေး။

✪

ထိုသို့သော၊ ဘာမှန်းမသိသည့် ရည်ရွယ်စိတ်ဖြင့်၊ ကျွန်တော်ရေးထားရာ၊ ကာတွန်းဇာတ်လမ်းလေး၏ အမည်မှာ . .



"မျောက်လက်ထဲက. . သေနတ်". . ဖြစ်ပေသည်။ (အဲဒီ ဇာတ်လမ်းလေးခမျှာ၊ ရည်ရွယ်ရာကို၊ မပေးပို့ဖြစ်သည့်နောက်၊ ဟိုရောက်ဒီရောက်ဖြင့်၊ ပျောက်ဆုံးသွားခဲ့ရပေပြီ)။

သို့သော်၊ အဲဒီဇာတ်လမ်းလေးကို၊ ကျွန်တော် အနည်းငယ်မှတ်မိနေပါသေး၏။

✪✪✪

၂။ ဦးစိတ်တို၏ ငှက်ပျောခြံထဲသို့၊ ခိုးဝင်ပြီး၊ မျောက်ညိုသည်၊ ငှက်ပျောသီးတွေကို၊ ခိုးခိုးစားနေကျ။ ဦးစိတ်တို ကြီးက,လည်း၊ သူ့ နှစ်လုံးပြူးသေနတ်ကြီးဖြင့်၊ မျောက်ညိုကို၊ ခြောက်လှန့်ပစ်ခတ်နေကျ။

တစ်နေ့တွင်၊ ဦးစိတ်တို အိပ်မောကျနေခိုက်၊ သူ၏ နှလုံးပြူးသေနတ်ကြီးကို၊ မျောက်ညိုယူ၍ ပြေးလေ၏။

✪

ဦးစိတ်တို သိလျှင်သိချင်း၊ မျောက်ညို [illegible]

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ မျောက်ညိုကို၊ ဘာနှင့်မျှ ပစ်စရာမရှိတော့သဖြင့်၊ လေးခွနှင့် လိုက်ပစ်၏။

ပစ်ရင်း ပြေးရင်းဖြင့်၊ မျောက်ညိုသည်၊ ရွာထဲသို့ရောက်၏။ သူကြီးအိမ်ဝင်း အတွင်းရှိ သရက်ပင် ပေါ်တွင်၊ နှစ်လုံးပြူး သေနတ်ကို၊ လူတစ်ယောက် ကိုင်သကဲ့သို့၊ မျောက်ညိုကိုင်တွယ် ထားလေသည်။ အော်လိုက်ဟစ်လိုက် လေးခွနှင့်ပစ်လိုက်ဖြင့်၊ ဒေါသပုန်ထ,နေသော ဦးစိတ်တိုကြီး၏ အသံကြောင့်၊ တစ်ရွာလုံး အုံးအုံးထ,သွားလေသည်။

✪

ဦးစိတ်တို၏ သေနတ်ကိုင်ပုံ ကိုင်နည်း၊ ပစ်ပုံပစ်နည်းကိုတုပ,မှတ်သားထားသော၊ မျောက်ညိုက၊ ဦးစိတ်တို ချိန်ရွယ်သကဲ့သို့လူတွေရှိရာသို့၊ သေနတ်ကို ချိန်ရွယ်နေတော့၏။

"ဟဲ့ စိတ်တို၊ မျောက်လက်ထဲ သေနတ်
ရောက်နေတာနော်၊ နင်. . စိတ်တိုလို့မရဘူး။
နင်က၊ လေးခွနဲ့ပစ်၊ ဟိုမျောက်က၊



သေနတ်နဲ့ ရမ်းပစ်လိုက်ရင်၊ ဒုက္ခရောက်တုန်မယ်၊
ပေစမ်း၊ နင့်လက်ထဲက လေးခွ"

ဦးစိတ်တိုမှာ သူကြီး၏လက်ထဲသို့၊ လေးခွပေးလိုက်ရပြီး၊ မြေကြီးပေါ်တွင်၊ ဆွေ့ဆွေ့ခုန်နေလေတော့၏။ ရွာသူရွာသားများမှာလည်း၊ သရက်ပင်ပေါ်သို့၊ မျောက်ညိုကို၊ ရွှေခနဲ ငွေခနဲ လုပ်ရုံမှအပ၊ မည်သည့်လက်နက်နှင့်မျှ၊ မပစ်ခတ်ရဲကြ။

"မျောက်လက်ထဲ သေနတ်ရောက်နေရင်၊
ချော့တောင်းရတယ် စိတ်တိုရဲ့၊ နင်, အတင်းသွား
လုရင်၊ နင့်ကို ဟိုက၊ ပစ်သတ်လိုက်မှာပေါ့"

"ဒီကောင်က၊ လူလိုမှ မသိတာ၊ ဘယ်လို
လုပ် ချော့တောင်းလို့ရမှာလဲ သူကြီးရဲ့"

၃။ ချော့လို့လည်း မတတ်၊ ခြောက်လို့လည်း မရနိုင်ကြသဖြင့်၊ တစ်ရွာလုံး၊ ထိတ်လန့်နေကြရစဉ်၊ ရွာထဲမှ၊ တက္ကသိုလ်ကျောင်းသားတစ်ယောက်ရောက်လာ၏။

ထိုကျောင်းသားက၊ သစ်သားဖြင့် ပြုလုပ်ထားသော၊ သေနတ် တစ်လက်ကို ကိုင်ပြထားပြီး၊ မျောက်ညို၏ အနီးဆုံးသို့၊

www.burmeseclassic.com

www.burmeseclassic.com



သွားလေသည်။

မျောက်ညိုကို ကြည့်ပြီး၊ ကျောင်းသားက၊ ခေါင်းညိတ်

ပြသည်။ (အကြိမ်ကြိမ်)။

အတန်ကြာသော်၊ မျောက်ညိုက၊ ခေါင်းလိုက်ညိတ်

ကျောင်းသားက၊ ဟိုခုန် ဒီခုန် ခုန်ပြသည်။ မျောက်

လိုက်ခုန်သည်။ ထို့နောက် .. ထို့နောက်.. အမူအရာ

လုပ်ပြ၏။ လုပ်ပြသမျှ အမူအရာတိုင်းကို မျောက်ညို လိုက်

သည်။

BURMESE CLASSIC

သေချာလောက်သော အခြေအနေရောက်တော့

ကျောင်းသားက၊ သူ့လက်ထဲက၊ သစ်သားသေနတ်အတုကို၊ အ

သို့ လွှင့်ပစ်ပြလိုက်၏။ ထိုအခါ မျောက်ညိုကလည်း၊ သူ့လက်ထဲ

နှစ်လုံးပြူးသေနတ်ကြီးကို၊ သရက်ပင်အောက်သို့၊ ပစ်ချလို

လေတော့၏။

✪

နှစ်လုံးပြူးသေနတ်ကြီးကို၊ ဦးစိတ်တို အပြေးကောက်

ပြီး၊ မျောက်ညိုကို၊ လိုက်ပစ်လေတော့၏။



"ဟဲ့၊ စိတ်တို၊ မျောက်လက်ထဲ သေနတ်
မရှိတော့ရင်၊ အန္တရာယ်မရှိတော့ဘူးလေ။ နင်,
လိုက်မပစ်နဲ့တော့"

မျောက်ညိုက ရှေ့က .. ပြေး၊ ဦးစိတ်တိုက.. လိုက်၊ ဦးစိတ်တို၏ အနောက်က.. သူကြီး၊ သူကြီး၏ အနောက်က .. ရွာသူရွာသားများ။

အားလုံးကို၊ ငေးကြည့် ကျန်ရစ်ခဲ့သူမှာ၊ မြို့က ပြန်ရောက်လာသည့်၊ (မျောက်ညို၏ လက်ထဲက သေနတ်ကို၊ လွှင့်ပစ်အောင် လုပ်လိုက်သော)၊ တက္ကသိုလ်ကျောင်းသား။

✪✪✪

၄။ ကျွန်တော်ရေးပို့ခဲ့သော၊ ဦးစိတ်တိုနှင့်မျောက်ညို၊ "မျောက်လက်ထဲက .. သေနတ်" ဇာတ်လမ်းလေးက၊ ထိုမျှသာ၊

✪

မျောက်တွေက၊ လူလုပ်သမျှကို၊ လိုက်တုတတ်တယ်.. ဆိုသည့် စကား၊ ကြားဖူးနားဝ,ဖြင့်၊ ကျွန်တော်ရေးသားခဲ့ခြင်း ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



၏။ မျောက်လက်ထဲက အုန်းသီးကို လိုချင်သူက၊ သူ့လက်ထဲအ ခဲလုံးငယ်ကို၊ အပေါ်မြှောက်ပြီး၊ ခေါင်းနှင့် တိုက်ပြသည့်အသေ အုန်းသီးရထားသော မျောက်က၊ လက်ထဲက အုန်းသီးကို အပေါ် မြှောက်ပြီး၊ ခေါင်းနှင့် တိုက်လိုက်သဖြင့်၊ မျောက်ခေါင်းမှုသွားကို လေးကို၊ ကြားဖူးထားသဖြင့်၊ ယင်းကဲ့သို့၊ ကျွန်တော် ရေးတယ်ဆို ခြင်းဖြစ်သည်။

✪

ကျွန်တော့် ငယ်စိတ်ဖြင့် ရေးသားခဲ့ရာ၊ အဆိုပါ "မျောက်လက်ထဲက သေနတ်"ဖာတ်လမ်းလေးကို၊ သူငယ်ချင်း တစ်ယောက်အား၊ ပြောပြဖြစ်၏။ အတူ ရယ်မောဖြစ်ကြသည်။

"မျောက်က၊လူလုပ်သမျှ လိုက်တုတတ် တယ်ဆိုပေမယ့်၊ လူသိသလောက်တော့၊ ဘယ်သိ ပါ့မလဲ။

မမိတဲ့အရာကို၊ လူက, ခုန်ခုပြီး၊ ယူပြီး နောက်ထပ်ခုန်တစ်လုံး၊ ထပ်ခုဖို့လို့တာ၊ သူ



မသိတော့ဘူး။

မသိတဲ့အခါကျတော့ အဲဒီခုန်ပေါ်က,နေပဲ၊ မမိရာကို၊ လှမ်းလှမ်းပြီး၊ ခုန်ယူဖို့၊ ကြိုးစားတော့ တာပဲ။ ခုန်လိုက် ပြုတ်ကျလိုက်ပေါ့ကွာ"

သူငယ်ချင်း၏ ပမာစကားက၊ ပို၍ဝင်၊ ရယ်မော ရလေ၏။

✪✪✪

၅။ ယခုအသက်အရွယ်၊ အသိတရားဖြင့်၊ ပြန်လည်သုံးသပ် ကြည့် သောအခါ၊ မျောက်လက်ထဲ သေနတ်ရောက်နေခြင်းသည်၊ အနည်းငယ်မျှသာ၊ အန္တရာယ်ကြီးပေ၏။

✪

www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ် မထည့်ဝါသော၊ လူတစ်ဦးဦး၏ လက်ထဲသို့ သေနတ်ရောက်နေခြင်းသည်၊ မျောက်လက်ထဲ သေနတ်ရောက်နေသည်ထက်မက၊ လောတ,အတွက်၊ ပို၍ပင် အန္တရာယ်ကြီးလေးလွန်းပါကြောင်း၊ ထပ်ဆင့် ထိတ်လန့် တွေးမောမိပေသည်။ ။

2015 -May - 8
2:20 (p.m)
19 May 2015
(TOMORRY JOURNAL)
No-11 Volume - 2]

www.burmeseclassic.com